www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မင်းဖြူတင်သူရ

## သားပုလဲဝင်းမင်းအောင်
## နှင့်
## ရွှေသန်လျက်

ပြန့်ချိရေး

ရန်မျိုးအောင်စာပေ

အမှတ် ၂၂၊ မွေ့စိန္တာလမ်း

ကျောက်မြောင်း၊ တာမွေ။

ဖုန်း-၀၉-၇၃၀၈၂၃၁၂

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေခြင်း | - | ၂၀၁၅ခုနှစ်၊အောက်တိုဘာလ၊ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | (၅၀၀)ကျပ် |
| ထုတ်ဝေသူ | - | ဦးသက်လွင်(သစ္စာမွန်စာပေ)(၀၀၇၇၃)<br>အမှတ်(၃၈)၊မလွှကုန်းလမ်း<br>ကျောက်မြောင်း၊တာမွေ။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ | - | ဦးသက်လွင်(၀၀၆၅၁)<br>သစ္စာမွန်ပုံနှိပ်တိုက်၊အမှတ်(၁၀၆)၊<br>တာမွေလမ်း၊တာမွေကြီး(က+ဂ)ရပ်ကွက်၊<br>တာမွေမြို့နယ်၊ရန်ကုန်မြို့။ |
| ကွန်ပျူတာ | - | ပန်းအိစံ |
| ဖြန့်ချိရေး | - | ရန်မျိုးအောင်စာပေ |
| အတွင်းပလင် | - | ကိုအောင်ကျော် |
| စာအုပ်ချုပ် | - | သစ္စာမွန် |

၈၉၅.၈၃

မင်းမြတ်သူရ

ဆားပုလင်းမင်းအောင်နှင့်ရွှေသန့်လျက်/မင်းမြတ်သူရ။

-ရန်ကုန်

သစ္စာမွန်စာပေ၊၂၀၁၅။

၂၅၄-စာ၊၁၂×၁၈စင်တီ။

(၁)ဆားပုလင်းမင်းအောင်နှင့်ရွှေသန့်လျက်




www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ကျွန်ုပ်သည် အင်းစိန်စီအိုင်ဒီရှိ ကျွန်ုပ်၏ ရုံးခန်းအတွင်း၌ တစ်လအတွင်း ဖြစ်ပျက်ခဲ့သော ရာဇဝတ်မှုခင်းများနှင့် ပတ်သက်သည့်အစီရင်ခံစာတစ်စောင်ကို ရေးသားနေလေ၏။

ထိုအချိန်၌ စုံထောက်ဦးပေါ်ဦးကြီးသည် ကျွန်ုပ်၏ ရုံးခန်းအတွင်းသို့ ရောက်ရှိလာပြီးလျှင်

'ခင်ဗျား အခန်းအောင်းပြီး ဘာတွေလုပ်နေတာလဲဗျာ၊ ကိုမင်းအောင်လဲ မရှိဘူး၊ ပျင်းလိုက်တာ၊ မဂိုလမ်းကို သွားပြီး ချစ်တီးထမင်းစားရအောင်'

ဟုဆိုလိုက်ရာ အစားအသောက်နှင့် ပတ်သက်လျှင် နှစ်ကြိမ်မခေါ်ရသော ကျွန်ုပ်က ရေးလက်စ အစီရင်ခံစာကို ရပ်ပြီး ဦးပေါ်ဦးကြီးအနောက်သို့ စိတ်အားတက်ကြွစွာလိုက်ပါခဲ့လေ၏။





ကျွန်ုပ်တို့သည် မဂိုလမ်းသို့ သွားပြီး ကုလားမချောချောလေးများ ရှိသော ချစ်တီးဆိုင်ကို ရွေးပြီး ဝင်ရောက်သွားလေ၏။ ကျွန်ုပ်တို့ဆိုင်ထဲသို့ ရောက်သောအခါ ချောမောလှပသော ကုလားမလေးများက ကြိုဆိုပြီးနေရာချပေးလေ၏။

ကျွန်ုပ်တို့ သင်ပျူးဖျာပေါ်တွင် တင်ပျဉ်ခွေ ထိုင်ပြီးနောက် ကုလားလူငယ်များက ချစ်တီးထမင်းစားရန် ဖက်ရွက်များခင်းကျင်းပေးလေ၏။ ပြီးနောက် ကုလားမလေးများက ကြေးခရားငယ်လေးနှင့် ဇလုံ၊ဆပ်ပြာတို့ကို ယူဆောင်ကာကျွန်ုပ်တို့၏ လက်များကို ဆေးကြောပေးလေ၏။

ကျွန်ုပ်တို့ လက်များဆေးကြောပြီးနောက် ဖက်ပေါ်သို့ထမင်းနှင့် ဆီပြန်ဟင်း၊ ပဲဟင်းစသော အရံ စားသောက်ဖွယ်ရာများကို တစ်ခုပြီးတစ်ခု ထည့်ပေးလေ၏။ ဖက်ထဲ၌ထမင်းဟင်းနှင့် စားသောက်ဖွယ်ရာများ စုံလင်သောအခါ ကျွန်ုပ်တို့နှစ်ဦး မြိန်ရှက်စွာ စားသောက်ကြလေ၏။

ကျွန်ုပ်တို့ စားသောက်နေစဉ် ကုလားမလေးများက ယပ်တောင်ကိုယ်စီ ကိုင်ပြီး ယပ်ခပ်ပေးနေသဖြင့် ဦးပေါ်ဦးကြီးမှာ ပြုံးဖြီးဖြီးကြီးဖြစ်နေလေ၏။

ဦးပေါ်ဦးကြီးသည် ချစ်တီးထမင်းကို ဗိုက်ကားအောင် စားပြီးနောက် ကုလားမလေးများနှင့် အကြည်ဆိုက်လိုသေးသဖြင့် ဒိန်ချဉ်



www.burmeseclassic.com

www.burmeseclassic.com



မလိုင်လုံးစသော ကုလားမုန့်များကို မှာယူစားသုံးပြန်၏။

အချိုမုန့်များ စားသုံးနေစဉ်၌လည်း ကုလားမလေးများက ယပ်တောင်တဖျတ်ဖျတ်ခတ်ပြီး ပြုစုပေးကြ၏။ ဦးပေါ်ဦးကြီးက သူ၏အနီး ရစ်ဝဲနေသော ကုလားမလေးကို မသိမသာ ကြည့်ပြီး

'ဟဲဟဲ..ကျုပ်တို့ကြီးပွါးနေတာကို ကျုပ်တို့ မိတ်ဆွေကြီး ကိုမင်းအောင်ကို မြင်စေချင်စမ်းတယ်၊ ဟဲဟဲ..ကိုမင်းအောင်တစ် ယောက်တော့ ပျင်းစရာကောင်းတဲ့ စာအုပ်ကြီးတွေထဲမှာ မျက်နှာအပ်နေမှာ မြင်ယောင်နေသေးတယ်ဗျို့'

ဟုပြောလိုက်ရာ ကျွန်ုပ်လည်း ဆားပုလင်းမင်းအောင်ကို မြင်ယောင်နေလေ၏။

ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးကြီးသည် ချစ်တီးထမင်းစားပြီးနောက် တရုတ်ဟော်တယ်များသို့ သွားပြီး မာကျောက်ကစားခြင်းဖြင့် အချိန်ဖြုန်းကြလေ၏။ ကျွန်ုပ်တို့သည် အချိန်ကို အားရအောင် ဖြုန်းတီးပြီးနောက် ညနေစောင်းသောအခါ အိမ်သို့ပြန်လာခဲ့လေ၏။





အိမ်သို့ရောက်သောအခါ ကျွန်ုပ်၏ ဇနီးမေသည် သူမ အလွန်နှစ်သက်သော ငါးခေါင်းဟင်းချိုကို ကြိုးစားပမ်းစားချက်ပြုတ်နေလေ၏။

ကျွန်ုပ်မှာမူ ဟင်းချက်အလွန်ညံ့သော မေ၏လက်ရာကို စားရတော့မယ်ဆိုပြီး စိတ်အပျက်ကြီး ပျက်နေလေ၏။

မေသည် ဟင်းချက်အလွန်ညံ့သောကြောင့် သူမ ချက်သော ငါးခေါင်းဟင်းချိုသည် ညှီစော်နံပြီး အရသာကင်းမဲ့လွန်းလှ၏။

ကျွန်ုပ်သည် ချဉ်စုတ်စုတ် ငါးခေါင်းဟင်းချိုကြီးကို စားရတော့မည်ဆိုပြီး စိတ်ပျက်လက်ပျက် ဖြစ်နေစဉ် မေ၏ ကျောင်းနေဘက်သူငယ်ချင်း မောင်မောင်စိုး အိမ်ရှေ့သို့ရောက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



'မေရေ..နင်ဘာတွေချက်နေလဲ၊နင့်ကို ငါမွေးနေ့လာ ဖိတ်တာ၊ နင်တို့လင်မယား ရောက်အောင်လာရမယ်နော်၊ အပြင်လူတွေမဖိတ်ဘူး၊ ရင်းနှီးတဲ့သူတွေပဲဖိတ်တာ'

ဟုပြောလေရာ မေက စပ်ဖြဲဖြဲမျက်နှာနဲ့

'အေး..လာခဲ့မယ်၊ ဒါပေမဲ့ နင့်မွေးနေ့မလာခင် ငါချက်တဲ့ ငါးခေါင်းဟင်းချိုကို အရင်သောက်သွားဦး'

ဟုဆိုလိုက်ရာ မေ၏ဟင်းချက်လက်ရာကို သိရှိပုံရသော မောင်မောင်စိုး၏ မျက်နှာ ရှုံမဲ့သွားပြီး

'အမလေး.. နင့်ငါးခေါင်းဟင်းချိုကို မသောက်ပါရစေနဲ့နော်၊ငါ ဖိတ်စာတွေ ဝေစရာ ရှိသေးလို့ပါ'

ဟုတောင်းပန်လိုက်လေ၏။ထိုအခါမှာ ကျွန်ုပ်ကလည်း ဝင်ပြီး သူ့ခိုးသေဖော်ညှိလိုက်ကာ

'စားလိုက်ပါမောင်မောင်စိုးရယ်..ကိုယ်မိန်းမချက်တဲ့ ငါးခေါင်းဟင်းချိုက အရသာ သိပ်ကောင်းတယ်'

ဟုဆိုလိုက်ရာ မောင်မောင်စိုးသည် ကျွန်ုပ်၏ အကြံကို ရိပ်စားမိသွားပြီး

'မေ့လက်ရာကို အစ်ကိုကြီးပဲ ဝအောင်စားလိုက်ပါဗျာ၊ ကျွန်တော်က ဖိတ်စာလေးတွေဝေဖို့ရှိနေလို့ပါ'

ဟု ငြင်းဆန်ပြန်၏။ ထိုအချိန်မှာပင် မေက မောင်မောင်စိုး၏





ရှေ့သို့ ငါးခေါင်းပန်းကန်ကြီး ချလိုက်ပြီး

'မရဘူး၊စားရမယ်၊ငါ ချက်တဲ့ ငါးခေါင်းဟင်းချိုကိုနင်မစားရင် နင့်မွေးနေ့ကို ငါမလာဘူး၊ ငါ့ယောကျ်ားလည်းနင်နဲ့အတူစားမှာပဲ'

ဟုဆိုလိုက်ရာ မောင်မောင်စိုးသည် မငြင်းဆန်နိုင်တော့ဘဲ ငါးခေါင်းဟင်းချို ပန်းကန်ကြီးရှေ့မှာ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်လေ၏။ကျွန်ုပ်လည်း ငါးခေါင်းဟင်းချို သောက်ဖို့ အဖော်ရပြီဆိုပြီး အလွန်ဝမ်းသာသွားလေ၏။မောင်မောင်စိုး မရှိလျှင် မေ့လက်ရာ ညှီစို့စို့ ငါးခေါင်းဟင်းချိုကို ကျွန်ုပ်တစ်ယောက်တည်း အောင့်အီးသည်းခံပြီး သောက်ရမှာပါ။

မောင်မောင်စိုးသည် ငါးခေါင်းဟင်းချိုကို ကြိတ်မှိတ်သောက်ပြီး ကျွန်ုပ်တို့အိမ်က အမြန်ဆုံး ပြန်ပြေး သွားလေ၏။

မောင်မောင်စိုးသည် မိဘမျိုးရိုးစဉ်ဆက် ချမ်းသာပြီး ယောက်လမ်းထဲ၌ ရွှေဆိုင်ကြီးတစ်ဆိုင်ကို ပိုင်ဆိုင်သူလည်း ဖြစ်လေ၏။

မောင်မောင်စိုးသည် လွန်ခဲ့သော ၃ နှစ်ခန့်က အလွန်ငယ်ရွယ်ပြီး အလွန်ချောမောလှပသော ရှယ်လီဆိုသော မိန်းမလှလေးနှင့် စထရင်းဟော်တယ်မှာ ကြီးကျယ်ခမ်းနားစွာ လက်ထပ်ခဲ့လေ၏။

မေသည် သူမလက်ရာ ငါးခေါင်းဟင်းချိုကို မနည်းကြိုးစားပြီး ကြိတ်မှိတ်သောက်နေသော မောင်မောင်စိုးကို ကြည့်ကာ

'ဟဲ့ ဒီလောက်ကောင်းတဲ့ ငါးခေါင်းဟင်းချိုကို သောက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



နှင့်မျက်နှာကြီးက ဘာလို့ ဒီလောက်မျက်နှာရှုံ့မဲ့နေတာလဲ၊နင်တို့ အိမ်ထောင်ရေး အဆင်ပြေရဲ့လား'

ဟုမေးလိုက်ပြန်ရာ မောင်မောင်စိုးက စားလက်စ ပန်းကန်ကိုချပြီး

'ဘာ..မပြေလည်စရာရှိလဲဟယ်၊ သူလဲ သူ့ဝါသနာနဲ့သူလုပ်တယ်၊ ငါလဲငါ့ဝါသနာငါလုပ်တယ်။ငါတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိပြီး သားပါ'

ဟုပြောလေ၏။မောင်မောင်စိုး၏ မိန်းမရှယ်လီသည် ခေတ်ရှေ့ပြေးသူတစ်ဦး ဖြစ်ပြီး ပါတီတွေမှာ အင်္ဂလိပ်သီချင်း အဆိုကောင်းသူဖြစ်လေ၏။

မောင်မောင်စိုးကမူ မိန်းမနှင့် ဆန့်ကျင်ဘက် စီးပွားရေးသမားလူရိုးကြီးဖြစ်လေ၏။ မောင်မောင်စိုးသည် မေ့လက်ရာ ငါးခေါင်းဟင်းချိုကို အောင့်အီးသည်းခံသောက်ပြီးနောက်ခြံစည်းရိုးပေါက်ကိုရောက်ရှုရှိသေး၏။မေသည် မောင်မောင်စိုး နောက်ကျောကို ကြည့်ပြီး

'သူတို့လင်မယား အဆင်ပြေတယ်လို့သာ ဆိုတယ်၊ လွန်ခဲ့တဲ့ရက်က ရှယ်လီကို စကော့မတ်ကက်မှာ ကပြားတစ်ယောက် နဲ့တွဲခုတ်လာတာတွေ့တယ်'

ဟုပြောလိုက်ရာ ကျွန်ုပ်ကိုယ်တိုင် ရှယ်လီကို ဗီယာနာကဖေးတိုက်မှာ ကပြားတစ်ယောက်နှင့် မြင်တွေ့ဖူးခြင်းကို သတိရမိလေ၏။





မောင်မောင်စိုးကဲ့သို့လူရိုးတစ်ယောက်နှင့် ခေတ်ဆန်သော ရှယ်လီ၏နောက်ကြောင်းကို တွေးပြီးရတက်မအေးနိုင်စရာဖြစ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ကျွန်ုပ်တို့လင်မယားသည် မောင်မောင်စိုးတို့ မိသားစု၏ ဝင်ဒါမီယာအိမ်ကြီးသို့ ရောက်ခဲ့လေ၏။ မောင်မောင်စိုးတို့ ခြံရှေ့၌ လူကုံထံတို့၏ အဘိုးတန်ကားများ စီတန်းပြီးရပ်ထားခြင်းကို တွေ့ရ၏။

ခြံရှေ့၌ မွေးနေ့ရှင် မောင်မောင်စိုးကို ဥရောပဝတ်စုံနှင့် ခံ့ညားညားမြင်တွေ့ရလေ၏။ မောင်မောင်စိုးသည် ကျွန်ုပ်တို့လင်မယားကို ဖော်ဖော်ရွေရွေနှုတ်ဆက်ပြီး ခြံထဲသို့ ခေါ်ဆောင်သွားလေ၏။

မောင်မောင်စိုးသည် သူမွေးနေ့ကို ခြံထဲမှာပင် မီးရောင်စုံများ ထွန်းညှိပြီး စည်စည်ကားကား ကျင်းပလေ၏။





ခြံထောင့်မှာ စင်မြင့်တစ်ခုကို မြင်ရပြီး စင်ပေါ်မှာ ပီယာနိုတစ်လုံးရှိသောကြောင့် ရှယ်လီ၏ အစွမ်းကိုမြင်ရတော့မည် ထင်ရ၏။

မောင်မောင်စိုးက ကျွန်ုပ်တို့ကို စားပွဲလွတ်တစ်လုံးသို့ ဦးဆောင်ခေါ်သွားပြီး

'အစားအစာကိုတော့ ရှိုင်ရှယ်ဟိုတယ်ကနေ မှာလိုက်တယ်၊ ဟိုတယ်က စားပွဲထိုးတွေပါ ပြီးသားဆိုတော့ အဆင်ပြေတာပေါ့'

ဟုပြောလေ၏။ကျွန်ုပ်တို့ စားပွဲထိုင်ပြီး ခဏအကြာ၌ စားပွဲထိုးများက စားသောက်ဖွယ်ရာများ ယူလာပေးလေ၏။

အကျွေးအမွေးအစီအစဉ်ကို အနောက်တိုင်းဆန်ဆန် စီစဉ်ထားသောကြောင့် ယမကာဝိုင်းလည်း ပါဝင်လေ၏။

မေသည် အရက်ပုလင်းများကို ကြည့်ပြီး နှာခေါင်းရှုံ့လိုက်ကာ

'အလွန်အကျွံမလုပ်နဲ့နော်၊ အရက်ကွဲလိမ့်မယ်'

ဟုပြောလေ၏။ ကျွန်ုပ်တို့ အစားအသောက်များကို တို့ကနန်းဆိတ်ကနန်းစားသောက်နေစဉ် စင်ပေါ်က သီချင်းသံ ကြားလိုက်ရသဖြင့် လှမ်းကြည့်လိုက်ရာ အင်္ဂလိပ်သီချင်း သီဆိုနေသော မောင်မောင်စိုး မိန်းမရှယ်လီကို တွေ့ရလေ၏။ ရှယ်လီနှင့်အတူ ပီယာနိုတီးရင်း သီချင်းသီဆိုနေသူမှာကပြားလူငယ်တစ်ဦး ဖြစ်နေလေ၏။ မေက ကပြားလူငယ်ကို ကြည့်ပြီး သက်ပြင်းချကာ

'ရှယ်လီနဲ့အတူ စကော့မတ်ကက်မှာ တွေ့တဲ့သူပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ ကျွန်ုပ်သည် ယောကျ်ားချင်းကိုယ်ချင်းစာပြီး မောင်မောင်စိုးအတွက် ရင်လေးသွားလေ၏။

ရှယ်လီနှင့် ကပြားလူငယ်သည် အပေးအယူကောင်းကောင်းနှင့် အင်္ဂလိပ်သီချင်းများ သီဆိုပြီးစင်အောက်သို့ ဆင်းလာကြလေ၏။

သူတို့စုံတွဲကို အားပေးသော လက်ခုပ်သံများနေရာအနှံ့က တဖွဲဖွဲ ပေါ်ထွက်လာ၏။ ပြီးနောက် ရှယ်လီသည် စင်ပေါ်က ဆင်းပြီး ဧည့်သည်များအား တစ်ဝိုင်းပြီးတစ်ဝိုင်းလိုက်လံဧည့်ခံနေလေ၏။

ထိုသို့ဖြင့် ညဥ့်နက်လာသောအခါ ဒင်နာတက်သူ တော်တော် များများ ယမကာအရှိန်ကြောင့် မူးယစ်ရီဝေလာလေ၏။ မွေးနေ့ရှင် မောင်မောင်စိုးကိုယ်တိုင် အရက်တစ်ခွက်ပြီးတစ်ခွက် သောက်ကာ သီချင်းများတစ်ပုဒ်ပြီးတစ်ပုဒ်အော်ဟစ်သီဆိုနေလေ၏။

မောင်မောင်စိုးသည် ကိုယ်တိုင်သောက်ရုံဖြင့် အားမရဘဲ မွေးနေ့ ပွဲလာသူအပေါင်းကို တစ်ခွက် တစ်ဖလားသောက်ရန် လိုက်လံ တိုက် တွန်းနေတယ်။ မောင်မောင်စိုးသည် တစ်ဝိုင်းပြီး တစ်ဝိုင်းပြောင်းပြီး ဧည့်ခံနေရာမှ ရှယ်လီနှင့် သီချင်းတွဲဆိုခဲ့သော ကပြားလူငယ်ရှိရာသို့ သွားပြီး

'မိုက်ကယ်..သောက်ကွာ..သောက် အစ်ကိုကိုချစ်ရင် သောက် ရမယ်'

ဆိုပြီး ဝီစကီ တစ်ခွက်ပြီးတစ်ခွက်တိုက်လေရာ ကပြားလူငယ်





သည် ငြင်းဆန်ဝံ့ပုံ မရဘဲသောက်နေလေ၏။ မောင်မောင်စိုးသည် ကပြားလူငယ် အရက်သောက်ခြင်းကို သဘောကျဟန်နဲ့ ကြည့်ပြီး

'ချစ်ညီလေး တော်တယ်ကွာ..အစ်ကိုက ဒါကြောင့်ချစ်ရတာ'

ဟုဆိုကာ တစ်ဖက်ဝိုင်းသို့ ကူးသွားပြန်၏။မောင်မောင်စိုး၏ ပုံအယာကို ကြည့်ပြီး ကျွန်ုပ်၏ဇနီးမေက

'မောင်မောင်စိုးတော့ သောင်းကျန်းနေပြီ၊မေတို့ မြန်မြန်ပြန်မှ'

ဟုတီးတိုးပြောလေ၏။ မောင်မောင်စိုးသည် ဒယီးဒယိုင်နှင့် ဝိုင်း တစ်ဝိုင်းသို့ သွားပြီးပုစွန်တုပ်ကြီး တစ်ကောင်ကို ခက်ရင်းနှင့် ထိုး စိုက်ပြီး အချဥ်ရည်ထဲမှာ နှစ်လိုက်လေ၏။ ပြီးနောက် ပုစွန်တုပ်ကို မိုက်ကယ်ရှိရာသို့ ယူသွားပြီး

'ညီလေး..ပုစွန်တုပ်စားလိုက်ဦး'

ဟုဆိုကာ မိုက်ကယ်၏ ပါးစပ်အနီးသို့ ပုစွန်တုပ်စိုက်ထားသော ခက်ရင်းကို ထိုးပေးလိုက်၏။

မိုက်ကယ်သည် ပုစွန်တုတ်ကို မမီမကမ်းနှင့် ဝါးစါးရင်း ငရုတ် ဆီ ရွှဲနစ်နေသောပုစွန်တုတ်ကြီးသည် မိုက်ကယ်၏ အဖြူရောင်ပိုးသား လည်စည်းပေါ်သို့ ကျပြီးအနီရောင် ငရုတ်ဆီများ စွန်းပေသွားလေ၏။

ထိုအခါရှယ်လီသည် မောင်မောင်စိုး အနီးသို့ ရောက်လာပြီး

'ကိုမောင်မောင်စိုး ရှင်ဘယ်လိုလုပ်တာလဲ၊ မူးမူးရူးရူးနဲ့ လူမြင် မကောင်းတော့ဘူး၊ကိုယ့်ကိုယ်ကိုယ် ထိန်းပါဦး'



www.burmeseclassic.com

www.burmeseclassic.com



ဟုအပြစ်တင်လိုက်လေ၏။ ထိုအခါမှပင် မောင်မောင်စိုးက

'အိုး..ဆောရီး မိုက်ကယ်..ဘဲရီးဆောရီးကွာ၊ ကိုယ်မူးနေပြီထင်တယ်'

ဟုတောင်းပန်လိုက်၏။ မိုက်ကယ်က လက်ကာပြပြီး

'ရပါတယ်၊ ဘရာသာ ကိစ္စမရှိပါဘူး ၊ပါတီတွေမှာ ဒါတွေရှိးနေပြီ'

ဟုပြောလိုက်ပြီး ကုတ်အင်္ကျီထဲရှိ လက်ကိုင်ပုဝါကိုထုတ်ကာ လည်စည်းပေါ်ရှိ ငရုတ်ဆီများကို သုတ်ရန်ကြံလိုက်၏။

မောင်မောင်စိုးက လက်ကာပြပြီး

'လက်ကိုင်ပုဝါနဲ့ သုတ်ရင်ပေကျံကုန်လိမ့်မယ်၊ ရေချိုးခန်းထဲမှာ ရိုးကုမ္ပဏီက ဝယ်ထားတဲ့အကောင်းစား အစွန်းချွတ်ဆေးရှိတယ်၊ ရှယ်လီရေ မိုက်ကယ်ရဲ့လည်စည်းကို သွားလျှော်ပေးလိုက်ပါ'

ဟုဆိုလိုက်ရာ မိုက်ကယ်က ရှယ်လီကို အားနာဟန်နှင့် ကြည့်လိုက်ပြီး

'ရပါတယ်၊ ရှယ်လီ ဧည့်သည်တွေကို ဧည့်ခံထားလိုက်ပါ၊ ကိုယ့်ဘာသာ သွားလျှော်လိုက်ပါ့မယ်'

ဟုပြောပြီး ထွက်ခွာသွားလေ၏။





အတန်ကြာသောအခါ မိုက်ကယ် ရေချိုးခန်းထဲက ပြန်ထွက်လာပြီး လည်စည်းတစ်ခုလုံး ဖြူဖွေးသွားခြင်းကိုမြင်ရ၏။ မိုက်ကယ်သည် မိန်းမချောလေးများ ရှိသော ဝိုင်းသို့ သွားပြီး ဝီစကီသောက်ရင်း ရယ်ရယ်မောမော ပြောဆိုနေပြန်၏။ မေက မိုက်ကယ်၏အမူအယာကို ကြည့်ပြီး

'လူပုံကြည့်ရတာမင်းသားလိုပဲ၊ ဒါပေမဲ့ အတော် ပွေမဲ့ရုပ်မဲ့ပုံပဲ'

ဟုတီးတိုးမှတ်ချက်ချလေ၏။ မေ့စကားမဆုံးမီ မိုက်ကယ်၏ ခန္ဓာကိုယ် ယိမ်းယိုင်ပြီး မြေပေါ်သို့ လဲကျသွားလေ၏။

မိုက်ကယ်ကို ကြည့်ပြီးမွေးနေပွဲတစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားပြီး မေ့မြောနေသော မိုက်ကယ်ကို အမြန်ဆုံး ဆေးရုံပို့လိုက်လေ၏။

မောင်မောင်စိုးကမူ မိုက်ကယ်ကြောင့် အမူးပြေသွားဟန်ရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်မွေးနေ့မှာ မိုက်ကယ်အခုလို ဖြစ်တာ စိတ်မကောင်းဘူး ဗျာ၊ မြန်မြန်သတိရပါစေ'

ဟုဆုတောင်းနေလေ၏။

နောက်တစ်နေ့၌ ဘိုကပြားလူငယ်လေး မိုက်ကယ်သေဆုံးသွားသည့် ဆိုသော တုန်လှုပ် ချောက်ချားဖွယ် သတင်းဆိုးကို မမျှော်လင့်ဘဲ ကြားလိုက်ရသဖြင့် ကျွန်ုပ်တို့လင်မယား နှစ်ယောက်စလုံး စိတ်မကောင်းခြင်းဖြစ်ရလေ၏။

မှုခင်းဆရာဝန်က အရက်ပျံအဆိပ်မိပြီး သေဆုံးရသည်ဟု ဆေးမှတ်ချက်ရေးခဲ့သည် ဆို၏။





အင်းစိန်စီအိုဒီသို့ ရောက်သောအခါ ကျွန်ုပ်၏မိတ်ဆွေကြီး ကိုမင်းအောင်အား လွန်ခဲ့သော ညက ပါတီပွဲ၌ ဘိုကပြားလူငယ်လေး သေဆုံးရခြင်းအကြောင်းကို စီကာပတ်ကုံး ပြောပြလိုက်လေ၏။

ဆားပုလင်းမင်းအောင်က အစအဆုံးသေချာစွာ နားထောင်ပြီး

'အံ့သြမနေနဲ့ အိုင်ပီ.. ဒါလူသတ်မှုပဲဗျ'

ဟုဆိုလေရာ ကျွန်ုပ်က ကိုမင်းအောင်စကားကို နားမလည်ဟန်နဲ့

'ဟင်..လူသတ်မှုဟုတ်လား၊ ဒါဆိုရင် တရားခံက ဘယ်သူလဲ'

ဟုမေးမြန်းလေရာ ဆားပုလင်းမင်းအောင်က သက်ပြင်းချလိုက်ပြီး

www.burmeseclassic.com



'တရားခံက မွေးနေ့ရှင် မောင်မောင်စိုးပေါ့ဗျာ၊ မောင်မောင်စိုးဟာ သူ့မိန်းမရှယ်လီနဲ့ ငြိစွန်းနေတဲ့ မိုက်ကယ်ကို ရန်ညိုးဖွဲ့ခဲ့ပုံရ တယ်၊ ဒါကြောင့် မွေးနေ့ ညစာစားပွဲမှာ မိုက်ကယ့်ကို အရက်အများကြီးသောက်ခိုင်းတယ်၊ နောက်ပြီးမိုက်ကယ်ရဲ့ လည်စည်းကို ငရုတ်ဆီတွေ စွန်းပေအောင် တမင်လုပ်ခဲ့တယ်၊ ဒါမှမိုက်ကယ်ဟာ ရေချိုးခန်းထဲ ဝင်ပြီး အစွန်းချွတ်ဆေးကို အသုံးပြုမှာကိုး'

ဟု ရှင်းလင်းပြလေရာ ကျွန်ုပ်က သိချင်စိတ်များ ထိမ်းမရဘဲ

'အစွန်းချွတ်ဆေးကိုအသုံးပြုတာနဲ့ ဘာဆိုင်လို့လဲ ကိုမင်းအောင်'

ဟုမေးမြန်းလိုက်ရာ ဆားပုလင်းမင်းအောင်က

'အစွန်းချွတ်ဆေးထဲမှာ ကယ်လ်စီယမ် ကလိုရိုက်ပါတယ်လေဗျာ၊ အရောင် အနံ့ အရသာမရှိဘူး၊အဝတ်အစား အခြောက်လျှော်ရင်လဲ သုံးလို့ရတယ်၊ မိုက်ကယ်ဟာ အစွန်းချွတ်ဆေးနဲ့နက်တိုင်လည်စည်းပေါ်က အစွန်းကိုချွတ်ရင်း ကယ်လ်စီယမ်ကလိုရိုက်ကို လုံလောက်အောင် ရှူရှိုက်လိုက်မိတယ်၊ အရက်အလွန်အကျွံ သောက်ထားတဲ့ လူတစ်ယောက်ဟာ ဒီအငွေ့ကို ရှူရှိုက်မိသွားရင် သေဆုံးနိုင်တယ်၊ သေတဲ့အကြောင်းအရင်းကိုတော့ တိတိကျကျ မဖော်ပြနိုင်ဘူး၊ ဒါကြောင့်ဆေးရုံက အရက်ပျံအဆိပ်မိကယ်လို့ ဆေးမှတ်ချက်ရေးခဲ့တာပဲ၊ တကယ်တော့ ဒီလူသတ်မှုကျူးလွန်ဖြစ်တာဟာ သဝန်တိုစိတ်





ကြောင့်ပဲဗျ၊ သဝန်တိုစိတ်ဟာ ကြောက်စရာကောင်းပါတယ်ဗျာ'

ဟုရှင်းလင်းပြလေ၏။နောင်အခါ မောင်မောင်စိုးကို ဖမ်းဆီးပြီးနောက် ဆားပုလင်းမင်းအောင် သဲလွန်စကောက်သကဲ့သို့ပင် မောင်မောင်စိုးက သဝန်တိုစိတ်ကြောင့် ကျူးလွန်ခဲ့ကြောင်း အတိအကျ ထွက်ဆိုခဲ့လေ၏။

ကျွန်ုပ်သည် မောင်မောင်စိုး၏ ထွက်ချက်ကို နားထောင်ရင်း သဝန်တိုအချစ်၏ ကြောက်မက်ဖွယ်ကောင်းပုံကို တွေးတောပြီး သက်ပြင်းရှည်ကြီးချလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သည်၌ ကျွန်ုပ်သည် အင်းစိန်စီအိုင်ဒီရှိ ကျွန်ုပ်၏ ရုံးခန်း အတွင်း၌ ထိုင်ပြီး ဝတ္ထုတိုလေး တစ်ပုဒ်ကို ရေးဖွဲ့နေလေ၏။ ထိုအချိန်၌ ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်းမင်းအောင်သည် ကျွန်ုပ်၏ ရုံးခန်း အတွင်းသို့ ဝင်လာပြီးလျှင်

'အိုင်ပီရေ..အမှုလိုက်စရာ မရှိတော့ ပျင်းဖို့ကောင်းလိုက်တာ ဗျာ၊ အခုနေများ စိတ်ဝင်စားဖို့ကောင်းတဲ့ အမှုလေးတစ်မှုလောက် လိုက် ရရင် ဘယ်လောက်ကောင်းမလဲ'

ဟုဆိုပြီး ကုလားထိုင်၌ ဝင်ထိုင်ရင်း စီးကရက်တစ်လိပ်ကို ထုတ်ကာ မီးညှိဖွာရှိုက်လိုက်လေ၏။ ကျွန်ုပ်လည်း ရေးလက်စ စာအုပ် ကို ရပ်လိုက်ပြီးလျှင်





'ကိုမင်းအောင်ကတော့ အမှုကို ဘိန်းစွဲသလို စွဲနေပြီထင်တယ်၊ အခုတလော အမှုလေးတွေ ပြတ်နေလို့ စိတ်အေးလက်အေးနဲ့ ဝတ္ထု လေးရေးကာရှိသေးတယ်၊ အိုင်ဆေးက အမှုတစ်မှုကို စောင့်တာ နေပြန်ပြီ'

ဟုကျွန်ုပ်က ပြန်ပြောလိုက်လျှင် ကျွန်ုပ်၏ မိတ်ဆွေကြီးက စီးကရက်ကို အလွန်ကြည့်ကောင်းအောင် ဖွာရှိုက်လိုက်ပြီးလျှင်

'အားလပ်ချိန် မထားဘဲ အလုပ်ထဲကို နစ်မြုပ်နေသူတွေဟာ ဒီလိုပဲ အလုပ်မရှိရင် ပျင်းရိတတ်တယ်။ ကောင်းသော ပျင်းရိခြင်းပေါ့ဗျာ၊ အင်္ဂလိပ်လိုဆိုရင်တော့ အိုင်ဒယ်လို့ ခေါ်တာပေါ့၊ ကျုပ်ကတော့ အလုပ် မရှိလို့ ပျင်းရိတဲ့ ဒဏ်ကို မခံနိုင်ဘူး၊ ဒါကြောင့် အချိန်အားမထားဘဲ တစ်ခုခု လုပ်နေရမှ ကျေနပ်တယ်ဗျာ'

လို့ဆိုလိုက်တယ်။ ထိုအခိုက်မှာပင် ကျွန်ုပ်၏ ရုံးခန်းအတွင်းသို့ ပုံတာမောင်ရွှေ ရောက်လာပြီးလျှင်

'ဆရာတို့ရေ..လက်ဖက်ခြောက်ခပ်ဖို့သာ ပြင်ပေတော့ မင်းကြီး ဆူနေပြီ၊ လူသတ်မှု ဖြစ်ပြန်ပြီထင်တယ်'

ဟုပြောလိုက်လေရာ ကျွန်ုပ်နှင့် ကိုမင်းအောင်သည် တစ် ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြလေ၏။

ထိုနောက်တွင်မူ ကျွန်ုပ်သည် ဖော်လံဖါးတက်သော ဝန်ထမ်း တစ်ယောက်ပီပီမင်းကြီး၏ ရုံးခန်းအတွင်းသို့ ဝင်ရန် ကမန်းကတန်း



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ရလေ၏။ ဆားပုလင်းမင်းအောင်ကမူ စားပွဲပေါ်တွင် တင်ထားသော ကျွန်ုပ်၏ ရေးလက်စဝတ္ထုလေးကို စိတ်ဝင်တစား ဖတ်ရှုပြီး အခန်းထဲ၌ ကျန်ရစ်ခဲ့လေ၏။

ရုံးခန်းအတွင်းသို့ ရောက်သောအခါ အင်းစိန်စီအိုင်ဒီရှိ စုံထောက်များ ဖြစ်ကြသော စုံထောက်ကိုစိန်မြင့်၊ ကိုတင်လှအစရှိသည်တို့သည် ရုံးခန်းအတွင်း မျက်နှာသေလေးများနှင့် တန်းစီနေလေရာ ကျွန်ုပ်က စုံထောက်ဦးပေါ်ဦးကြီး၏ နံဘေးတွင် ဝင်ရောက်တန်းစီလိုက်ပြီး လေသံတိုးတိုးဖြင့်

'လူယုတ်မာကြီးခင်ဗျားသိမယ်၊ကျုပ်ကို မခေါ်ဘူး'

ဟုကြိမ်းမောင်းလိုက်လေ၏။

ထိုအခိုက်မှာပင် စုံထောက်မင်းကြီးသည် ကျွန်ုပ်ကို မြင်သွားပြီးလျှင်

'မြည်းသတ္တဝါလို အပျင်းထူတဲ့ လူကလေး၊စီအိုင်ဒီမှာ အမှုမရှိမရှိဘူးဆိုပြီး ချောင်မှာ သွားအိပ်နေတယ် ပေါ့လေ၊ လူကလေးတို့မြန်မာတွေဟာ အားအားရှိတိုင်း အိပ်နေတတ်တယ်၊ ရုံးချိန်မှာ အိပ်တာကို ကျွန်ုပ်လုံးဝမကြိုက်ဘူး၊ နောင် လုံးဝမအိပ်ပါနဲ့၊ ငမိုးရိပ်ချောင်းနံဘေးက ဇရပ်မှာ လူသတ်မှုဖြစ်လို့ သဃ်န်းကျွန်းဂတ်က အကူအညီတောင်းနေပြီ၊ ဒါကြောင့် လူကလေးတို့ အမြန်ဆုံး လိုက်သွားကြပါ၊ လူသေအလောင်းကို ကြည့်ပြီး သဲလွန်စရှာကြပါ၊ စုံထောက်လုပ်ဖို့





ဘုရားသခင်က ပေးသနားလိုက်တဲ့ ဆားပုလင်း မင်းအောင်ကိုလဲ ပေါ်သွားကြပါ၊ တရားခံကို အမြန်ဆုံး မိအောင်ဖမ်းဖို့ကြိုးစားပါ'

ဟုဆိုကာ ကျွန်ုပ်တို့လူစုကို ရုံးခန်းထဲမှ မောင်းထုတ်လိုက်လေ၏။ ကျွန်ုပ်တို့လူစုသည် ရုံးခန်းအပြင်သို့ ရောက်သောအခါ ရောကြီး ရုံးခန်းအတွင်းမှ ထွက်လာသော ကျောင်းသားလေးများပမာ စိတ်လွှတ်ကိုယ်လွှတ် ဖြစ်သွားကြပြီးလျှင် စုံထောက်ဦးပေါ်ဦးကြီးက

'ခင်ဗျားကို ဝင်မခေါ်မိတာ စိတ်မရှိနဲ့ဗျာ၊ ကျုပ်လဲ အမှုဖြစ်တာ မသိဘဲ ဘုမသိဘမသိ ရုံးခန်းထဲကို ရောက်သွားတာ၊ ရုံးခန်းထဲကို တော ရောက်တော့လဲ ထုံးစံအတိုင်း မင်းကြီးရဲ့ အဆူအဆဲကို ခံရတာပေါ့ဗျာ၊ ခင်ဗျား နောက်ကျပြီး ရောက်လာတာ ကံကောင်းတယ် မှတ်ပါ၊ ကျုပ်တို့ လူစုကတော့ ကံဆိုးသူမောင်ရှင် ဖြစ်သွားတယ်ဗျို့ ဒါနဲ့ နေပါဦး၊ ခင်ဗျားကရော ရုံးချိန်မှာ ဘယ်ချောင်သွားအိပ်နေတာလဲ'

ဟုမေးမြန်းလိုက်ရာ ကျွန်ုပ်၏ မျက်နှာရှုံ့မဲ့သွားပြီးလျှင်

'မအိပ်ပါဘူးဗျာ၊ မင်းကြီးထင်ရာ လျှောက်ပြောတိုင်း ခင်ဗျားက ယုံကြည်နေတယ်၊ ကျုပ် ရုံးခန်းထဲမှာ ထိုင်ပြီး ဝတ္ထုရေးနေတာဗျ၊ ဒီလူကြီးကို ရှင်းပြရင် ကျွဲပါးစောင်းတီး သလို ဖြစ်မှာစိုးလို့ ရှင်းမပြတာ၊ မယုံရင် ကိုမင်းအောင်ကို မေးကြည့်၊ကျုပ်နဲ့အတူ ကိုမင်းအောင်လဲ ရှိတယ်'

ဟုရှင်းလင်းပြလေရာစုံထောက်ဦးပေါ်ဦးကြီးကရယ်မောလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'ယုံပါတယ်ဗျာ၊ ဒါဆိုလဲ ဆားပုလင်းမင်းအောင်ကို ခေါ်ဗျား အမှုဖြစ်တဲ့ဆီကိုသွားကြရအောင်'

ဟုပြောလေ၏။ထိုအချိန်၌ ကျွန်ုပ်တို့ ပြိုင်ဘက်စုံထောက် ကိုစိန်မြင့်တို့လူစုသည် စီအိုင်ဒီပိုင် ကားစုတ်ကြီးကို စက်နိုးပြီး မီးခိုးတလူလူနှင့် မောင်းထွက်သွားလေ၏။

စုံထောက်ဦးပေါ်ကြီးက

'ဟိုလူတွေတော့ သွားပြီဗျို့ကျုပ်တို့လဲ အမြန်လိုက်ရအောင် ကိုမင်းအောင်ကို ခေါ်ဗျာ'

ဟုဆိုပြီး ဆားပုလင်းမင်းအောင် ရှိရာသို့ သွားလေ၏။ ထိုအချိန်၌ ကိုမင်းအောင်သည် ရုံးခန်းအတွင်း၌ ထိုင်ပြီး ကျွန်ုပ်၏ ရေးလက်စဝတ္ထုကို စိမ်ပြေနပြေဖတ်ကာ

'အရေးအဖွဲ့ကတော့ ထိပ်တန်းဗျာ၊ကောင်းတယ်၊ ဒါပေမဲ့ ရွှေတူးသမားတွေရဲ့ဘဝကို ဖော်ပြတဲ့နေရာမှာ အသက်မဝင်ဘူး ဖြစ်နေတယ်၊ နည်းနည်းလေးပိုပြီး အသေးစိတ်ဖော်ပြရင်ကောင်းမယ်'

ဟုမှတ်ချက်ချလေ၏။ ကိုမင်းအောင်သည် သူ၏ ထုံးစံအတိုင်း အမှုတစ်ခုလိုက်သည့်အခါ အလောတကြီး မလုပ်ဘဲ အေးဆေးစွာ ဖြေရှင်းတတ်လေ၏။





ကျွန်ုပ်တို့ စုံထောက်ကျော်များသည် ဖို့ဒ်ကားစုတ်ကလေးကို မောင်းပြီး ငုမိုးရိပ်ချောင်းနံဘေးရှိ ဇရပ်သို့ရောက်သောအခါ စုံထောက် ကိုစိန်မြင့်တို့ လူစုနှင့်ပုလိပ်များကိုတွေ့ရလေ၏။ ဇရပ်ထိပ်၌ မနုဿရိ ဇရပ်ဆိုသော ဟောင်းနွမ်းဆွေးမြေ့နေသော ဆိုင်းဘုတ်ကို မြင်ရ၏။

ကိုစိန်မြင့်တို့ လူစုသည် ဟန်ကြီးပန်ကြီး နိုင်ဘူမျွားပီပီ ပရိသတ်ရှေ့တွင်လူတွင်ကျယ်လုပ်နေလေ၏။ စုံထောက်ကိုတင်လှသည် အလောင်းကြီးအနီးသို့ မရဲတရဲကပ်ပြီး

'ကျုပ်တို့ စီအိုင်ဒီ စုံထောက်တွေရဲ့အမြင်နဲ့ ပြောရရင် ဒီလူတွေဟာ လူဆိုးလူမိုက်တွေ ဖြစ်လိမ့်မယ်၊ လူကောင်းသူကောင်းတွေကတော့ အကာလညအခါ လူမရှိတဲ့ ဇရပ်မှာ ချိန်းမချဘူး၊သူတို့ကိုစီအိုင်ဒီ



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးစာရင်းမှာ ရှာရင် အလွယ်လေးဖမ်းမိမှာပါ'

ဟုပြောလေ၏။ကိုစိန်မြင့်ကလည်း

'ဒီလူတွေဟာ သေနတ်တွေ ဘာတွေ မသုံးနိုင်တော့ အဆင့်အတန်းမြင့်တဲ့ လူဆိုးတွေတော့ မဖြစ်နိုင်ဘူး၊ အညံ့စားအဆင့်ပဲဖြစ်လိမ့်မယ်'

ဟုညောင်နာနာအသံဖြင့် မှတ်ချက်ချပြန်၏။သေသူသည် အညိုရောင် အင်္ကျီလက်ပြတ်နှင့် သက္ကလပ်ဘောင်းဘီအနက်ကို ဝတ်ဆင်ထားပြီး တစ်ကိုယ်လုံး ဆေးမင်ကြောင်များ ထိုးထား၏။

သေသူ၏ ရုပ်ရည်မှာ တိုက်ရဲခိုက်ရဲ သေဝံ့သတ်ဝံ့သော ရုပ်ရည်မျိုးဖြစ်လေ၏။ကျွန်ုပ်က စုံထောက်ဦးပေါ်ဦးကြီးကို မသိမသာ တတောင်ဖြင့်တို့ပြီး

'ကျုပ်တို့လည်း လူအထင်ကြီးအောင် တစ်ခုခုပြောမှဖြစ်မယ်၊ တော်ကြာ စီအိုင်ဒီစုံထောက်တွေ ဘာမှတ်ချက်မှ မပေးနိုင်ဘူးလို့ အပြောခံနေရမယ်'

ဟုဆိုလိုက်ရာ ဦးပေါ်ဦးကြီးက အနောက်သို့ လှည့်ကြည့်ပြီး

'နေပါဦးဗျာ၊ကိုမင်းအောင် ပြောပါလိမ့်မယ်၊တော်ကြာ ကိုမင်းအောင် ပြောတာနဲ့ ကျုပ်တို့ပြောတာတစ်လွဲတွေဖြစ်ကုန်ရင် ပို အရှက်ကွဲမယ်'

တီးတိုးပြန်ပြောလေ၏။ ထိုအခိုက်မှာပင် လူအုပ်ထဲသို့ ဆား





ပုလင်းမင်းအောင် ရောက်လာပြီး ဂျွန်ပလေးယား မုတ်ဆိတ်စီးကရက်ကို ထောက်ခနဲ မီးညှိဖွါရှိုက်လိုက်ကာ

'ဒါဟာ လူဆိုးလူမိုက်တွေ ချိန်းဆိုပြီး တိုက်တဲ့တိုက်ပွဲ မဟုတ်ဘူး၊ ရန်ငြိုးရန်စ တစ်ခုကြောင့် ချိန်းဆိုပြီး တိုက်ကြတာဖြစ်တယ်၊ ဟူးဆန်းတာက လူသတ်သမားဟာ အသက်သုံးဆယ် ဝန်းကျင် မိန်းမတစ်ယောက်ဖြစ်နေတယ်။ ဒီမိန်းမဟာဇရပ်ကို အချိန်အစောကြီး ကြိုရောက်နေပြီး သေသူ မလာသေးတဲ့အတွက် စိတ်လှုပ်ရှားပြီး ဇရပ်လက်ရမ်းပေါ်မှာ ထိုင်စောင့်ခဲ့တယ်၊ သေသူဟာ ငမိုးရိပ် ကမ်းပါးအထိညာဘက်ဆွဲတဲ့ မြင်းရထားငှါး စီးလာပုံရတယ်။ဇရပ်ကို ရောက်လာတော့ သူတို့နှစ်ယောက် အပြင်းအထန် တိုက်ခိုက်ခဲ့ကြတယ်၊ သူတို့နှစ်ယောက်စလုံး အဆင့်မြင့်တိုက်ခိုက်ရေး ပညာရှင်တွေဖြစ်တယ်၊ သူတို့တိုက်ပွဲ ဘယ်လောက် ပြင်းတယ်ဆိုတာ ဇရပ် ပတ်ဝန်းကျင်က သစ်ပင်၊ သစ်ရွက်တွေကို ကြည့်ရင် သိနိုင်တယ်၊ ထူးဆန်းတာက တိုက်ပွဲဝင်လက်နက်တွေကို မတွေ့ရပေမဲ့ သူတို့နှစ်ယောက်ဟာ ဓားကိုယ်စီကိုင်ဆွဲပြီး တိုက်ပွဲဝင်ခဲ့တယ်၊ သေသူရဲ့လက်နက်နဲ့ တရားခံ မိန်းမရဲ့လက်နက်ကို မတွေ့ရဘူး၊ တရားခံ မိန်းမဟာ ဓားနှစ်လက်စလုံးကို ယူဆောင်သွားခဲ့တာဖြစ်နိုင်တယ်၊ ဓားတွေဟာ သာမန်လူဆိုးလူမိုက်တွေကိုင်တဲ့ ဓားမျိုးတောင် မဖြစ်နိုင်ဘူး၊ သူတို့ရဲ့ တိုက်ပွဲဟာ ဓားအတွက်တိုက်တဲ့ တိုက်ပွဲတောင် ဖြစ်ရင်ဖြစ်နေမယ်၊ သေသူရဲ့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာထိုးထားတဲ့ ဆေးမင်ကြောင်တွေဟာ သာမာန်လူတွေ အလှထိုးတဲ့ ဆေးမင်ကြောင်မျိုး မဟုတ်ဘူး၊ သိုင်းပညာ အဆင့်မြင့်မြင့် လိုက်စားတဲ့သူတွေ ထိုးလေ့ရှိတဲ့ သက်စောင့်အင်းတွေပဲ'

ဟုရှည်လျားစွာ ရှင်းလင်းပြလေ၏။ ထိုအခါ စုံထောက် ဦးပေါ်ကြီးက လက်မထောင်ပြီး

'တွေ့ပြီလားဗျ၊ ဆားပုလင်းမင်းအောင် ပြောပြီးရင် အရာရာပြီး ပြည့်စုံသွားပြီ၊ ကျုပ်ကိုပြောစရာ မလိုတော့ဘူး၊ခင်ဗျားတို့ ကျုပ်တို့ပြောရင်လဲ ဘယ်တုန်းက မှန်ဘူးလို့လဲဗျာ၊ မပြောဘဲ နေလိုက်တော့ အမှားကင်းတာပေါ့'

ဟုပြောဆိုရင်း သေသူ၏ အနီးသို့ကုန်းကြည့်နေသော စုံထောက် ကိုစိန်မြအား

'ဟေ့လူ..သေသူမှာ ရွှေသွားတွေနဲ့နော်၊ မှတ်တမ်းတင်ထားဦး၊ ရွှေသွားပျောက်လို့ ခင်ဗျား ဖြုတ်သွားတယ် ထင်နေဦးမယ်'

ဟုနောက်ပြောင်လိုက်လေ၏။ သေသူနှင့် ဇရပ်အကွာအဝေးကို ပေကြိုးဘူးကြီး ထုတ်တိုင်းနေသော ကိုတင်လှအား

'ဟေ့လူ..အပိုတွေ လုပ်မနေနဲ့၊ သေသူနဲ့ ဇရပ်အကွာအဝေးကို သိရတော့ ခင်ဗျား ဘာလုပ်မှာလဲ၊ပြောပါဦး'

ဟုဆိုလိုက်ရာ ကိုတင်လှက မျက်နှာရှုံ့မဲ့ပြီး

'ဦးပေါ်ဦး ခင်ဗျားလွန်ပြီနော်၊တာဝန်ချိန်မှာ မနောက်ပါနဲ့၊ ကျုပ်





တို့က ပါပလစ်ရှေ့မှာ အလုပ်လုပ်နေတာ၊ စီအိုင်ဒီကို လူအထင်သေးအောင်မလုပ်ပါနဲ့'

ဟုပြောလေ၏။ ဦးပေါ်ဦးကြီးက တဟားဟား ရယ်ပြီး

'လူအထင်သေးတာ မသေးတာ နောက်ထား၊ ခင်ဗျားတို့ အရည်အချင်း ရှိအောင်အရင်လုပ်၊သူများကို မနာလို မဖြစ်နဲ့၊ ဖါးတု လို့ခရုခုန်ရင် ဖင်ကျိုးရုံသာ ရှိလိမ့်မယ်'

ဟုလှောင်ပြောင်ပြန်၏။ ကိုစိန်မြင့်တို့လူစုသည် မိမိ၌ အရည်အချင်းမရှိပါပဲလျက် ဆားပုလင်းမင်းအောင်၏ အစွမ်းကို အသိအမှတ်မပြုဘဲ အသားလွတ် မနာလိုဝန်တို နေသူများဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ စုံထောက်ကျော်များသည် မနုစာရီဇရပ်မှ ပြန်လာပြီးနောက် တရုတ်ဟော်တယ်သို့ သွားပြီး တရုတ်စာဖြင့် နေ့လယ်စာ စားသောက်ကြလေ၏။ တရုတ်စာ စားသောက်ရင်း ကျွန်ုပ်က

'သဲလွန်စကောက်ပုံလေး ရှင်းပြပါဦးဗျာ၊ ပညာယူချင်လို့'

ဟုဆိုလိုက်ရာ ဦးပေါ်ဦးကြီးက အခေါက်ကင်ကို တကျွတ်ကျွတ်ဝါးရင်း

'ခင်ဗျား ပညာယူပေါင်းလဲ များပါပြီ၊ ဘာမှလဲ မတိုးတက်သေးဘူး ဟုဝင်ရောက်နှောက်ပြောင်လေ၏။ ဆားပုလင်းမင်းအောင်က ရေတစ်ခွက်ကိုသောက်ရင်း

'သေသူနဲ့ တရားခံ မိန်းမရဲ့တိုက်ပွဲပြင်းထန်တယ် ဆိုတာ အနီး





ပတ်ဝန်းကျင်က သစ်ပင်သစ်ရွက်တွေက သက်သေပြနေတယ်၊ ဒါကို ကြည့်ခြင်းဖြင့် သူတို့နှစ်ယောက်ဟာ အဆင့်မြင့် သိုင်းသမားတွေ ဆိုတာထင်ရှားပါတယ်၊ နောက်ပြီးတော့ သေသူရဲ့လက်ခုံပေါ်မှာ အညိုအမည်းစွဲနေတာကို ကြည့်ပြီး သိုင်းသမားဆိုတာ သက်သေပြနေတယ်၊ နောက်ပြီး သူ့ကိုယ်ပေါ်က ဆေးမင်ကြောင်တွေမှာ အင်းကွက်တွေ၊ နယ်နကင်းပိတ်တွေ၊ စ ခ ဗ ဝ တွေစုံနေတာပဲ၊ လက်ခုံပေါ်မှာ ထိုးထားတဲ့ အင်းကွက်နှစ်ကွက်က အဆင့်မြင့်သိုင်းပညာရှင်တွေ ထိုးလေ့ရှိတဲ့ သက်စောင့်အင်းတွေဗျ'

ဟုရှင်းလင်းပြလေ၏။ ဦးပေါ်ဦးကြီးက ဝင်ပြီး

'တရားခံဟာ မိန်းမ တစ်ယောက်ဆိုတာ ကိုမင်းအောင်ဘယ်လိုသိသလဲ'

ဟုမေးမြန်းလေ၏။ ကိုမင်းအောင်က ခေါင်းညိတ်ပြီး

'တိုက်ပွဲဖြစ်တဲ့နေရာမှာ လူကုံထံမိန်းမတွေသုံးလေ့ရှိတဲ့ ရိုးတိုက်ထုတ် ကလစ်လေးတစ်ချောင်းကို တွေ့ရတယ်၊ ဒါပေမဲ့ တရားခံဟာ စိတ်လှုပ်ရှားပြီး ရွှေသန်လျက် ဆေးပေါ့လိပ်သုံးလိပ်ကုန်အောင် သောက်ခဲ့တယ်။ နောက်တော့ သေသူ ရောက်လာပြီး သူတို့နှစ်ယောက် ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြတယ်၊ နောက်ဆုံးမှာ သေသူကို တရားခံ မိန်းမက အနိုင်ရပြီးသေသူရဲ့ဓားကို ယူဆောင်သွားခဲ့တယ်၊ သူတို့ဟာ ဓားတစ်ချောင်းအတွက် တိုက်ခိုက်ကြတယ်လို့တောင် ထင်ရှ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဆရာတူ တပည့်များ ဖြစ်နေသလား မသိဘူး၊ တရားခံမိန်းမဟာ သေသူကို သတ်ပြီးတော့ ငမိုးရိပ်တစ်ဖက်ကမ်းကပဲ ပြန်သွားခဲ့တယ်'

ဟုရှင်းလင်းပြလေရာ ဦးပေါ်ဦးကြီးက ခေါင်းတညိတ်ညိတ်နဲ့

'တော်ပါပေတယ်၊ကိုမင်းအောင်ရယ် သူတို့နှစ်ယောက် တိုက်ပွဲကို ထိုင်ကြည့်ပြီး ပြောနေသလားတောင် အောက်မေ့ရတယ်'

ဟု ချီးမွမ်းလိုက်လေ၏။ဆားပုလင်းမင်းအောင်ကမူ ဦးပေါ်ဦးကြီး၏ စကားကို မတုံ့ပြန်ဘဲ

'လှည်းတန်းလမ်းဆုံကို ခဏမောင်းပါ၊အိုင်ဗီ'

ဟုကျွန်ုပ်ကို စေခိုင်းလိုက်လေ၏။ ကျွန်ုပ်သည် ဖို့ဒ်ကားစုတ်ကလေးကို လှည်းတန်းဘက်သို့ ဦးတည်လိုက်ရလေ၏။

လှည်းတန်းလမ်းဆုံသို့ ရောက်သောအခါ ကိုမင်းအောင်က မျက်လှည့်ဝိုင်းတစ်ခုအနီး ကားရပ်ခိုင်းလိုက်ပြီး လူအုပ်အတွင်းသို့ ဝင်သွားလေ၏။မျက်လှည့်ဆရာသည် ရယ်ရွှင်ဖွယ် ရုပ်ရည် ရှိပြီး မျက်လှည့်ပြကွက် အမျိုးမျိုးပြသနေလေရာ မျက်လှည့်ဆရာ၏ ပညာကောင်းမှုကြောင့် ပရိသတ်ပွဲကျနေလေ၏။ ခဏကြာလျှင် မျက်လှည့်ဝိုင်း ပြီးစီးသွားသဖြင့် မျက်လှည့်ဆရာသည် သစ်ပင်ရိပ်သို့ သွားကာ ထမင်းချိုင့်ကို ဖွင့်ပြီး စားသောက်ရန်ပြင်လေ၏။

ထိုအခါမှပင် ဆားပုလင်းမင်းအောင်သည် မျက်လှည့်ဆရာရှိရာသို့ လျှောက်သွားပြီး





'ထမင်းဟင်းကို ကောင်းကောင်းစားပါ မျက်လှည့်ဆရာ'

ဟုဆိုလိုက်ရာ မျက်လှည့်ဆရာသည် ဆားပုလင်းမင်းအောင်ကို ...င်မင်ရင်းနှီးဟန်ဖြင့် ကြည့်ကာ

'ကိုမင်းအောင်ပါလား'

ဟုနှုတ်ဆက်လိုက်လေ၏။

ဆားပုလင်းမင်းအောင်က

'ကျုပ်ရဲ့စုံထောက်ပညာနဲ့ ခင်ဗျားရဲ့ထမင်းချိုင့်ထဲက ဟင်းကို ...နှုန်းကြည့်ရရင် ငမိုးရိပ်တစ်ဖက်ကမ်းက ခပ်ညံ့ညံ့ထမင်းဆိုင်က ...ဥချဉ်ရည်ဟင်း ဖြစ်လိမ့်မယ်'

ဟုဆိုလိုက်ရာ မျက်လှည့်ဆရာသည် အံ့သြဟန်ဖြင့် ပါးစပ် ...ဟောင်းသားဖြစ်သွားပြီး

'တော်လိုက်တာဗျာ၊ဘဲဥ ချဉ်ရည်ဟင်းကို ဘယ်လိုများသိသွား...တာတုန်း'

ဟုမေးမြန်းလိုက်ရာ ဆားပုလင်းမင်းအောင်က မျက်လှည့်ဆရာ၏ လက်ထဲရှိ ထမင်းချိုင့်ကို ယူပြီး

'မျက်လှည့်ဆရာကို မျက်လှည့်ပြန်ပြဦးမယ်၊ အခုနေများ ...ရုတ်ဟော်တယ်က အခေါက်ကင်နဲ့ ချိုချဉ်ကြော်လေးများ မစားချင် ...ူးလား'

ဟုဆိုလိုက်ရာ မျက်လှည့်ဆရာက



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုပြောလိုက်တာလဲ ကိုမင်းအောင်ရယ်၊ ကျုပ်ဘိုင်ပြတ်လို့ တရက်စာ မစားရတာကြာပြီဗျ၊ စားချင်တာပေါ့'

ဟုဆိုလိုက်လေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်က ထမင်းချိုင့်ကို မျက်လှည့်ဆရာတစ်ဦးကဲ့သို့ မန်းမှုတ်ဟန်ပြုပါ ထမင်းချိုင့်ကိုဖွင့်လိုက်ပြီး

'ဟောဒီမှာ ခင်ဗျားစားချင်တဲ့ အခေါက်ကင်နဲ့ချိုချဉ်ကြော်'

ဟုပြောလေ၏။ ထိုအခါ မျက်လှည့် ဆရာ၏ ချိုင့်ထဲတွင် အမှန်ပင် အခေါက်ကင်နှင့် ချိုချဉ်ကြော်များကို တွေ့ရသဖြင့် မျက်လှည့်ဆရာ၏ မျက်နှာဝင်းပသွားပြီး

'ကျေးဇူးပဲ ကိုမင်းအောင်ရယ်'

ဟုပြောလေ၏။

ထို့နောက် ဆားပုလင်းမင်းအောင်က မျက်လှည့်ဆရာကို တစ်စုံတစ်ခုကို တီးတိုးမေးမြန်းနေလေ၏။ မျက်လှည့်ဆရာနှင့် ဆားပုလင်းမင်းအောင် အတန်ကြာအောင် ပြောဆိုပြီး ဆားပုလင်းမင်းအောင် ကျွန်ုပ်တို့ရှိရာသို့ ပြန်လည်ရောက်ရှိခဲ့လေ၏။





ဆားပုလင်းမင်းအောင်က ကားပေါ်သို့ ရောက်ရောက်ချင်း

'မော်ဘီဘက်ကို ခဏသွားမယ်ဗျို့'

ဟုဆိုလိုက်ရာ ကျွန်ုပ်က

'သွားစရာတွေက ဆက်နေပါလား၊ အမှုက ရှုတ်ထွေးတော့မယ် ထင်တယ်'

ဟုဆိုလိုက်ရာ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်ပြီး

'ကျုပ်ထင်တာ နည်းနည်းလွဲသွားတယ်၊ အမှုက မားတစ်လက်ကြောင့် ဖြစ်တာမဟုတ်ဘူးဗျ၊ ရွှေရောင်တစ်လက်လက် တောက်ပနေတဲ့ ထန်းလျက်တစ်ချောင်းကြောင့် ဖြစ်ရတာ'



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလိုက်ရာ ကျွန်ုပ်က

'သန်လျက်က မင်းမြောက်တန်ဆာ ငါးပါးထဲမှာပါတယ် မဟုတ်လား၊ ကိုမင်းအောင်လူတွေလက်ထဲကို ဘာကြောင့် ရောက်နေရတာလဲ'

ဟုမေးမြန်းလိုက်လေ၏။ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်ပြီး

'ဒါကြောင့်လဲ အမှုက ကျုပ်ထင်တာထက်ပိုပြီး ခက်ခဲ နက်နဲနေတာပေါ့၊ မြန်မာဘုရင်တွေ ရှိအပ်တဲ့ မင်းမြောက်တန်ဆာ ငါးပါးထဲမှာ ခဂ ဆိုတဲ့ သန်လျက်ပါတယ်၊ သန်လျက်ဆိုတာ အသွားနှစ်ဖက်ပါတဲ့ ဓားတစ်မျိုးပဲလေ၊ ဓားတွေရဲ့အစွမ်းကလဲ မသေးဘူးဗျ၊ ဒုတ္တဘောင်မင်းကြီးရဲ့လက်သုံးတော်ဓားဟာ နွားလည်ပင်းကိုတောင် အကွင်းလိုက် ပြတ်အောင်ခုတ်နိုင်တယ်တဲ့၊ စစ်ကိုင်းမင်းရဲ့နန်းစဉ်တော်ဓားကလဲ ဆင်လည်ပင်းကိုတောင်ပြတ်အောင်ဖြတ်ချနိုင်တယ်တဲ့၊ အင်းဝဘုရင် မင်းခေါင်ရဲ့ဓားဟာ ငွေသားတုံး နှစ်မိုက်ခန့်အပုံကို ပြတ်အောင်ခုတ်နိုင်တယ်တဲ့၊ ပန်းပဲမောင်တင့်တယ် လုပ်တဲ့ဓားဟာအသွားရှစ်သစ်ရှိတယ်ဆိုပဲ၊ မောင်ပေါက်ကျိုင်း နဂါးကိုခုတ်တဲ့ဓားဟာ လေးလွန်းလို့ တရုတ်ကြီးခြောက်ယောက် ပိုင်း မ,တာတောင် မကြွဘူးတဲ့'

ဟုပြောပြလေရာ ဦးပေါ်ဦးကြီးက





'ကိုမင်းအောင်ကတော့ ဗဟုသုတ စုံပေ့ဗျာ'

လို့ချီးမွမ်းလိုက်တော့ ဆားပုလင်းမင်းအောင်က

'ကျုပ်ကိုမချီးကြူးနေဦးဗျ၊ကျုပ်တို့ အခုသွားမဲ့ မော်ဘီကျောင်းက ကပ္ပိယကြီးက ကျုပ်ထက်တောင် ဓားတွေနဲ့ပတ်သက်တဲ့ ဗဟုသုတစုံသေးတယ်'

ဟုပြောလေ၏။ကျွန်ုပ်က သက်ပြင်းချရင်း

' ဓားတွေအကြောင်း ထားပါတော့ဗျာ၊ မျက်လှည့်ဆရာကို ကိုမင်းအောင် ဘာလို့သွားတွေ့တာလဲ'

ဟုမေးမြန်းလိုက်လေ၏။ ဆားပုလင်းမင်းအောင်က

'ဒီလိုဗျ၊ မျက်လှည့်ကဆရာနံမည် ကာတီးလို့ခေါ်တယ်၊ သူက မိုးရိပ်ချောင်းနံဘေးက မနုစာရီဇရပ်မှာနေတယ်၊ကိုကာတီးဟာ ဇရပ်ပျက်ကြီးကို တရားခံမိန်းကလေး ရောက်လာလို့ မသက်သာဘူးဆိုပြီး ရပ်ပျက်ကြီး ခေါင်မိုးပေါ်တက်ပုန်းနေတယ်။ နောက်တော့ သေသူရောက်လာပြီး ဇရပ်အရှေ့မှာ တိုက်ခိုက်ကြတယ်၊သူတို့နှစ်ယောက် တိုက်ပွဲကို ကိုကာတီးက မျက်မြင်ကိုယ်တွေ့တွေ့လိုက်ရတယ်၊ သေသူကိုင်ဆောင်တဲ့ လက်နက်က ဓားရှည်မဟုတ်ဘူးဗျ၊ ရွှေရောင်တဝင်းဝင်းလက်နေတဲ့သန်လျက်ဗျ၊ သန်လျက်ကို အကြောင်းပြုပြီး တိုက်ပွဲဖြစ်တယ်ဆိုတာ ကိုကာတီးနားစွန်နားဖျား ကြားခဲ့တယ်၊ တရားခံ မိန်းမကိုလရောင်နဲ့မြင်ရတာကတော့ အလွန် ချောမောလှပတယ်လို့ဆိုတယ်



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ ကျွန်ုပ်မောင်းနှင်လာသော ဖို့ဒ်ကားလေးသည် မော်ဘီမြို့စွန်သို့ ရောက်သောအခါ မြေနီလမ်းလေးအတိုင်း ချိုးဝင်ပြီး တောရကျောင်းလေး တစ်ကျောင်းရှေ့တွင် ရပ်လိုက်၏။

ဆားပုလင်းမင်းအောင်နှင့် ကျွန်ုပ်တို့သည် တောရကျောင်း ဆရာတော်ကို ဝင်ရောက်ဖူးတွေ့ပြီး ကပ္ပိယကြီး မော်ဘီမြို့ထဲသို့ သွားသည်ဆိုသဖြင့် ကားကို မြို့ထဲသို့ ပြန်ထွက်ခဲ့လေ၏။

ထိုအခါ စုံထောက်ဦးပေါ်ဦးကြီးက ဗိုက်ဆာသည် ဆိုလာသဖြင့် ကာကာဆိုင်ကြီး တစ်ဆိုင်သို့ ဝင်ကာနွားနို့နှင့် မုန့်များကို မှာယူစားသောက်ကြလေ၏။ ထိုအခိုက်မှာပင် ဆိုင်ထဲသို့ သန်မာထွားကြိုင်းပြီး ရုပ်ရည်ကြမ်းတမ်းသော လူတစ်ဦး ဆောင့်ကြွားကြွားအမူအယာနှင့် ဝင်ရောက်လာလေ၏။

ထိုသူသည် လူမိုက်ဖြစ်ပုံရပြီး စားပွဲတိုင်းရှိ သူတစ်ပါးမှာယူထားသော လက်ဖက်ရည်များကို တစ်ငုံချင်း လိုက်သောက်နေလေ၏။ ဆိုင်ထဲရှိလူများသည် ထိုလူမိုက်၏ အပြုအမူကို နှစ်သက်ဟန် မရှိသော်လည်း မပြောဝံ့သောကြောင့် ငြိမ်သက်ပြီး ထိုင်နေကြရ၏။ အချို့သတ္တိနည်းသူများသည် လူမိုက်အနီးသို့ ရောက်သည်နှင့်လက်ထဲရှိ လက်ဖက်ရည်ပန်းကန်ကို လက်နှစ်ဖက်ဖြင့် တရိုတသေ ကိုင်ဆောင်ပြီး လူမိုက်သောက်ရန် ကမ်းပေးလေ၏။

ကျွန်ုပ်နှင့် ဦးပေါ်ဦးသည် လူမိုက်၏ အပြုအမူကြောင့် တစ်





ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ပြီးကျွန်ုပ်က လေသံတိုးဖြင့်

'ဒီနေ့မှ ကျုပ်တို့နှစ်ယောက်စလုံး သေနတ်ထည့်မလာခဲ့ဘူး၊ ဒီကောင်ကြီးကို လက်ချည်းဗလာနဲ့ ခုခံရင်လဲ ကိုယ့်သေတွင်းကိုယ်တူးသလို ဖြစ်မယ်၊ကျုပ်တော့ စီအိုင်ဒီက စုံထောက်အရာရှိကြီးတွေလို့ ဖွင့်ပြောလိုက်ချင်တယ်၊ ကောင်းမလား'

လို့ဆိုလိုက်တော့ ဦးပေါ်ဦးကြီးက

'မကောင်းဘူးဗျို့ ကျုပ်တို့စကားနားထောင်ရင် တော်သေးတယ်၊ နားမထောင်ဘဲ စီအိုင်ဒီအရာရှိလဲနားမလည်ဘူး၊ လက်ဖက်ရည်သောက်ရမှကျေနပ်မယ်ဆိုပြီး လုသောက်နေရင် ခက်မယ်'

ဟုပြောလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်က ဝင်ရောက်ပြီး

'ကျုပ်တစ်ယောက်လုံး ရှိနေတာ၊ အိုင်ပီတို့ကို မဲ့တစ်ပေါက်အစွန်းခံရမလားဗျ၊ ကျုပ်ပညာပေးလိုက်မယ်၊ ခဏကြည့်နေ'.

ဟုဆိုလိုက်လေ၏။ထိုအချိန်၌ လူမိုက်ကြီးသည် ကျွန်ုပ်တို့ဝိုင်းသို့ ရောက်လာပြီး ကျွန်ုပ်၏ လက်ဖက်ရည်ခွက်ကို လှမ်းကိုင်လိုက်၏။

ဆားပုလင်းမင်းအောင်က လူမိုက်ကို မထေမဲ့မြင် ကြည့်လိုက်ပြီး လက်ထဲရှိ စီးကရက်မီးဖြင့် လူမိုက်၏ လက်ကိုထိုးချေလိုက်ရာ လူမိုက်ငယ်သံပါအောင် အော်ဟစ်ပြီးလက်ထဲရှိ လက်ဖက်ရည်ခွက်ကို လွှ



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်လေ။ ဆိုင်ထဲရှိ လူအပေါင်းသည် ကျွန်ုပ်တို့ဝိုင်းကို ကြည့်ပြီး ထိတ်လန့်တုန်လှုပ်သွားလေ၏။

လူမိုက်ကြီးသည် ဆားပုလင်းမင်းအောင်ကို ဒေါသပုန်ထသွားပြီး ခါးကြားတွင် ဆောင်ထားသော ဓားကိုထုတ်လိုက်ကာ လေထဲတွင် မြှောက်ယမ်းပြီး

'သေပေတော့'

ဟုဝမ်းခေါင်းသံကြီးဖြင့် အော်ဟစ်လိုက်လေ၏။ ဆားပုလင်းမင်းအောင်ကမူ တုန်လှုပ်ဟန်မရှိဘဲ အေးဆေးစွာ စောင့်ကြည့်နေလေ၏ ထိုအခိုက်မှာပင် လူမိုက်ကြီး၏ အနောက်မှ

'ရပ်လိုက်စမ်း'

ဟူသောအသံကို ကြားရလေ၏။

အသံရှင်မှာ တစ်ကိုယ်လုံး ထိုးကွင်းမင်ကြောင်များထိုးထားသော ယောင်တစ်စောင်းနှင့် လူကြီး တစ်ဦးဖြစ်လေ၏။လူမိုက်ကြီးသည် ယောင်တစ်စောင်းနှင့်လူကြီး၏ အမိန့်ကြောင့် လက်ထဲတွင် ကိုင်ထားသော ဓားကိုချလိုက်လေ၏။

ယောင်တစ်စောင်းနှင့်လူကြီးက

'သူဟာ မြန်မာပြည်စုံထောက်အဖွဲ့က အတော်ဆုံးစုံထောက် ဆားပုလင်းမင်းအောင်လို့ ခေါ်တယ်၊သူဟာ မင်းလိုလူမိုက်မျိုး ဆယ်ယောက်လောက်ကို တစ်ပြိုင်တည်း အရကြိုသောက်ပစ်လို့ရတယ်၊





သူ့ကို ပြန်တောင်းပန်လိုက်စမ်း၊ ငါသာအလာနောက်ကျရင် မင်းတော့ နာကျင်ကျိုးပဲ့ဦးမှာ သေချာတယ်'

ဟုပြောလေ၏။လူမိုက်အပါအဝင် ဆိုင်ထဲရှိ လူများသည် ဆားပုလင်းမင်းအောင် ဟူသောအသံကို ကြားသဖြင့် လွန်စွာအံ့ဩသွားလေ၏။လူမိုက်ကြီးသည် ဆားပုလင်းမင်းအောင်ကို တုန်လှုပ်ဟန်ဖြင့် ကြည့်ပြီလက်အုပ်ချီကာ

'တောင်းပန်ပါတယ် ဆရာ'

ဟုပြောပြီး ဆိုင်ထဲမှ တချိုးတည်း လစ်ပြေးလေ၏။ ကိုမင်းအောင်က ယောင်တစ်စောင်းနှင့် လူကြီးကို ကြည့်ပြီး

'ခင်ဗျား နေတဲ့ တောရကျောင်းကို ရောက်သေးတယ်၊မြို့ထဲကို သွားတယ်ဆိုလို့ လိုက်လာခဲ့တာပဲ'

ဟုဆိုလိုက်ရာ ယောင်တစ်စောင်းနှင့် လူကြီးသည် ကျွန်ုပ်တို့ လိုက်လံရှာဖွေနေသော ကပ္ပိယကြီး ဖြစ်ကြောင်းသိလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ကပ္ပိယကြီးကို ကျောင်းသို့ပြန်လည်ခေါ်ဆောင်လာခဲ့လေ၏။ ဆားပုလင်းမင်းအောင်သည် တောရကျောင်းအနောက်ရှိ ကပ္ပိယကြီး၏ ဆွမ်းချက်ရုံလေးသို့ ဝင်ရောက်သွားလေ၏။

ဆားပုလင်းမင်းအောင်နှင့် ကပ္ပိယကြီးတို့ စကားလက်ဆုံကျနေစဉ် ကျွန်ုပ်နှင့် ဦးပေါ်ဦးသည် တောရကျောင်းအနောက်ဘက်ရှိ စမ်းချောင်းလေးသို့ သွားကာ တခဏမျှ အမောအပန်းဖြေလေ၏။

ဆားပုလင်းမင်းအောင်သည် အတန်ကြာလျှင် ကျွန်ုပ်တို့ ရှိရာသို့ ပြန်လည်ရောက်ရှိလာပြီး လေးနက်သောအမူအယာနှင့်

'အမှုက ပိုရှုပ်ထွေးလာပြီ၊ စီအိုင်ဒီကို ပြန်ကြမယ်'

ဟုပြောလေ၏။





ဆားပုလင်းမင်းအောင်သည် တစ်လမ်းလုံး တိတ်ဆိတ်ငြိမ်သက်စွာလိုက်ပါလာသဖြင့် ကျွန်ုပ်က

'ကိုမင်းအောင် အမှုထဲကို နစ်ပြီး စဉ်းစားနေတာ အာခိမိဒီကြီး လမ်းပေါ်ကို ဝစ်လစ်စလစ် ပြေးထွက်သွားတာကိုမြင်ယောင်မိတယ်'

ဟုနောက်ပြောင်လေ၏။ ထိုအခါ ဦးပေါ်ဦးကြီးက

'ဘယ်လို အာခိမိဒီကြီး လမ်းပေါ်ကို ဝတ်လစ်စလစ် ပြေးထွက်သွားတာလဲ'

ဟုမေးမြန်းလိုက်လေ၏။

ထိုအခါ ဆားပုလင်းမင်းအောင်က ဝင်ပြီး

'အာခိမိဒီက ရေချိုးကန်ထဲမှာ တစ်ချိန်လုံးနစ်ပြီး စဉ်းစားတွေးခေါ်နေတုန်း အရာဝတ္ထုတွေ ရေထဲမှာ နစ်သွားတဲ့အချိန်မှာ လျော့ကျသွားတဲ့ အရည်ရဲ့အလေးချိန်ဟာ အရာဝတ္ထုက ဖယ်လိုက်တဲ့ အရည်ရဲ့အလေးချိန်နဲ့ တူနေတယ်ဆိုတာ ရုတ်တရက် သိသွားတော့ ဝတ်လစ်စလစ်နဲ့ လမ်းပေါ်ကို ပြေးထွက်သွားပြီး ဝမ်းသာအားရနဲ့

'ငါသိပြီ၊ ငါတွေ့ပြီဟေ့ လို့ ကြွေးကြော်တာကို ပြောတာဗျ'

ဟုရှင်းလင်းပြလေ၏။ ကျွန်ုပ်က သက်ပြင်းချပြီး

'အမှုက ခက်ခဲနက်နဲနေရင်တော့ ဒုက္ခပါပဲ၊ မင်းကြီးဆူတာ ကြိမ်းတာကို ခံရတော့မယ်'

ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်က သက်ပြင်းချလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'မပူပါနဲ့ဗျာ၊ ကရားခံကို ကျုပ်မရရအောင် ဖမ်းဆီးပေးမယ်'

ဟုကတိပေးလေ၏။ထိုအခါ စုံထောက်ဦးပေါ်ဦးကြီးက

'ဆားပုလင်းမင်းအောင်ဆိုတာ စုံထောက်လုပ်ဖို့ ဘုရားသခင်က ပေးသနားထားတဲ့လူပဲ'

ဟုအားပါးတရ ချီးမွမ်းလိုက်လေ၏။

ဆားပုလင်းမင်းအောင်ကမူ ကျွန်ုပ်တို့စကားကို မကြားပြန်ဘဲ ငြိမ်သက်လို့သာနေလေ၏။





နောက်တစ်နေ့တွင် ကျွန်ုပ်တို့ စီအိုင်ဒီသို့ရောက်သောအခါ ဆားပုလင်းမင်းအောင်က

'သေသူရဲ့ လိပ်စာကို သိပြီဗျို့ကျုပ်တို့ ဗဟန်းကြားတောရလမ်းက ခြံကြီးတစ်ခြံကို သွားကြမယ်၊ သေသူရဲ့ညီက သူ့အစ်ကို ပျောက်ဆုံးကြောင်း ဗဟန်းဂါတ်မှာတိုင်ချက်ဖွင့်ထားတယ်၊ သေသူရဲ့ အမည်က ကိုမွားလို့ခေါ်တယ်'

ဟုပြောလေ၏။ ကျွန်ုပ်တို့ကား ကြားတောရလမ်းကို ရောက်တဲ့အခါ အတော်အသင့် ခမ်းနားကြီးကျယ်သော အိမ်ကြီး ရှေ့တွင် ကားကို ရပ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီး၏ ခမ်းနားကြီးကျယ်ပုံကို ကြည့်ပြီး ကိုပွားဆိုသူ၏ စီးပွားဥစ္စာကို ခန့်မှန်းမိလေ၏။ ကိုပွားကဲ့သို့ ကြွယ်ဝချမ်းသာသူတစ်ဦးသည် မနုစာရီဇရပ်မှာ အဘယ်ကြောင့် သေဆုံးနေသည် မသိချေ။

ကျွန်ုပ်တို့ အိမ်ကြီး၏ ဧည့်ခန်းထဲသို့ ဝင်ရောက်သွားသောအခါ အသက်သုံးဆယ် ဝန်းကျင်လူတစ်ဦးက ကြိုဆိုပြီး

'ကျွန်တော်နံမည် ဖိုးစိန် လို့ခေါ်ပါတယ်၊ကျွန်တော်က သေဆုံးသွားတဲ့ ကိုပွားရဲ့ညီပါ၊စုံထောက်အရာရှိကြီးတွေ မေးချင်တာကို မေးနိုင်ပါတယ်'

ဟုပြောလေ၏။ ကျွန်ုပ်တို့ စုံထောက်ကျော်များသည် သေသူကိုပွား၏ ကြမ်းတမ်းသော ရုပ်ရည်နှင့် လူငယ်၏ မွန်ရည်သော ရုပ်ရည် ကွာခြားနေပုံကိုအံ့သြနေမိ၏။

ဆားပုလင်းမင်းအောင်က

'ညီအရင်းလား'

ဟုမေးမြန်းလိုက်ရာ လူငယ်က ခေါင်းခါယမ်းပြီး

'မွေးစားတာပါ၊ တစ်ခါက ပဲခူးရိုးမထဲမှာ ကိုပွားတောလည်ထွက်တော့ ကျွန်တော်က လမ်းပြ လုပ်ပေးရင်း ကျားနဲ့တွေ့တော့ သက်စွန့်ဆံဖျား ဝင်ရောက်တိုက်ခိုက်ပေးခဲ့တယ်၊ ဒီအချိန်ကစပြီး ကိုပွားကကျွန်တော့်ကိုကျေးဇူးရှင်တစ်ယောက်လို သဘောထားပြီး ညီအဖြစ် မွေးစားခဲ့ပါတယ်'





ဟုပြောလေ၏။ဆားပုလင်းမင်းအောင်က

'ကိုပွားအိမ်က ထွက်ကာနီးမှာ ကိုဖိုးစိန်ကို ဘယ်လိုမှာကြားခဲ့သလဲ'

လို့မေးမြန်းလိုက်တယ်။ ကိုဖိုးစိန်က မျက်မှောင်ကြုတ်ပြီး

'ကိုပွားဟာ အားလပ်ရက်တွေမှာ တရုတ်ဟော်တယ်တွေသွားပြီး လောင်းကစားလေ့ရှိတယ်၊ ဒါပေမဲ့ ဒီတစ်ခါထူးဆန်းတယ်၊ သူ့အလွန်တန်ဘိုးထားတဲ့ ရွှေသန်လျက်ကြီးကို သူနဲ့တစ်ပါတည်း ယူဆောင်သွားတယ်၊ ကျွန်တော် ကိုပွားကို မေးမလို့ ကြံသေးတယ်၊ ဒါပေမဲ့ ကိုပွားက စပ်စုတာ မကြိုက်လို့ မမေးခဲ့မိဘူး၊ ကိုပွားဟာ အိမ်က ထွက်ကာနီး ကျွန်တော့်ကို ထူးဆန်းတဲ့ စကားတစ်ခွန်း ပြောခဲ့တယ်၊ ဘာကယ်လို့ လူလောကကြီးမှာ သူမရှိတော့ဘူး ဆိုရင် ရန်ကုန်မြို့မှာမနေဘဲ တောကို ပြန်ရင်လဲ ပြန်နိုင်တယ်လို့ပြောတယ်၊ ကျွန်တော်က ကိုပွားစကားထူးဆန်းတယ်လို့ ထင်မိသေးတယ်၊အခုတော့ ကိုပွားသေရှာတယ်၊ သူဒီလိုအဖြစ်ဆိုးနဲ့ကြုံမယ်ဆိုတာကြိုသိနေသလားမသိဘူး'

ဟုပြောရင်း ဝမ်းနည်းဟန်ဖြင့် အံကိုကြိတ်လိုက်လေ၏။ ဆားပုလင်းမင်းအောင်က

'ကိုပွား တန်ဘိုးထားတယ်ဆိုတဲ့ ရွှေသန်လျက်ကြီးရဲ့လက်ကိုင်မှာ ပတ္တမြားသုံးလုံးမြုပ်နှံထားတယ် မဟုတ်လား'

ဟုမေးမြန်းလိုက်ရာကိုဖိုးစိန်က ခေါင်းညိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်၊ ရွှေသန်လျက်ရဲ့ လက်ကိုင်မှာ ပတ္တမြားသုံးလုံး မြှုပ်ထားတယ်၊ ကိုပွားအမြတ်နိုးဆုံး ပစ္စည်းဟာ ရွှေသန်လျက်ပါ၊ ကိုပွား ကို ရွှေသန်လျက်အကြောင်း မေးမြန်းကြည့်ပေမဲ့ ကိုပွားက ဘယ်တော့မှ ဖြေလေ့မရှိဘူး'

ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်က ကိုဖိုးစိန်ကို ကြည့်ပြီး

'ကိုပွားဆီကို ဒီရက်ပိုင်းက စာတိုက်က စာတွေဘာတွေ မလာ ဘူးလား'

ဟုမေးမြန်းလေ၏။ ကိုဖိုးစိန်က မျက်မှောင်ကြုတ်ပြီး

'ဟာ..ဟုတ်ပြီ..ကျွန်တော် မှတ်မိပြီ၊ လွန်ခဲ့တဲ့ရက်က စာတစ် စောင်လာတယ် ထင်တယ်၊ ကျွန်တော် ကိုပွားအိပ်ခန်းထဲမှာ သွားရှာ ပေးမယ်'

ဟုပြောပြီး အိမ်ကြီး၏ အပေါ်ထပ်သို့ တက်သွားပြီး စာအိတ် တစ်အိတ်ကို ကိုမင်းအောင်၏ လက်ထဲသို့ထည့်လိုက်လေ၏။

ကိုမင်းအောင်က စာအိတ်ထဲရှိ စာကိုထုတ်ဖတ်လိုက်ပြီး

'ကိုပွားရဲ့ မွေးဇာတိကို သိပါသလား'

လို့မေးမြန်းလိုက်၏။ ကိုဖိုးစိန်က ခေါင်းခါယမ်းပြီး

'ကိုပွားက သူ့ဘဝနောက်ကြောင်းကို ပြောလေ့မရှိဘူး၊ လျှို့ဝှက် ထားလေ့ရှိတယ်'

ဟုပြောပြလေ၏။ ကိုမင်းအောင်က ကိုဖိုးစိန်ကို မျက်လုံးချင်း





ဆုံအောင်ကြည့်ပြီး

'ကိုပွားမသေခင်မှာ ဒီအိမ်ကြီးမှာ ထူးထူးခြားခြား ဘာဖြစ်သေးလဲ'

ဟုမေးမြန်းလေရာ ကိုဖိုးစိန်က ဆားပုလင်းမင်းအောင်ကို မျက် လုံးချင်းဆုံအောင်မကြည့်ဘဲ ခေါင်းငုံ့ကာ

'ဘာမှ ထူးထူးခြားခြား မဖြစ်ပါဘူး၊ အရင်အတိုင်းပါပဲ'

ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်က အိမ်ကြီးရဲ့ ပတ်ဝန်း ကျင်ကို လှည့်လည်ကြည့်ရှုပြီး

'ဒီလောက်ဆိုရင် လုံလောက်ပါပြီ ကိုဖိုးစိန်၊ စာအိတ်ကို သက် သေခံအဖြစ် သိမ်းခွင့်ပြုပါ'

ဟုဆိုပြီး ကိုပွား၏ အိမ်က ပြန်လာခဲ့လေ၏။

ကိုဖိုးစိန်ဆိုသူသည် အိမ်ကြီး၏ ညှော်ခန်းအတွင်း ကျွန်ုပ်တို့ ထောက်ကျော်များ ထွက်ခွာသည်အထိ တွေဝေငေးမောပြီး ကျန်ရစ် ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းမင်းအောင်က အပြန်လမ်း၌ စာအိတ်ထဲကစာကို ကျွန်ုပ်၏ လက်ထဲသို့ ထည့်ပြီး

'သေသူကိုပွားနဲ့ တရားခံ မိန်းမ ချိန်းဆိုတဲ့ စာကို ရပြီ'

ဟုပြောလေ၏။ ကျွန်ုပ်ကစာကို ဖတ်ရှုလိုက်သောအခါ

*သစ္စာဖောက်ကိုပွား*

*ရွှေသန်လျက်နဲ့ ရှင့်အသက်ကို ပြန်ယူဖို့ ကျွန်မလာပြီ၊လပြည့်ည သန်းခေါင်ယံအချိန်မှာ ငမိုးရိပ်ချောင်းနံဘေးက မနုစာရီ ဇရပ်ကိုလာခဲ့ပါ၊ ရှင်နဲ့ ကျွန်မ သူသေကိုယ်သေ တိုက်ခိုက်ပြီး ရှင်သေရင် ရွှေသန်လျက်ကို ဆရာသခင်ရဲ့ အုတ်ဂူမှာ ပြန်ပြီး မြှုပ်နှံမယ်၊ကျွန်မသေရင်တော့ အရာအားလုံး ပြီးဆုံးသွား ပြီပေါ့...* *(ကြေးမုံ)*





ဆားပုလင်းမင်းအောင်က သက်ပြင်းချပြီး

'သဲလွန်စကောက်လို့ ရသမျှကတော့ သေသူနဲ့တရားခံ မိန်းကလေးဟာ တစ်ဆရာတည်းထွက်တယ်၊သေသူဟာ ဆရာသခင်ကို သစ္စာဖောက်ဖျက်ခဲ့ပုံရတယ်၊ တရားခံမိန်းမရဲ့ နံမည်က မကြေးမုံတဲ့၊ မကြေးမုံဟာ အသက်သုံးဆယ်ဝန်းကျင်ရှိပြီး ချောမောလှပတယ်၊ သူတို့ဟာ အဘိုးထိုက်တန်တဲ့ ရွှေသန်လျက်တစ်လက်အတွက် တိုက်ပွဲဝင်ခဲ့ကြတယ်၊ နောက်တစ်ခုက ကိုဖိုးစိန်ဟာ ကျုပ်တို့ကို တစ်ခုခုထိမ်ချန်ပြီး ပြောလိုက်ပုံရတယ်၊ သူဟာ တစ်စုံတစ်ယောက်ကိုကာကွယ်နေ သလိုပဲ'

ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့၌ စုံထောက်ဦးပေါ်ဦးကြီးသည် နေ့စဉ်ထုတ်သတင်းစာများကို ဖတ်ရှုပြီး

'သတင်းစာတွေကတော့ ရေးကွက်ရှာပြီး ရေးနေပြီဗျို့ ကျုပ်တို့မင်းကြီးကို ရေနွေးအိုးတည်ပေးနေပြီ၊ ကြာရင် ဆူတော့မယ်၊ကျုပ်တို့ စီအိုင်ဒီမှာ နေလို့ မဖြစ်ဘူး၊ကိုမင်းအောင်ဆီသွားကြမယ်'

ဟုပြောကာ ဆားပုလင်းမင်းအောင် နေထိုင်ရာ အမှတ်(၇) အသောကလမ်း နေအိမ်သို့ ထွက်ခဲ့လေ၏။ ဆားပုလင်းမင်းအောင်၏ နေအိမ်သို့ရောက်သောအခါ ကိုမင်းအောင်က စာအုပ်ပုံကြီးထဲမှာ ခေါင်းနှစ်နေရာမှ

'လာဗျို့ကျုပ် ဒီနေ့ စာဖတ်စရာရှိလို့ စီအိုင်ဒီကို မလာခဲ့တာပဲ'





ဟုပြောလေ၏။ကျွန်ုပ်က

'ဘာစာအုပ်တွေ ဖတ်နေတာလဲ'

ဟုမေးမြန်းလိုက်၏။ ဆားပုလင်းမင်းအောင်က

'ကျုပ်တို့ မော်ဘီ ကတောရကျောင်းက ယောင်တစောင်းကပ္ပိယကြီးနဲ့ သွားတွေ့တာ မှတ်မိလား'

ဟုပြောလေ၏။ ကျွန်ုပ်က ခေါင်းညိတ်ပြီး

'မှတ်မိပါတယ်၊ ကိုမင်းအောင်'

လို့ဆိုလိုက်တော့ ဆားပုလင်းမင်းအောင်က

'ကပ္ပိယကြီးဟာ အားဝါသနာအိုးကြီးဗျ၊ သူ့ဆီမှာ မြန်မာ့ရှေးဟောင်းခားတွေနဲ ပတ်သက်တဲ့ မှတ်တမ်း အကုန်ရှိတယ် ၊ ဒါကြောင့် ရှုသန့်လျက်နဲ့ ပတ်သက်တဲ့အကြောင်းကို သူ့ဆီမှာ စုံစမ်းကြည့်တာ၊ ရှုသန့်လျက်နဲ့ ပတ်သက်ပြီး ကပ္ပိယကြီးဆီက သဲလွန်စတစ်ခုရတယ်၊ ရှုသန့်လျက်ကို ယိုးဒယားနယ်စပ် ဆင်ဖြူတိုင်ရွာက သိုင်းပညာကျောင်းတစ်ကျောင်းမှာ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းထိန်းသိမ်းရှိတယ်လို့ဆိုတယ်၊ မကြေးမုံနဲ့ ကိုပွားဟာ ယိုးဒယား-မြန်မာနယ်စပ်ဆင်ဖြူတိုင်ရွာ က သိုင်းသင်တန်းကျောင်းနဲ့ ဆက်စပ်ပုံရတယ်'

ဟုပြောလေ၏။ ထိုအခါ ဦးပေါ်ဦးကြီးက

'အမှုအကြောင်း တော်ပါတော့ ကိုမင်းအောင်ရယ်.. ရပ်ကွက်ထဲက ကာကာဆိုင်မှာ တစ်ခုခုသောက်ရအောင်'



www.burmeseclassic.com

www.burmeseclassic.com



ဟုတောင်းဆိုလိုက်၏။ ဆားပုလင်းမင်းအောင်က ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးအား ကျားကွက်သစ်လမ်းထိပ်ရှိ ဂျိုးသိန်းကာကာဆိုင်သို့ ခေါ်ပြီး လက်ဖက်ရည်တိုက်လေ၏။

ကျွန်ုပ်တို့လူစုသည် လက်ဖက်ရည်နှင့် နံပြားကို စားသောက်ကြလေ၏။ ကျွန်ုပ်တို့စားသောက်နေစဉ် ဖဲသမားနှစ်ဦးဆိုင်ထဲသို့ ဝင်လာပြီး လက်ဖက်ရည် တစ်ခွက်မှာကာ နှစ်ယောက်အတူ ဝေမျှ သောက်လေ၏။

ဖဲမားတစ်ယောက်က လက်ဖက်ရည်တစ်ငုံသောက်ပြီး နားရွက်ကြားမှာ ညှပ်ထားသော ဆေးလိပ်တိုကို မီးညှိပြီး ဖွါရှိုက်လေ၏။ ထိုမြင်ကွင်းကို ကြည့်ပြီး ကျန်ဖဲသမားက

'ငါ့ကိုလဲ တစ်ဖွာပေးပါဦး'

ဟုဆိုလိုက်၏။ ဆေးပေါလိပ်သောက်နေသော ဖဲသမားက

'နည်းနည်းပဲ သောက်နော်၊ ငါ့ဆေးလိပ်ကရွှေသန်လျက်ရွှေပတ်၊ ရွှေပတ်ဆိုတာ စပါယ်ရှယ်ထုတ်ထားတာ ဈေးကွက်ထဲမှာ ပိုက်ဆံ ဘယ်လောက်ပေးပေး ဝယ်လို့မရဘူး၊ ငါတောင် ပြည်က ငါ့ဘကြီးပေးလို့ ရှားရှားပါးပါး သောက်ရတာ ရွှေသန်လျက်ရွှေပတ်က ဆေးစပ်သိပ်ကောင်းတယ်'

ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်သည် ဖဲသမားနှစ်ယောက်၏ စကားကို နားထောင်နေရင်း ထိုင်ရာမှ ငေါက်ခနဲထပြီး





ဖဲသမားနှစ်ယောက်ထံသို့ သွားကာ

'မိတ်ဆွေတို့သောက်နေတဲ့ ရွှေသန်လျက် စပါယ်ရှယ်ရွှေပတ်ဆိုတာ ခဏလောက်ပြပါလား၊ ကြည့်ချင်လို့ပါ'

ဟုဆိုသဖြင့် ဖဲသမားက ကိုမင်းအောင်အား ရွှေသန်လျက်ဆေးပေါ့လိပ်ကို ပြလေ၏။ ကိုမင်းအောင်က ရွှေသန်လျက်ဆေးပေါ့လိပ်ကို သေချာစွာ ကြည့်ပြီး ကျေးဇူးတင်စကားပြောကာ ကျွန်ုပ်တို့ ဝိုင်းသို့ ပြန်ရောက်လာ၏။ ကိုမင်းအောင်က

'ကျုပ်တို့ ပြည်ကို ခဏသွားကြမယ်၊ ရွှေသန်လျက်ဆေးလိပ်ခုံကို သွားကြမယ်'

ဟုပြောဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်တွင်မူ ကျွန်ုပ်တို့ စုံထောက်ကျော်သုံးယောက်သည် ပြည်မြို့သို့ ခရီးဆက်ခဲ့ကြ၏။

ကိုမင်းအောင်က

'ငမိုးရိပ်ချောင်းနံဘေးက မနုစာရီဇရပ်မှာ တရားခံမကြေးမုံ သောက်တဲ့ ဆေးပေါလိပ်က ရွှေသန်လျက်ရိုးရိုးမဟုတ်ဘူး၊ ရွှေပတ်ဗျ။မကြေးမုံဟာ ရွှေသန်လျက်နဲ့ ဘယ်လိုပတ်သက်သလဲမသိဘူး၊ ရွှေသန်လျက်ရွှေပတ်က ဈေးကွက်ထဲမှာ ဝယ်လို့မရဘူး'

ဟုပြောလေ၏။ကျွန်ုပ်တို့လူစု ပြည် မြို့သို့ ရောက်သောအခါ ရွှေသန်လျက်ဆေးလိပ်ခုံသို့ သွားရောက်ခဲ့လေ၏။ ထိုအခါ ရွှေသန်လျက် ဆေးလိပ်ခုံ ပိုင်ရှင်လူကြီး တစ်ဦးကလက်ခံတွေ့ဆုံပြီး





'ကျုပ် ဘာအကူအညီပေးရမလဲ၊ ကျုပ်နံမည် ဦးဖြူသီး လို့ ခေါ်တယ်'

ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်က ရွှေသန်လျက်ရွှေပတ် ဆေးပေါ့လိပ်ကို ပြပြီးနောက်

'ရွှေသန်လျက်ရွှေပတ် ဆေးပေါလိပ်ကို ဘာကြောင့်ထုတ် တာလဲ'

ဟုမေးမြန်းလေ၏။

ဦးဖြူသီးက မျက်မှောင်ကြုတ်လိုက်ပြီး

'မောင်ရင်တို့ ဘာလို့မေးတာလဲ'

ဟုပြန်လည် မေးခွန်းထုတ်လေ၏။ ဆားပုလင်းမင်းအောင်က မနုစာရီဇရပ်၌ ဖြစ်ပွားခဲ့သော လူသတ်မှုနှင့် ပတ်သက်ပြီး မေးမြန်းလို ကြောင်း ပြောလေရာဦးဖြူသီးက ခေါင်းခါယမ်းပြီး

'လူသတ်မှုနဲ့ ကျုပ်တို့ ရွှေသန်လျက်ဆေးလိပ်ခုံ ဘာမှမဆိုင်ပါဘူး၊ မောင်ရင်တို့ ရေလိုက်လွဲနေပြီ'

ဟုပြောလေ၏။ဆားပုလင်းမင်းအောင်က

'ဒါက စီအိုင်ဒီ စုံထောက်တွေ ဆုံးဖြတ်ရမဲ့အပိုင်းပါ၊ ကျွန်တော် မေးခွန်းနှစ်ခုပဲ မေးချင်တယ်၊ ရွှေသန်လျက်ဆေးပေါ့လိပ်က ဘာလို့ ရွှေပတ်နဲ့ သီးသန့်ထုတ်တာလဲ'

ဟုမေးမြန်းလေ၏။ဦးဖြူသီးက သက်ပြင်းချပြီး



www.burmeseclassic.com

www.burmeseclassic.com



'တစ်ခါက ကျုပ်တို့မြို့ကို ရွှေမန်းအောင်ကြည် ဇာတ်အဖွဲ့လာကတော့ ရွှေမန်းအောင်ကြည်ကို ဂုဏ်ပြုတဲ့အနေနဲ့ ရွှေပတ်နဲ့ထုတ်တာပဲ၊ ရွှေမန်းအောင်ကြည်ကလဲကျုပ်တို့ ရွှေသန်လျက် ဆေးလိပ်ကို နှစ်မြို့က်လို့ ကြော်ငြာပေးခဲ့တယ်၊ ပွဲခင်းထဲမှာ ရွှေသန်လျက်ဆေးပေါ့လိပ်တွေကို ရွှေမန်းအောင်ကြည်ကိုယ်တိုင် ကြဲပေးခဲ့လို့ ရွှေ သံလျက်လူကြိုက်များခဲ့တယ်၊ ဒါပေမဲ့ ရွှေသန်လျက်ဆေးလိပ် ရွှေပတ် ဆိုတာမထုတ်တော့ဘူး၊ အပြင်မှာ မရှိသလောက် ရှားနေပြီ'

ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်ပြီး

'အလွန်ကောင်းတဲ့ အရောင်းမြှင့်တင်ရေး အစီအစဉ်ပါပဲ၊ဒါနဲ့ဒီလိုစိတ်ကူးမျိုးကို ဘယ်သူထုတ်တာလဲ'

ဟုမေးမြန်းလေ၏။ဦးဖြူသီးက

'ဘယ်သူထုတ်ရမှာလဲ၊ကျုပ် ဆေးပေါ့လိပ်ကို ကျုပ်ကိုယ်တိုင်ကြော်ငြာ ထုတ်တာပေါ့'

ဟုဖြေလေ၏။ဆားပုလင်းမင်းအောင်က ခေါင်းညိတ်ပြီး

'ရွှေသန်လျက်ဆိုတဲ့အမည်ကို ဘယ်သူပေးတာလဲ'

ဟုမေးမြန်းလေ၏။ ဦးဖြူသီးက

'ရွာဦးကျောင်းက ဆရာတော်ကြီး တွက်ချက်ပြီး ရွှေသန်လျက်လို့ပေးလိုက်တာပဲ'

ဟုဖြေလေ၏။ ဆားပုလင်းမင်းအောင်က ရွှေသန်လျက် ဆေး





လိပ်ခုံကို မျက်လုံးဝေ့ကြည့်ပြီး

'ကောင်းပါပြီ၊မေးခွန်းတွေ ဖြေပေးလို့ ကျေးဇူးတင်ပါတယ်'

ဟုပြောကာ ဆေးလိပ်ခုံမှ ပြန်လည်ထွက်ခွာလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



လမ်းခရီး၌ ကိုမင်းအောင်က

'ဦးဖြူသီးကို ကြည့်ရတာ ကျုပ်တို့ မေးခွန်းတွေကို ထိမ်ချန်ပြီ[illegible] ဖြေသွားတယ် ဆိုတာသေချာတယ်၊ လူသတ်မှုမှာ ပါဝင်တဲ့ ရွှေသ[illegible] လျက်နဲ့ ရွှေသန်လျက်ဆေးပေါ့လိပ် နံမည်တူနေတာ မသက်ဘစရာပဲ[illegible] နောက်ပြီး တော့ မကြေးမုံဟာ မနုစာရီဇရပ်မှာ ကိုပွားကို ထိုင်စောင့်ရင်[illegible] စိတ်လှုပ်ရှားပြီး သောက်ခဲ့တဲ့ ဆေးလိပ်က ရွှေသန်လျက်ဆေးပေါ့လိ[illegible] ရွှေပတ်ဗျ၊ သူတို့စကားအရဆိုရင် ရွှေသန်လျက်ရွှေပတ်ဆေးပေါ့လိပ်က[illegible] မရှိသလောက် ရှားပါးနေပြီ၊ ဒီလောက်ရှားပါးတဲ့ ရွှေသန်လျက် ရွှေပတ်[illegible] ဆေးလိပ်ကို တရားခံ မကြေးမုံဘာကြောင့် သောက်နိုင်တာလဲ၊ မကြေးမုံ[illegible] ဟာ ရွှေသန်လျက် ဆေးလိပ်ခုံနဲ့ တနည်းတဖုံ ပတ်သက်နေမှာ သေချာ[illegible] တယ်၊ ကျုပ်ဆက်ပြီးစုံစမ်းချင်သေးတယ်'





ဟုပြောရင်း ပြည် မြို့တစ်နေရာရှိ မိတ်ဆွေတစ်ဦး၏ နေအိမ်သို့ ဝင်ရောက်ခဲ့ပြန်၏။

ကျွန်ုပ်နှင့်စုံထောက်ဦးပေါ်ဦးကြီးသည် ဆားပုလင်းမင်းအောင် ၏မိတ်ဆွေညှဲ့ခံသော သဘော်သီးကိုစားရင်း ခြံထဲ၌ ပက်လက် ကုလားထိုင်ကိုယ်စီဖြင့် ဖိမ်ကျနေလေ၏။ ဆားပုလင်းမင်းအောင် သည် ကျွန်ုပ်ထံသို့ ခဏကြာလျှင် ပြန်လည်

'ကျုပ်တို့ ပြည် လာတာ သိပ်မှန်သွားတယ်၊ ရွှေသန်လျက်ဆေး လိပ်ခုံရဲ့မူလပိုင်ရှင် ဘယ်သူလဲဆိုတာ ကျုပ်သိပြီ'

ဟုပြောလေ၏။ကျွန်ုပ်က စိတ်လှုပ်ရှားဟန်ဖြင့်

'ဘယ်သူလဲကိုမင်းအောင်'

ဟုမေးမြန်းလေရာ ကိုမင်းအောင်က

'မကြေးမုံပဲဗျ၊ မကြေးမုံဟာ ပဲခူးမြို့မှာ ဆေးလိပ်ခုံထောင်ပြီး အောင်မြင်နေလျက်နဲ့ ပြည်ကိုပြန်လာပြီးဦးဖြူသီးကို ဆေးလိပ်ခုံ ရောင်းခဲ့တာ၊ ဦးဖြူသီးဟာ မကြေးမုံရဲ့အတွင်းရေးကိုသိသူ တစ်ယောက် ဖြစ်လိမ့်မယ်၊ ဒါကြောင့် ကျုပ်တို့ မေးခွန်းတွေကို ထိန်ချန်ခဲ့တာပဲ'

ဟုပြောလေ၏။ ထိုနောက်တွင်မှ ကျွန်ုပ်တို့ စုံထောက်ကျော် များသည် ရန်ကုန်အဝင်ရှိ ဒေါ်လှရီထမင်းဆိုင်သို့ ဝင်ပြီး ညနေစာစား သုံးကြလေ၏။

ထိုသို့ စားသုံးရင်း ဆိုင်ရှင် မိန်းမကြီးသည် ဆိုင်အလုပ်သမား



www.burmeseclassic.com

www.burmeseclassic.com



များကို မရပ်မနား ဆူပူကြိမ်းမောင်း နေသဖြင့် ဦးပေါ်ဦးကြီးက

'ကျုပ်တို့ ဒီဆိုင်မှာ ဝင်စားတာ သိပ်မှားတယ်ဗျာ၊ ဒီမိန်းမကြီးရဲ့ အသံက ငှက်ဆိုးထိုးသံလိုပဲ၊ ကျုပ်တို့ ပိုက်ဆံပေးပြီး နားဒုက္ခခံရတာပဲ'

ဟုညည်းညူလေ၏။ ထိုအခိုက်မှာပင် ဆိုင်ရှင်မိန်းမကြီး၏ ငှက်ဆိုးထိုးသံကြီး ပေါ်ထွက်လာပြန်၏။

'ဟဲ့..မောင်မြင့် ငါ့မှာ ပန်းပဲဖို ရှိတယ်များ အောက်မေ့လို့လား၊ ဆိုင်ကဓားတွေကို နင်ဒီလို လက်ကမြင်းပြီး စားပွဲကို ခြစ်နေရင် ဓားတွေ တုံးကုန်မှာပေါ့ဟဲ့..သေနာကောင်ရဲ့ ဆိုင်က ဓားတွေ အသွားတုံးကုန်တာ ဘယ်သူလက်ချက်လဲမှတ်တယ်၊ နင့်လက်ချက်ကိုး'

ဟုဆိုလိုက်လေ၏။ ဆရာပုလင်းမင်းအောင်သည် ဆိုင်ရှင်မိန်းမကြီး၏ ငှက်ဆိုးထိုးသံကြီးကို နားထောင်နေရာမှ လက်ဖျစ်တီးလိုက်ပြီး

'ဟာ..ကျုပ်သိပြီ..မကြေးမုံ ပျောက်နေတာကို သိပြီ..ကျုပ်တို့ ဘယ်နေရာကို လိုက်ရင်ကောင်းမလဲ'

ဟု မျက်လုံးများမှေးစင်း၍စဉ်းစားလိုက်လေ၏။ ပြီးနောက်

'ဟုတ်ပြီ၊ မော်လမြိုင်ကို လိုက်မယ်၊မော်လမြိုင်ဟာ ဖြစ်နိုင်ချေ အရှိဆုံးပဲ'

ဟုပြောလိုက်လေ၏။ ကျွန်ုပ်က ဆရာပုလင်းမင်းအောင်ကို နားမလည်ဟန်ဖြင့် ကြည့်ပြီး

'ဘာတွေ ဖြစ်နိုင်ချေရှိတာလဲ ကိုမင်းအောင်ပြောပါဦး'





ဟုမေးမြန်းလိုက်လေ၏။ ဆရာပုလင်းမင်းအောင်က

'ဒီရက်ပိုင်းမှာ မကြေးမုံရဲ့ လှုပ်ရှားမှု ငြိမ်သက်နေလို့ ကျုပ်စောင့်ကြည့်နေတာ၊ သူဟာ လူသတ်မှုတွေ ကျူးလွန်ပြီးရင် နယ်စပ်ဒေသဆင်ဖြူကိုင်ရွာကို ချက်ချင်း သွားဦးမှာ မဟုတ်ဘူး၊ လူသတ်မှုရဲ့ အခြေအနေကို စောင့်ကြည့်နေမယ်လို့ထင်မိတယ်၊ ဒါပေမဲ့ မကြေးမုံဟာ ပျောက်နေတယ်၊ မကြေးမုံ ငြိမ်သက်နေတာ ကျုပ်စဉ်းစားလို့မရဘူး၊ ထမင်းဆိုင်က အပေါက်ဆိုးတဲ့ မိန်းမကြီးက စားပွဲခုံကို ဓားနဲ့ခြစ်ပြီး သွေးနေတဲ့ စားပွဲထိုးတစ်ယောက်ကို ဆူနေတာတွေ့တော့မှ ရွှေသန်လျက်ရဲ့အသွားတွေ ပျက်ဆီးနိုင်တယ်ဆိုတာ တွေးမိတယ်၊ မကြေးမုံ ဘာဟာ ရန်ကုန်က ပန်းတိမ်တွေမှာ ပြင်မှာ မဟုတ်ဘူး၊သူဟာ ထိုးဒယားနယ်စပ် ဆင်ဖြူကိုင်ဆိုတဲ့ ရွာကို သွားရမှာဆိုတော့ မော်လမြိုင်လိုနေရာမျိုးမှာ ရွှေသန်လျက်ကို ပြင်ဆင်နိုင်တယ်၊ ကျုပ်တို့မနက်ဖြန် မော်လမြိုင် ကိုလိုက်ပြီး ပန်းတိမ်တွေမှာ စုံစမ်းရမယ်၊ အိုင်ပီ ကျုပ်နဲ့ မော်လမြိုင်ကို လိုက်ခဲ့ပါ၊ မနက်ဖြန် စောစောသွားကြမယ်'

ဟုပြောလေရာကျွန်ုပ်သည် အိမ်မှာကျန်နေသော ဇနီးသည်၏ မျက်နှာကို မြင်ယောင်ပြီး သက်ပြင်းချလိုက်လေ၏။

ကျွန်ုပ်၏ ဇနီးမေက ကိုမင်းအောင် ခရီးထွက်တိုင်း ကျွန်ုပ်ကို ခေါ်နေသဖြင့်

'ဆရာပုလင်းမင်းအောင်က ဦးပေါ်ဦးကြီးကို မခေါ်ဘဲ ကိုကိုကိုမှ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်နေတာဘာသဘောလဲ’

ဟုမေးမြန်းတတ်၏။ ကျွန်ုပ်လည်း

‘ကိုကိုက တစ်ချိန်ချိန်မှာ ကိုမင်းအောင်ရဲ့စွန့်စားခန်းတွေကို ဝတ္ထုရေးမယ် ဆိုလို့ ကိုကို့ကို ဦးစားပေးခေါ်တာပါ’

ဟုဆိုသော်လည်း မေက လက်ခံလိုဟန် မရှိဘဲ

‘ကိုမင်းအောင်ဟာ သူတစ်ပါးလင်မယားတွေကို စာနာမှုကို မရှိဘူး၊ ဒါကြောင့် ဒီလူကြီး လူပျိုကြီးဖြစ်နေတာ၊ မေတော့ ကိုကိုနဲ့ခဏ ခဏ မခွဲနိုင်ဘူး’

ဟုဆိုလေ့ရှိရာ ကျွန်ုပ်၏ရင်ထဲတွင် ကြည်နူးချမ်းမြေ့သွားရလေ၏။





နောက်တစ်နေ့၌ ကိုမင်းအောင်နှင့်ကျွန်ုပ်သည် မော်လမြိုင်မြို့သို့ ဖို့ဒ်ကားစုတ်ကလေးဖြင့် ထွက်ခဲ့လေ၏။မုတ္တမသို့ရောက်သောအခါ ကျွန်ုပ်၏ ဖို့ဒ်ကားလေးကို ဂါတ်တဲ၌ အပ်နှံပြီးမော်လမြိုင်ဘက် ကမ်းသို့ကူးတို့သင်္ဘောဖြင့် ထွက်ခဲ့လေ၏။

မော်လမြိုင်သို့ ရောက်သောအခါပုလိပ်ဌာနသို့ သွားပြီး မော်လမြိုင်ရှိပန်းတိမ်ဆရာများ၏ စာရင်းကို တောင်းယူပြီး ပန်းတိမ်များသို့သွားရောက်ကာရွှေသန့်လျက် ပြင်ဆင်ရန် အပ်နှံထားခြင်း ရှိမရှိ မေးမြန်းလေ၏။

ထိုသို့ မေးမြန်းသည့်အခါတိုင်း ပန်းတိမ်ဆရာများက အပ်နှံ



www.burmeseclassic.com

www.burmeseclassic.com



ထားခြင်း မရှိကြောင်းပြောလေ၏။ ကျွန်ုပ်တို့သည်တစ်နေကုန် ပန်းတိမ်ဆရာများကို သွားရောက် မေးမြန်းပြီး ညနေစောင်းသောအခါ မြို့စွန်ရှိ ပန်းတိမ်ဆရာကြီး တစ်ဦးထံသို့ ရောက်သွားလေ၏။ ပန်းတိမ်ဆရာကြီးက

'မောင်ရင်တို့ မေးတဲ့ ရွှေသန်လျက်ကြီးကို အသွားတွေ ကျိုးပဲ့နေတဲ့အတွက် ကျုပ်ကိုယ်တိုင် ပြုပြင်ပေးခဲ့တယ်၊ ရွှေသန်လျက်ကြီးရဲ့ လက်ကိုင်မှာမြှုပ်နှံထားတဲ့ ပတ္တမြားတွေ ချောင်ပြီးကျွတ်ထွက်မတတ် ဖြစ်နေလို့ စွန်ကုတ်လေးတွေ ပြန်ပြုပြင်ပေးရတယ်၊အခုတော့ မရှိတော့ဘူး၊ ပိုင်ရှင် မိန်းကလေး ပြန်ယူသွားတာ သုံးရက်လောက်ရှိပြီ၊ ရွှေသန်လျက်ကြီးကု စိတ်ဝင်စားလို့ ကျုပ်က မေးမြန်းခဲ့တယ်၊ ဒါပေမဲ့ ကလေးမက သူ့ဆရာရဲ့ခွင့်ပြုချက်မရတဲ့အတွက် ဖြေဆိုခွင့် မရှိ ကြောင်း ပြောတယ်၊ မိန်းကလေးဟာ လှို့ဝှက်နက်နဲသလောက်စွမ်းရည် သတ္တိနဲ့ ပြည့်စုံပုံရတယ်'

ဟုမှတ်ချက်ချလေ၏။ ကျွန်ုပ်တို့ ပန်းတိမ်ဆိုင်မှ ပြန်ထွက်လာသောအခါ ဆားပုလင်းမင်းအောင်က

'တရားခံနဲ့ရွှေသန်လျက်ဟာ တဖြည်းဖြည်း ရုပ်လုံးပေါ်လာပြီ၊ တရားခံဖမ်းဖို့ပဲ လိုတော့တယ်၊ ဒါကြောင့် အိုင်ပီ ရန်ကုန်ပြန်ပြီး အေးအေးဆေးဆေး စောင့်နေပါ၊ကျုပ် နယ်စပ်ဒေသ ဆင်ဖြူတိုင်ရွာကို ဆက်သွားမယ်၊သေသူ ကိုပွားရဲ့ မွေးစားညီကိုဖိုးစိန်ဟာ ကျုပ်တို့ကို





တစ်ခုခု ထိမ်ချန်ထားသလိုပါပဲ၊ ဒါဟာ မကြေးမုံဆိုတဲ့မိန်းကလေးနဲ့ ပတ်သက်ပုံရတယ်၊ မကြေးမုံနဲ့ဆုံရင်တော့ အားလုံးရှင်းလင်းသွားမှာပါ'

ဟုပြောလေ၏။ ကျွန်ုပ်သည် ကိုမင်းအောင် အနောက်သို့ လိုက်ချင်သောလည်း ကိုမင်းအောင်က မခေါ်ဘဲ နောက်ချန်ထားခဲ့သဖြင့် ရန်ကုန်သို့ ပြန်ရန်ပြင်ဆင်ရလေ၏။

နောက်တစ်နေ့တွင် ကျွန်ုပ်သည် ကိုမင်းအောင်နှင့် လမ်းခွဲပြီး မုတ္တမဘက်ကမ်းသို့ ပြန်လည် ကူးသန်းကာ ရန်ကုန်သို့ ပြန်ခဲ့လေ၏။

ကျွန်ုပ်၏ ဇနီးမေသည် ကျွန်ုပ် ရန်ကုန်မြို့သို့ အမြန်ဆုံး ပြန်ရောက်သဖြင့် ဝမ်းမြောက်ပျော်ရွှင်နေလေ၏။ကျွန်ုပ်လည်းမေ့အတွက် ဝယ်ယူလာသော ဒူးရင်းသီးများကို ပြလိုက်ရာ ဒူးရင်းသီး အလွန်ကြိုက်သော မေက ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ကျွန်ုပ်၏ အိမ်သို့ စုံထောက်ဦးပေါ်ဦးကြီး ရောက်လာပြီး

'အမလေး...ခင်ဗျားပြန်လာလို့ တော်သေးတယ်၊ကျုပ်တော့ စီအိုင်ဒီမှာ ပျင်းတာနဲ့သေတော့မယ်၊ မင်းကြီးကလဲ ဆူလိုက်ကြိမ်းလိုက် တာဗျာ၊ကျုပ်တို့ ဒီနေ့စီအိုင်ဒီ သွားလို့မဖြစ်ဘူး၊ ငယ်ငယ်တုန်းကလို ကျောင်းပြေး အဲလေ..ရုံးပြေးမှဖြစ်မယ်'

ဟုဆိုလိုက်ရာ အပျော်အပါးနှင့် ပတ်သက်လျှင် နှစ်ကြိမ် မခေါ်ရသော ကျွန်ုပ်သည် ဦးပေါ်ဦးကြီးနှင့်အတူ ဘုံဘေရက်စတောရင့် သို့ သွားကာ ပျော်ပါးစားသောက်နေလေ၏။ ကျွန်ုပ်တို့သည် ဆားပုလင်း





မင်းအောင် ပြန်မလာမီ စီအိုင်ဒီရုံးမတက်ဘဲ တစ်နေ့တစ်မျိုး မရိုးအောင် ပျော်ပါးနေလေ၏။

ကျွန်ုပ်တို့သည် မယ်လမုဘုရားသို့ သွားကာတစ်ဖက်ကမ်းသို့ ကူးတို့လှေဖြင့် ကူးပြီး ဓနိရည်နှင့်ကြက်ကြော်ကို သွားရောက်သောက်စားပြန်၏။

နောက်တစ်နေ့တွင် ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ဦး အင်းစိန် စီအိုင်ဒီသို့ ရောက်သောအခါ ဆားပုလင်းမင်းအောင်သည် မိန်းမလှလေးတစ်ယောက်နှင့်အတူ ပြန်လည်ရောက်ရှိလာလေ၏။

ဆားပုလင်းမင်းအောင်က မိန်းမလှလေးကို ဘက်သို့လှည့်ပြီး 'မနုစာရီဇရပ်က လူသတ်မှုတရားခံ မကြေးမုံဆိုတာ ပေါ့' ဟုမိတ်ဆက်ပေးလေ၏။ မကြေးမုံဆိုသော မိန်းမလှလေးက ကျွန်ုပ်ကို ချစ်စဖွယ်ပြုံးပြလေ၏။ ကျွန်ုပ်သည် ချစ်စဖွယ်ကောင်းသော မိန်းမလှလေး တစ်ယောက်က လူသတ်မှုကျူးလွန်ခဲ့ခြင်းကို မယုံနိုင်အောင် ဖြစ်ရလေ၏။

ဆားပုလင်းမင်းအောင်က မကြေးမုံ စီအိုင်ဒီ ရုံးခန်း၌ သက်သောင့်သက်သာ နေထိုင်နိုင်အောင် စီစဉ်ပေးလေ၏။

တရားခံ မကြေးမုံ၏ ထွက်ဆိုချက်များကို ကျွန်ုပ်က ရေးမှတ်ရလေ၏။ မကြေးမုံသည် သူမဘဝနောက်ကြောင်းကို ငယ်စဉ်ကလေးဘဝမှစပြီး စီကာပတ်ကုံး ပြောပြလေ၏။ မကြေးမုံ၏ ဘဝကြေးမုံ



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းစုံသည် စိတ်ဝင်စားဖွယ် ကောင်းလွန်းသဖြင့် တစ်ခါတစ်ရံ ကျွန်ုပ်သည် မှတ်တမ်းရေးဖို့ပင် မေ့လျော့နေလေ၏။

စုံထောက်ဦးပေါ်ဦးကြီးသည်ကျွန်ုပ်ရေးမှတ်သော မကြေးမုံ၏ ဘဝနောက်ကြောင်းကို တစ်ဝက်တစ်ပျက် ဝင်ရောက်ဖတ်ရှုပြီး

'စိတ်ဝင်စားဖို့ ကောင်းလိုက်တာဗျာ၊ တကယ့်အဖြစ်အပျက်တွေဟာ စိတ်ကူးယဉ်ဇာတ်လမ်းထက် ဆန်းကြယ်တယ် ဆိုတာ အမှန်ပါပဲဗျာ'

ဟုတာဖွဖွ ပြောဆိုလေ၏။ကျွန်ုပ်ရေးမှတ်ခဲ့သော မှတ်တမ်းသည် ပုလိပ်အစီရင်ခံစာကြီး ဖြစ်သဖြင့် အရေးအသားများ ရုံးဆန်နေလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် မကြေးမုံ၏ ဘဝမှတ်တမ်းကြီးအား မူရင်းကို မပျက်စေဘဲ ဝတ္ထုရေးဆရာတို့ တတ်အပ်သော ပညာဖြင့် ပြုပြင်ကာရေးသားခဲ့လေ၏။ ဤသည်ပင်လျှင် ကျွန်ုပ်ရေးသားဖော်ပြလတ္တံ့သော 'ဆားပုလင်းမင်းအောင်နှင့် ရွှေသန်လျက်' ဆိုသည့် ဝတ္ထုကြီး ဖြစ်ပေတော့သတည်း။





## အပိုင်း - ၂

တစ်နေ့သ၌ တောမြို့လေးတစ်မြို့ရဲ့ ခိုက်ခိုက်တုန်အောင် အေးမြနေတဲ့ ဆောင်းတွင်းအခါကြီးမှာ အသက် ၁၅ နှစ်အရွယ် မိန်းမပျိုတစ်ယောက်ဟာ ထမ်းခြမ်းကြီးတွေကို ပင်ပန်းကြီးစွာ ခွဲခြမ်းနေတယ်။

မိန်းမပျိုဟာ အလွန်အေးမြတဲ့ ရာသီမှာ အနွေးထည်မပါဘဲ အကျီပါးလေးနဲ့ ထင်းခြမ်းတွေကို ခွဲခြမ်းနေရရှာတယ်။ ဒီအချိန်မှာပဲ မိန်းမပျိုရဲ့ နောက်နားက အလွန်ကျယ်လောင်တဲ့ အသံကြီးထွက်ပေါ်လာပြီး

'ဟဲ့..ကောင်မလေး ထင်းခြမ်းတွေ ပြီးအောင်ခွဲ..မပြီးဘဲနဲ့ ထမင်းလာမစားနဲ့၊ ခိုင်းလိုက်ရင်ဘာမှ လက်ကြောမတင်းဘူး'



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောတယ်။ မိန်းမပျိုဟာ အသံရှင်ကိုလှည့်မကြည့်ဘဲ မဲ့ပြုံးပြုံးလိုက်တယ်။ အသံရှင်ဟာ အရပ်ပုပု၊ဂင်တိုတို နှာခေါင်းပွပွနဲ့ လူလတ်ပိုင်းအရွယ် ယောကျ်ားတစ်ယောက်ဖြစ်တယ်။

ထိုယောကျ်ားဟာ မိန်းမပျိုရဲ့ပထွေးတော်စပ်သူဖြစ်ပြီး စိတ်ထားယုတ်မာသူဖြစ်တယ်။

မိန်းမပျိုရဲ့ ပထွေးဟာ ဖခင်သေဆုံးပြီးနှစ်အနည်းငယ်အတွင်း အိမ်ပေါ်ကိုရောက်လာတယ်။ သူဟာ ကစ်ခုလပ်တစ်ယောက်ဖြစ်ပြီး အမျိုးအဆွေတွေလည်းအလွန်များပြားတယ်။ပထွေးရဲ့ အမျိုးအဆွေတွေဟာ မိန်းမပျိုတို့ မိသားစုပိုင် စည်းစိမ်ဥစ္စာတွေကို ဖြုန်းတီးပစ်ကြတယ်။

မိန်းမပျိုရဲ့မိခင်ဟာ ရှေးက ဥယျာဉ်ခြံမြေ တော်တော်များများပိုင်ဆိုင်တယ်။ ပထွေးနဲ့ အကြောင်းဆက် ပေါင်းဖက်ပြီးတော့ ပိုင်ဆိုင်တဲ့ လယ်ယာမြေတွေ တဖြည်းဖြည်းကုန်ဆုံးခဲ့တယ်။ မိန်းမပျိုရဲ့မိခင်ဟာ စီးပွားရေး ကျဆင်းလာတော့ မလည်မဝယ်နဲ့ ကုန်ရောင်းကုန်ဝယ် လုပ်ရင်း လူလိမ်တွေနဲ့တွေ့ပြီး စီးပွားပျက်ပြန်တယ်။

နောက်ဆုံးတော့ မိခင်ဟာ အနီးအနားမြို့က ဘူတာမှာ ထမင်းထုပ်လေးတွေ ရောင်းပြီး အသက်မွေးရတယ်။

'မိန်းမပျိုဟာ ထင်းခြမ်းတွေ ခွဲရင်း ဆာလောင်လွန်းလို့ ထမင်းစားချင်တာနဲ့ အိမ်ပေါ်တက်ပြီး





'ဦးလေး၊ ကျွန်မ ထမင်းစားချင်တယ်'

လို့ဆိုလိုက်တော့ ပထွေးဖြစ်သူက မျက်နှာရှုံ့မဲ့ပြီး

'မီးဖိုချောင်ထဲမှာ ပြင်ထားတယ်၊ သွားပြီးမျိုချလို့'

လို့အော်ဟစ်လိုက်တယ်။ မိန်းမပျို မီးဖိုဆောင်ထဲ ရောက်တော့ ယံဇလုံထဲမှာ ညကကျန်တဲ့ ထမင်းကြမ်းကို ငါးပိရည်ကြဲကြဲ ဆမ်းထားတာ မြင်ရတယ်။ ထမင်းကြမ်းခဲဟာ သိုးနံ့ထွက်နေပေမဲ့ မိန်းမပျိုဟာ ကျိတ်မှိတ်ပြီး စားသောက်နေရတယ်။ ဒီအချိန်မှာပဲ ပထွေးဖြစ်သူက

'အလုပ်ကိုတော့လက်ကြောတင်းအောင် မလုပ်ချင်ဘူး အစားကတော့ မဟားတရားစားတယ်၊ ငပျင်းမ'

လို့ ဆူပူကြိမ်းမောင်းလိုက်တယ်။

မိန်းမပျိုက ပထွေးရဲ့စကားကိုသည်းမခံနိုင်တော့တဲ့အဆုံး

'ကျွန်မနံနက်ကတည်းက ဘာမှ မစားရသေးပါဘူး ဦးလေးရယ်၊ နေကိုလဲ ကြည့်ပါဦး..ထန်းတဖျားတောင် ရောက်နေပြီ'

လို့ပြောလိုက်တယ်။ ဒီအခါမှာ ပထွေးက

'မိန်းမရှင်မ၊ ငါ့ကို ခံမပြောနဲ့၊ ထမင်းမြန်မြန် စားပြီးရင် တိုင်ကီ ၃ လုံးပြည့်အောင် ရေတွေဖြည့်'

လို့ အော်ဟစ်ပြောဆိုပြန်တယ်။ မိန်းမပျိုဟာ ထမင်းကြမ်းစားပြီး ဝင်ပူအောင်တောင် မထိုင်ရဘဲ တိုင်ကီ ၃လုံးပြည့်အောင် ရေတွေ ဖြည့်ရပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျို ရေဖြည့်လို့ မပြီးသေးခင်မှ အနီးအနားခြုံက ပတွေးရဲ့ အမျိုးအဆွေ၊ ကလေးငယ်တွေဟာ တိုင်ကီထဲက ရေတွေကို တဗွမ်းဗွမ်းချိုးကြတယ်။ မိန်းမပျိုဟာ ကလေးတစ်စုကြောင့် ရေဖြည့်လို့ မဆုံးနိုင်တော့ဘူး။

မိန်းမပျိုဟာ ပူပြင်းတဲ့နေရောင်အောက်မှာ ပင်ပန်းကြီးစွာ ရေဖြည့်ထည့်နေတုန်း အနီးကို ယောကျ်ားပျိုတစ်ဦး ရောက်လာပြီး

'နင့်ကို ကြည့်ရတာ ပင်ပန်းလိုက်တာ ကြေးမုံရယ်၊ နားပါဦး.. ဒီကလေးတွေ ရေကို ဗွက်ပေါက်အောင်ချိုးနေရင် နင်ရေထမ်းလို့ ဆုံးမှာ မဟုတ်တော့ဘူး'

လို့ ကရုဏာသက်ဟန်နဲ့ ဆိုလိုက်တဲ့အခါ

'ကြေးမုံ ဒီလောက်လုပ်တာတောင် ပျင်းမလေး ဘာလေးနဲ့ ပြောခံထိနေတာ၊ ကြေးမုံနားလို့ကတော့ ဆူလို့ဆဲလို့ ဆုံးမှာ မဟုတ်တော့ဘူး'

လို့ပြောလိုက်တော့ ယောကျ်ားပျိုက စိတ်မကောင်းဟန်နဲ့

'ကြေးမုံရယ်..'

လို့ရေရွတ်လိုက်တယ်။ ကြေးမုံဆိုတဲ့ မိန်းမပျိုက သက်ပြင်းချပြီး

' ဖိုးစိန်..နင်ငါ့ဆီကိုလာတာ ဘာခိုင်းစရာရှိလို့လဲ'

လို့မေးမြန်းလိုက်တယ်။ ဖိုးစိန်ဆိုတဲ့ လူငယ်က ကြေးမုံရဲ့ စကားကြောင့်





'နင့်ကို ငါဘယ်တုန်းက ခိုင်းဖူးလို့လဲ ကြေးမုံရယ်၊ ညကျရင် နင်ငါ့တို့အိမ်ကိုလာခဲ့ပါလား၊ အိမ်မှာ နင်ကြိုက်တဲ့ ကရေကရာတွေ ယ်ထားတယ်၊ လာဖြစ်အောင်လာနော်'

လို့ဆိုလိုက်တယ်။ ကြေးမုံက သက်ပြင်းချပြီး

'ကရေကရာက အရေးမကြီးပါဘူး ဖိုးစိန်ရယ်..ငါစိတ်ညစ်တဲ့ အချိန်မှာ နင့်တို့နဲ့ တွေ့လိုက်ရင် ခဏလောက်တော့ စိတ်ညစ်တာတွေ ပြေသွားတယ်၊ဒါကြောင့် နင်တို့ဆီငါလာခဲ့မှာပါ'

လို့ဆိုလိုက်တယ်။ကြေးမုံရဲ့ အဖြေကြောင့် ယောကျ်ားပျိုဟာ ကျေနပ်ပြီး အနီးကထွက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းတဲ့အခါ ဘူတာမှာ ထမင်းထုပ်လိုက်ရောင်းနေတဲ့ မိခင်ပြန်ရောက်လာတယ်။

ကြေးမုံက ရေချိုးရက်တန်းလန်းနဲ့

'အမေ'

လို့လှမ်းနှုတ်ဆက်လိုက်ပေမဲ့ မိခင်က ကြားဟန်မတူဘဲ

'ကိုမြင့်ရေ..တင်တင် ပြန်လာပြီဟေ့'

လို့ ပထွေးကြားအောင် အသံပြုလိုက်တယ်။ ဒီအခါမှာ ယောက်ျားပျင်းကျောခင်း ဆိုတဲ့စကားနဲ့အညီ ၂၄ နာရီကျောခင်းနေလေ့ရှိတဲ့ ပထွေးဟာ

'ဟယ်...တင်တင်ပြန်လာပြီ'

လို့အော်ဟစ်ပြီး အထုပ်အပိုးတွေကို ပြေးဆွဲတယ်။ အထုပ်တွေဆွဲရင်း မျက်နှာလို မျက်နှာရနဲ့

'ငါ့မိန်းမ ပင်ပန်းနေရော့မယ်'





လို့ဆိုလိုက်တော့ မိခင်ဖြစ်သူဟာ မနေ့ာခွေ့သဘောတွေ့သွားပြီး

'ကြေးမုံတို့များ ကိုယ့်အမေပြန်လာတာတောင် အထုပ်ပြေးဆွဲ မရဘူး'

လို့အပြစ်တင်လိုက်တယ်။ ပထွေးဖြစ်သူက အဆင်းမှာ ဘီးတွန်း လိုက်ပြီး

'ကြေးမုံအကြောင်းတော့ မပြောချင်ပါဘူးတင်တင်ရယ်.. တင်တင်သမီးက မိဘစကားကို နားမထောင်ဘူး၊ ခိုင်းတဲ့အလုပ်ကိုလဲ ကြောတင်းအောင်မလုပ်ဘူး၊သူ့ကို ခိုင်းမရလို့ ကိုမြင့် ကိုယ်တိုင် င်းတွေခွဲ၊ ရေတွေခပ်လိုက်ရတာ'

လို့ဆိုပြီး ကြေးမုံခွဲထားတဲ့ ထင်းပုံကြီးကို လက်ဝေ့ယမ်းပြီး ယောက်ျားတန်မဲ့ အရှက်မရှိ လိမ်ညာလိုက်တယ်။

မိခင်က ကိုမြင့်လက်ဖဝါးတွေကိုဆုပ်ကိုင်ပြီး

'အမလေး..ငါ့ယောက်ျားလက်ဖဝါးတွေ ပေါက်ပြဲကုန်တော့ မှာပဲ'

လို့ဆိုလိုက်တော့ ပထွေးဖြစ်သူက ဆက်ပြီး

'ဟောဒီတိုင်ကီဒုလုံးထဲက ရေတွေလဲ ကိုမြင့်ပဲခပ်ထားတာ'

လို့အရှက်မရှိဆိုလိုက်ပြန်တော့ မိခင်က

'ဟိုကောင်မ ကြေးမုံ ဘာမှမကူညီပေးဘူးလား.. အမလေး.. ယောက်ျားပင်ပန်းနေတော့မှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



လို့ရေရွတ်လိုက်ပြန်တယ်။ပထွေးက ဆက်ပြီး ကြေးမုံကို ဆက်ပြီးအဆင်းဘီးတွန်းဖို့ ကြံလိုက်ပြန်တယ်။

'တင်တင့်သမီးက အိမ်အလုပ်တွေ မလုပ်ဘဲ ရွာရိုးကိုးပေါက် လျှောက်လည်ပြီး ပြန်လာရင် အစားအသောက်ကို တစ်ဖြုန်စ်ဖြုံစား တော့တာပဲ..ဒီနေ့နံနက်တောင်ခင်ပြန်လာမယ်ထင်လို့ ကြက်တစ် ကောင်ဝယ်ပြီး ချက်ထားတာ ကိုမြင့်ဆိုရင်လည်ပင်းနဲ့တောင်ပံတော် မစားလိုက်ရဘူး၊ ပေါင်တွေ ရင်အုပ်တွေဆို ခင့်သမီးပဲစားသွားတယ်၊ ခင်ကြိုက်တတ်တဲ့ အသည်းအမြစ်လေးတောင် ကိုမြင့် မနည်းတောင်း ပန်ပြီးဖယ်ထားရတယ်'

လို့ လိမ်ညာ ပြောဆို လိုက်ပြန်တယ်။ ပထွေးရဲ့ အလိမ်အညာ စကားတွေကို ကြေးမုံ သည်းမခံနိုင်တော့ဘဲ

'ဒီမှာဦးလေး လူကြီးဖြစ်ပြီး မဟုတ်တာ မပြောပါနဲ့၊ ဦးလေး ချက်တဲ့ ကြက်ကို ကျွန်မမြင်တောင် မမြင်ရဘူး၊ ဟိုဖက်ခြံက ဦးလေး ရဲ့အမျိုးအဆွေလေးတွေကို ခေါ်ကျွေးလိုက်တာမဟုတ်လား၊ ဒီမှာ.. အမေ.. ကျွန်မ စားရတာ ညကကျန်တဲ့ထမင်းသိုးနဲ့ ငါးပိရည်တွေပဲ၊ ထင်းခြမ်းတွေလဲ ကျွန်မပဲခွဲထားတာ၊ တိုင်ကီ၃လုံးကို ရေဖြည့်တာလဲ ကျွန်မပဲ ဖြည့်ထားတာ၊ကျွန်မဘက်က သက်သေရှိတယ်၊အမေမယုံရင် ဖိုးစိန်ကို ခေါ်မေးကြည့်၊ ဖိုးစိန်တောင် ကျွန်မရေထမ်းတာ မကြည့်ရက် လို့ပြောသွားတယ်၊ ကြက်သားဟင်းတွေကို ဦးလေးသူ့အမျိုးတွေ ခေါ်





ကျွေးတာ ကျွန်မသက်သေပြမယ်'

လို့ဆိုပြီး ကြေးမုံဟာ ခြံနီးချင်းက ပထွေးရဲ့ဆွေမျိုးအိမ်ကို သွား ပြီး အငယ်ဆုံးကလေးတစ်ယောက်ကို မုန့်ကျွေးမယ်ဆိုပြီး ခေါ်လာ ခဲ့တယ်။ အိမ်ကို ကလေးရောက်လာတော့ ကလေးကို ထန်းလျက်တစ်ခဲ ကျွေးပြီး

'မောင်လေး ဒီနေ့ဘာဟင်းနဲ့ ထမင်းစားလဲ'

လို့မေးမြန်းလိုက်တော့ ရိုးသားတဲ့ကလေးက

'ကြက်သားနဲ့'

လို့ဖြေတော့ ပထွေးရဲ့မျက်နှာကွက်ခနဲ ပျက်သွားတယ်။ကြေးမုံ က ကလေးခေါင်းကိုပွတ်ပြီး

'မောင်လေးတစ်ယောက်တည်း ကြက်သားဟင်းနဲ့စားတာ လား'

လို့မေးမြန်းလိုက်တော့ ကလေးက ခေါင်းခါပြီး

'တစ်အိမ်လုံး စားတယ်'

လို့ဖြေတယ်။ကြေးမုံက သူ့အကြံအစည် အောင်မြင်တဲ့အတွက် ကလေးကို ပြန်လွှတ်လိုက်ပြီး

'ဒီလူကြီးလိမ်ညာတာကို အမေသိပြီမဟုတ်လား'

လို့မေးမြန်းလိုက်တော့ ပထွေးကို မျက်နှာလုပ်ချင်တဲ့ မိခင်ရဲ့ မျက်နှာတင်းမာသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့ကောင်မ..ညည်းကလူကြီးကိုဒီလိုပြောရလား၊ ပြောဦး.. ပြောဦး'

လို့ဆိုပြီး ကြေးမုံကျောကို တဖုံးဖုံး ထုရိုက်လိုက်တယ်။

ကြေးမုံဟာ မိခင်ရဲ့ရိုက်နှက်မှုကို အံကြိတ်ပြီးခံရင်း သူ့ရဲ့ကျော ကနာကျင်မှုထက် ရင်ထဲကပိုပြီးနာကျင်သွားတယ်။ သားသမီးအရင်း ထက် လင်ကိုပိုပြီး မျက်နှာသာပေးတဲ့ မိခင်ကို အလွန် စိတ်နာသွားမိ တယ်။ ထိုနေ့ညက ဝမ်းနည်းလွန်းလို့ ဖိုးစိန်တို့ အိမ်ကိုတောင်မသွားဖြစ် တော့ဘူး။





ကြေးမုံသည် ညနေစောင်းအချိန်ရောက်တိုင်း မြို့ဦးစေတီသို့ သွားပြီးအမိုက်လှဲကျင်းပြီး ကုသိုလ်ယူလေ့ရှိတယ်။ကုသိုလ်ယူပြီး စေတီတော်ကို ရောက်လာလေ့ရှိတဲ့ ကပ္ပိယကြီးဦးဖြူသီးဆီမှာ ပညာ ဗဟုသုတ နာယူလေ့ရှိတယ်။ကပ္ပိယကြီး ဦးဖြူသီးဟာ ဗေဒင်အတတ်၊ ဆေးအတတ်တို့မှာ လွန်စွာ ဝါသနာကြီးသူ ဖြစ်တယ်။ ကပ္ပိယကြီးက ကြေးမုံကိုဆီးကြိုပြီး

'လာ..ကြေးမုံအဖန်ရည်သောက်၊ နင်နဲ့ငါတွေ့ဆုံခြင်းဟာ ဒီနေ့နောက်ဆုံးနေ့ပဲ၊မနက်ဖြန်ကစပြီး ငါဒီအရပ်ကို စွန့်ခွါတော့မယ်'

လို့ဆိုလိုက်တော့ ကြေးမုံဟာ ဝမ်းပန်းတနည်းဖြစ်ပြီး မျက်ရည် တွေ စီးကျလာတယ်။ ကပ္ပိယကြီးဆီက ဒဝုန်မဂ္ဂဇင်း၊ ဂန္ထလောက



www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇင်း၊သူရိယမဂ္ဂဇင်းစတဲ့ ... စာအုပ်တွေကို ငှားရမ်းဖတ်ရှုပြီး ပညာ ဗဟုသုတ တိုးပွါးခဲ့တယ်။ အခုတော့ ကပ္ပိယကြီး သူ့မကို စွန့်ခွါသွားပြီ၊ ကြေးမုံက ကပ္ပိယကြီးကိုကြည့်ပြီး

'ဘာဖြစ်လို့ဒီအရပ်က စွန့်ခွါတာလဲဦးပေသီးရယ်..'

လို့မေးမြန်းလိုက်တော့ ကပ္ပိယကြီးက

'ဒီမှာ..ကြေးမုံ လောကနီတိထဲမှာ ခြသေ့သည့် လည်းကောင်း၊ သူတော်ကောင်းသည့်လည်းကောင်း၊ဆင်သည့်လည်းကောင်း အကျိုး မရှိသောအရပ်ကို စွန့်ခွါကုန်သည်တဲ့၊ ငါဒီအရပ်က ထွက်ခွါဖို့ အချိန် တန်ပြီ၊ နင့်ကိုနှုတ်ဆက်ခဲ့ပါတယ်'

လို့ပြောလိုက်တော့ ကြေးမုံမျက်ဝန်းထဲမှာ မျက်ရည်တွေ ဝိုင်းနေ မိတယ်။ ဒီနေ့ကစပြီး အင်း၊အိုင်၊ခါးလှည့်၊လက်ဖွဲ့ မန္တရားအစ ရှိတဲ့ လောကီပညာရပ်တွေကို အလွန်ဝါသနာထုံတဲ့ ကပ္ပိယကြီး ဦးဖြူသီး ဟာ ကြေးမုံကိုကျောခိုင်းပြီး ထွက်ခွါသွားတယ်။

ကပ္ပိယကြီးဟာကြေးမုံဘဝကို နားလည်စာနာသူ ဖြစ်လို့ ငါးရာ့ငါးဆယ်နိပတ်တော်၊ ဇာတ်ကြီးဆယ်ဘွဲ့ အစရှိတဲ့ ပုံဝတ္ထုတွေကို ဥပမာပေးခိုင်းနှိုင်းပြီး စိတ်အားတက်ကြွအောင် သင်ကြားပေးခဲ့တယ်။ လောကဓမ္မနဲ့ပတ်သက်တဲ့ အတွေးအမြင် ဗဟုသုတတွေကိုလဲ သင်ကြားပေးခဲ့တယ်။ ကြေးမုံရဲ့ဘဝဟာ ကပ္ပိယကြီးနဲ့တွေ့ဆုံတဲ့ အချိန် ကစပြီး ထိုက်သင့်သလောက် ရင့်ကျက်လာတယ်။ အခုတော့ ကပ္ပိယ





ကြီး ခွဲခွါသွားတဲ့အတွက် ကြေးမုံ ရင်ထဲမှာ စိတ်အားငယ်သယောင် ဖြစ်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ ကြေးမုံဟာ မိခင်စေခိုင်းလိုက်တဲ့အတွက် မြို့စွန်

အိမ်တစ်အိမ်မှာအကြွေးတောင်းထွက်သွားတယ်။ ကြေးမုံ အကြွေ

တောင်းပြီး အပြန်မှာ မြို့ပြင်က ရေကန်ကြီးအနီးမှာ ပထွေး ရဲ့အမျိ

အဆွေလူငယ်တွေနဲ့ဆုံတယ်။

လူငယ်တွေဟာ မြို့ပြင်ရေကန်ကြီးမှာ ရေကူးဖို့ ကြံနေတု

ကြေးမုံကို မြင်တော့ အနိုင်ကျင့်ဖို့ ကြံစည်ကြတယ်။ ဒါကြောင့် ရေကန်

ကြီးရေက ထွက်လာပြီး ကြေးမုံ သွားရာလမ်းကို ပိတ်ရပ်လိုက်တယ်

ကြေးမုံက လူငယ်တွေကိုမျက်မှောင်ကြုတ်ကြည့်ပြီး





'ဘာသဘောလဲ'

လို့မေးမြန်းလိုက်တယ်။ပထွေးရဲ့အမျိုးအဆွေလူငယ်တစ်ဦးက

'နင်ငါတို့ကို လူပါးဝနေတာ များလှပြီ၊ ဒါကြောင့် ငါ့တို့ကို

တောင်းပန်စမ်း'

လို့အမိန့်ပေးလိုက်တယ်။ကြေးမုံကသက်ပြင်းချပြီး

'မတောင်းပန်ဘူး ဆိုရင်ရော'

လို့မခံ့လေးစား ပြန်မေးလိုက်တယ်။လူငယ်တစ်ဦးက

'မတောင်းပန်ရင် နင့်လက်ထဲက ပိုက်ဆံတွေ ငါတို့ကို ပေးရ

မယ်'

လို့ဆိုလိုက်တယ်။ ကြေးမုံက ခေါင်းယမ်းပြီး

'ငါ့အမေအကြွေးတောင်းတဲ့ ပိုက်ဆံနော်'

လို့ဆိုလိုက်တယ်။လူငယ်တစ်ဦးက

'ဂရုမစိုက်ဘူး၊ ငါတို့ဦးလေး နင့်ပထွေးရှိတယ်'

လို့ဆိုလိုက်တယ်။ကြေးမုံဟာ လူငယ်ရဲ့စကားကြောင့် ရင်ထဲ

မှာနာကျင်သွားပြီး အနီးပတ်ဝန်းကျင်ကို မသိမသာ မျက်လုံးဝေ့ ကြည့်

လိုက်တော့ သစ်ကိုင်းခြောက်တစ်ချောင်းကို တွေ့ရတယ်။

ကြေးမုံဟာ ရှေ့တည့်တည့်မှာ ပိတ်ရပ်နေတဲ့လူငယ်ရဲ့ပေါင်

ကြားကို ဒူးနဲ့ပစ်တိုက်လိုက်တော့ လူငယ်ဟာ အွတ်ခနဲအော်ပြီး ညွတ်

ခွေကျသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြေးမုံဟာ လူငယ်လက်ကလွတ်တာနဲ့ သစ်ကိုင်းခြောက်ကြီး ကို ကောက်ယူလိုက်ပြီး သိန်းစွန်ရဲ့နည်းဗျူဟာအတိုင်း လူငယ်တွေကို အလျှင်အမြန် လိုက်ရိုက်လိုက်တယ်။

လူငယ်တွေဟာ ရုတ်တရက် အလစ်အငိုက်မိသွားပြီး ကြေးမုံ ရိုက်နှက်တာခံလိုက်ရတယ်။ ကြေးမုံဟာ လူငယ်တွေကို ရိုက်နှက်ပြီး တော့ အိမ်ရှိရာကို တစ်ခါတည်း မပြေးဘဲရေကန် အနီးမှာရှိတဲ့ ကျောက်တုံးကြီးပေါ်တွယ်ကပ် တက်လိုက်တယ်။ ကျောက်တုံးကြီးပေါ် ကို ရောက်ရင် လူငယ်တွေကိုအပေါ်စီးက တိုက်ခိုက်နိုင်လို့ တစ်ယောက် နဲ့အများလဲ ဂရုစိုက်စရာမလိုဘူးလို့ယူဆတယ်။

ကြေးမုံငယ်စဉ်က ကျောက်တုံးကြီးပေါ် တက်ကစားနေကြမို့ အလွယ်တကူတက်နိုင်တယ်။ ကြေးမုံဟာ ကျောက်တုံးကြီးပေါ်မှာ အကျအနထိုင်ပြီး

'သတ္တိရှိတဲ့ကောင်တက်ခဲ့၊ နင်တို့ကို သစ်ကိုင်းစာ ကျွေးလိုက် မယ်'

လို့ခြိမ်းခြောက်လိုက်တော့ လူငယ်တွေဟာ ကျောက်တုံးကြီးပေါ် မတက်ရဲဘဲ အောက်ကနေ မကျေမနပ် ကြုံးဝါးနေကြတယ်။ ကြေးမုံက ကျောက်တုံးပေါ်ကနေ သဘောကျဟန်နဲ့ တဟားဟား ရယ်မောပြီး

'ဘယ်လိုလဲ မလာရဲဘူးလား၊ နင့်တို့ အစွမ်းလောက်နဲ့ ငါ့ကိုများ ယှဉ်ဖို့ ကြိုးစားသေးတယ်၊ခေါင်းဟက်တက် ကွဲသွားမယ်'





လို့မထီလေးစားပြောလိုက်လို့ လူငယ်တွေ မကျေမချမ်း ဖြစ်ပြီး ကျောက်တုံးကြီးအောက်က ထွက်ခွာသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ကြေးမုံဟာ မိခင်ဖြစ်သူက ခိုင်းစေသဖြင့် မြို့ဦး
ကျောင်းဆရာတော်ကြီးကျောင်းကိုဆွမ်းချိုင့်သွားပို့ရတယ်။

ဆွမ်းချိုင့်ပို့ရင်းကျောင်းပြင်ပသို့ မျက်လုံးဝေ့ကြည့်လိုက်ရာ ဝါးရင်းတုတ်ကိုယ်စီ ကိုင်ထားတဲ့ ပထွေးရဲ့အမျိုးအဆွေ လူငယ် တစ်စု ကိုတွေ့ရတယ်။ ကြေးမုံဟာ ပထွေးရဲ့ အမျိုးအဆွေလူငယ်တွေသူမကို မကျေပွဲဆင်နွှဲဖို့အတွက် ကျောင်းထိပ်မှာ လာစောင့်နေကြောင်း သတိ ပြုမိလိုက်တယ်။

ကြေးမုံဟာ လူငယ်တွေကို ယှဉ်ပြိုင်နိုင်မဲ့ နည်းလမ်းကို ရှာဖွေ ကြည့်တယ်။ ခဏနေတော့ ခြစည်းရိုးအုတ်တံတိုင်း တွေကိုဆေးသုတ်





...ဟာ မြင်လို့ခေါင်းထဲကို အကြံတစ်ခု လက်ခနဲဝင်လာတယ်။

ကြေးမုံဟာ အကြံရရခြင်း ကျောင်းပေါ်က ဆင်းပြီး ဆေးသုတ် ...နေရာကို ရောက်သွားတယ်။ ဒီအခါမှာ ဆေးသုတ်တဲ့ လူနှစ် ...ယောက်ဟာ စေတီရင်ပြင်ပေါ်မှာ ထမင်းစားနေဖို့ထွက်သွားတယ်။

ကြေးမုံဟာ ဆေးသုတ်ထားတဲ့ အုတ်နံရံမှာ စာအနည်းငယ် ...ပြီး ရေးသူ မောင်အေး၊ အုန်းမြင့်၊ လှဆွေလို့ရေးလိုက်တယ်။ ပြီး ...တော့ ကျောင်းပေါ်ကို ဟန်မပျက် ပြန်တက်လာပြီး ဆွမ်းချိုင့်တွေကို ...ကြောနေလိုက်တယ်။

ခဏကြာတော့ ဆေးသုတ်သမားတွေ ထမင်းစားရာက ပြန်လာ ...အုတ်တံတိုင်းပေါ်မှာရေးထားတဲ့ စာတွေကို မြင်တော့ ပွက်လောရိုက် ...သွားတယ်။ ခဏကြာတော့ ဆရာတော်ကြီးနဲ့ ကျောင်းက ဘုန်းကြီးတွေ ...လုံး ဒေါသပုန်ထသွားတယ်။

စာက

*မြို့ဦးကျောင်းက ကျောင်းသားတွေ အပျင်းကြီးလို့ စာညံ့ပေ...*

*ရေးသူ-မောင်အေး၊ အုန်းမြင့်၊ လှဆွေ*

လို့ရေးသားထားတယ်။ ကျောင်းက ကိုရင်နဲ့ ဦးပဉ္စင်းတွေဟာ ...သရမ်းတဲ့ကောင်တွေကို ကျောင်းပတ်ဝန်းကျင်မှာ ရှာမယ်ဆိုပြီး ...သွားတော့ ပထွေးရဲ့ အမျိုးအဆွေလူငယ်တွေ ဘုမသိဘမသိနဲ့ ...လာကြတယ်။ ဆရာတော်ကြီးက လူငယ်တွေကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့ထဲမှာ မောင်အေး ဆိုတာ ဘယ်သူလဲ'

လို့မေးမြန်းတော့ လူငယ်တစ်ဦးက

'တင့်ပါ တပည့်တော်ပါ'

လို့ ဖြေလိုက်တယ်။ ဆရာတော်ကြီးရဲ့မျက်နှာတင်းမာသွားပြီ

' အုန်းမြင့်နဲ့ လှဆွေ ပါသလား'

လို့ မေးမြန်းလိုက်တော့ လူငယ်တွေကသူတို့ ပါဝင်ကြော

ဖြေကြတယ်။

သူတို့ရဲ့ အဖြေကြောင့် ဆရာတော်ကြီးဒေါသပုန်ထသွားပြီး

'မင်းတို့ ငါ့ကျောင်းကို လာစော်ကားတယ်ပေါ့လေ.. ဒီကော

တွေကို ဆုံးမဖို့ ကြိမ်လုံးသွားယူစမ်း'

လို့အမိန့်ပေးလိုက်ပြီး ပထွေးရဲ့ အမျိုးအဆွေလူငယ်တွေဟ

ဆရာတော်ကြီးကို နားမလည်ဟန်နဲ့ ကြည့်ပြီး

'တပည့်တော်တို့မှာ ဘာအပြစ်ရှိလို့လဲဆရာတော်ဘုရား'

လို့ လျှောက်တင်လိုက်တယ်။ဆရာတော်ကြီးက လူငယ်တွေ

အမေးကို မဖြေတော့ဘဲ လက်ထဲက ကြိမ်လုံးနဲ့ တစ်ယောက်ပြီးတစ်

ယောက် လှည့်ရိုက်လိုက်တာ လူငယ်တွေ အမလေးအဘလေး အော်ပြ

ဘုမသိဘမသိ အရိုက်ခံလိုက်ရတယ်။ သူတို့ဟာ အရိုက်ခံပြီးတော့

ကျောင်းနံရံမှာ ဆေးတွေနဲ့ ရေးထားတဲ့ သူတို့နံမည်တွေကို တွေ့

တယ်။ ဒီအချိန်မှာပဲ ကျောင်းပေါ်ကငနေ သဘောကျဟန်နဲ့ ရပ်ကြည့်





နေတဲ့ ကြေးမုံကို မြင်သွားပြီး အခြေအနေအရပ်ရပ်ကို သဘောပေါက်

သွားတယ်။

ကြေးမုံက ကျောင်းလှေကားထစ်ပေါ်ကနေ

'ဟား.ဟား.ဟား ဖါးတုလို့ခရုခုန်ရင် အိုင်ပျက်ရုံသာ ရှိတော့

မပေါ့'

လို့သရော်လှောင်ပြောင်လိုက်တော့ လူငယ်တွေဟာ ကြေးမုံကို

စားမတတ်ဝါးမတတ်ကြည့်ပြီး လှဆွေက

'နေနှင့်ဦးပေါ့ကြေးမုံ'

လို့ကြုံးဝါးလိုက်ကြတယ်....။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်ကစပြီး ပထွေးရဲ့ အမျိုးအဆွေ လူငယ်တွေဟာ ကြေးမုံကို အမုန်းကြီးမုန်းတီးပြီး ရန်ငြိုးရန်စ ထားခဲ့ကြတယ်။ ဆရာတော်ကြီး အရိုက်ခံရလို့ ပထွေးရဲ့အချစ်တော် အုန်းမြင့်ဆိုတဲ့ လူငယ်ဟာ ကြောက်ဖျားဖျားသွားပြီး အိပ်ယာထဲမှာ တစ်ပတ်လောက်နေလိုက်ရတယ်။ ဒီအကြောင်းတွေကို ပထွေးပြန်သိသွားတော့ ကြေးမုံကို ရန်ငြိုးရန်စ ထားခဲ့တယ်။

ကြေးမုံဟာ ပထွေးဖြစ်သူရဲ့ရန်ငြိုးရန်စကို ရိပ်စားမိလို့ ရွာမှာနေရတာမပျော်တော့ဘူး။မိခင်ဖြစ်သူ ကိုယ်တိုင်ပင် ကြေးမုံ စကားကိုနားမဝင်တဲ့အတွက် အားကိုးရာမဲ့သလို ခံစားရတယ်။ ဒါကြောင့် မိခင်ထံကရတဲ့မဖြစ်စလောက် မုန့်ဘိုးလေးတွေကို ကျစ်ကျစ်ပါအောင် စုဆောင်းထားခဲ့တယ်။





တစ်နေ့တော့ ကြေးမုံရဲ့ပထွေးဟာ မြို့ပေါ်က လူအချို့နဲ့ ရွှေစက်တော်ဘုရားဖူး ထွက်သွားတယ်။ကြေးမုံရဲ့မိခင်ကလဲ ဘူတာမှာ ဈေးရောင်းထွက်တယ် ဆိုတော့ အိမ်မှာ ကြေးမုံတစ်ယောက်တည်း ကျန်ခဲ့တယ်။ ကြေးမုံဟာ အိမ်မှာ တစ်ဦးတည်း ကျန်နေတဲ့အတွက် သတိကြီးစွာ ထားပြီးနေထိုင်ခဲ့တယ်။ သူမကို ရန်ငြိုးထားတဲ့ ပထွေးရဲ့ အမျိုးအဆွေ လူငယ်လေးတွေရဲ့ ရန်ရှိတယ်။

တစ်နေ့တော့ ကြေးမုံ အိမ်ထဲမှာ ဂန္ထလောက မဂ္ဂဇင်း ဖတ်ရှုနေတုန်း ခြံဝက လူသံလိုလို ကြားလိုက်လို့ ချောင်းကြည့်လိုက်တော့ မြုံကို ပထွေးရဲ့အမျိုးလူငယ် ၃ယောက် ကိတ်တဆိတ် ချည်းကပ်လာတာတွေ့ရတယ်။ ကြေးမုံ အိမ်ရှေ့တံခါးမကြီး အနားကပ်ပြီး လူငယ်တွေ



www.burmeseclassic.com

www.burmeseclassic.com



စကားသံကို နားထောင်ကြည့်တော့ အုန်းမြင့်ဆိုတဲ့ လူငယ်က အိမ်ရှေ့တံခါးမကြီးကို တွန်းကြည့်ပြီး

'ကောင်မ အိမ်ထဲမှာ ရှိတာ သေချာတယ်၊ ငါ့အထင်တော့ အိမ်မှာ ဆူမဲ့သူ မရှိဘူးထင်ပြီး အိပ်နေတာဖြစ်မယ်၊ မီးဖိုချောင်တံခါးကို သွားဖွင့်ကြည့်မယ်'

ဆိုပြီး အိမ်အနောက်ဘက်ကို ထွက်သွားတယ်။ ကြေးမုံဟာ အုန်းမြင့်နဲ့ လူငယ်တွေ အိမ်အနောက်ဘက်ကို ထွက်သွားတော့ အိမ်ရှေ့တံခါးမကြီးကို အသံမကြားအောင် ဖွင့်လိုက်ပြီးတိတ်တဆိတ် ထွက်လိုက်တယ်။ ကြေးမုံ အိမ်အပြင်ကို ရောက်တော့ တံခါးမကြီးကို အပြင်ကနေ ချက်ချထားလိုက်တယ်။

လူငယ်သုံးယောက်ဟာ မီးဖိုချောင်တံခါးကို ဖွင့်ပြီး ကြေးမုံကို ရန်ပြုဖို့ အိမ်ထဲကို ဝင်ရာကြတယ်။ ကြေးမုံဟာ အိမ်အနောက် ဘက်ကို တဟုန်ထိုး ပြေးသွားပြီး မီးဖိုချောင်တံခါးကို ပိတ်လိုက်ပြန်တယ်။ လူငယ်တွေဟာ ကြေးမုံကို ရှာမရလို့ တွေးရခက်ပြီး အိမ်ထဲက ပြန်ထွက်မယ် ကြံတော့ ကြေးမုံ အပြင်ကပိတ်ထားလို့ မီးဖိုချောင်တံခါးကို ပြန်ဖွင့်လို့မရတော့ဘူး။

အုန်းမြင့်က မျက်မှောင်ကြုတ်ပြီး

'ဟင်..တံခါးဘာလို့ ချက်ကျသွားတာလဲ'

လို့ဆိုပြီး တံခါးကို တွန်းပြီး တဒုန်းဒုန်းထုကြည့်တယ်။





မောင်အေး ဆိုတဲ့ လူငယ်က

'အိမ်ရှေ့တံခါးမကြီးက ပြန်ထွက်မယ်'

ဆိုပြီး အိမ်ရှေ့ကို ဦးဆောင်ထွက်သွားတယ်။

ဒါပေမဲ့ အိမ်ရှေ့တံခါးမကြီးကိုလဲ ကြေးမုံအပြင်ကချက်ချထားလို့ ဖွင့်မရတော့ဘူး။ လူငယ်တွေဟာ တံခါး နှစ်ချပ်လုံး ဖွင့်မရလို့ ထိတ်လန့်တုန်လှုပ်ပြီး ကြေးမုံ လက်ချက်ဆိုတာ သဘောပေါက်သွားတယ်။ လှဆွေဆိုတဲ့ လူငယ်က အထိတ်တလန့်နဲ့

'ဒါ...ဒါ...ဟိုကောင်မ ကြေးမုံ လက်ချက်ဖြစ်မယ်၊ ငါတို့ကို အိမ်ထဲမှာ ပိတ်လိုက်ပြီ'

လို့ဆိုတော့ မောင်အေးက ကြောက်ရွံ့ဟန်နဲ့

'အိမ်အပြင်ကို ထွက်လို့ မရရင်သေပြီ'

လို့ဆိုလိုက်တယ်။ အိမ်ကိုပျဉ်းကတိုးသစ်တွေနဲ့ အခိုင်အမာ တည်ဆောက်ထားတဲ့အတွက်အလွယ်တကူ ပြန်ထွက်ဖို့လဲမဖြစ်နိုင်ဘူး။

ကြေးမုံဟာ ပထွေးရဲ့ အမျိုးအဆွေ လူငယ်တွေကို အိမ်ထဲမှာ ပိတ်လှောင်ထားပြီး မြို့လယ်က စံပြရုပ်ရှင်ရုံမှာ 'သူပုန်ကြီး ဇာတ်ကား' သွားကြည့်နေလိုက်တယ်။

ရုပ်ရှင်ပြီးတော့မှ ဂတ်တဲကို သွားပြီး ဌာနအုပ်ကြီးရှေ့မှာ ထိတ်လန့်တဲ့ အမူအယာနဲ့



www.burmeseclassic.com

www.burmeseclassic.com



'ကယ်ကြပါဦးရှင်..ကျွန်မတို့အိမ်ထဲကို လူဆိုးသူခိုးတွေ ရောက်နေပါတယ်'

လို့တိုင်ကြားလိုက်တော့ဌာနအုပ်ကြီးက မျက်မှောင်ကြုတ်ပြီး

'အေးအေးဆေးဆေးပြောပါ ကလေးမ မကြောက်ပါနဲ့'

လို့ ဆိုလိုက်တော့ ကြေးမုံက နတ်သံနှောပြီး

'ကျွန်မ အိမ်မှာ မိဘတွေ မရှိပါဘူး၊ ဘုရားဖူး ခရီးထွက်နေပါတယ်၊ မိဘတွေ မရှိတုန်း ကျွန်မ တစ်ယောက်တည်း အိမ်မှာ နေရတာ ပျင်းလို့ မြို့လယ်ရုံမှာ သူပုန်ကြီး ဇာတ်ကားသွားကြည့်ပါတယ်၊ သူပုန်ကြီးဇာတ်ကားပြီးလို့ အိမ်ပြန်လာတော့ အိမ်ထဲမှာ သူခိုးတွေ ရောက်နေတဲ့ အသံကို ကြားရပါတယ်၊ ဒါကြောင့်လဲ အိမ်နောက်ဖေးတံခါးကို ချက်ချပြီး ဌာနအုပ်ကြီးတို့ ဆီကို ပြေးလာတာပါ'

လို့ဆိုလိုက်တော့ ဌာနအုပ်ကြီးက တက်ခေါက်လိုက်ပြီး

'နေ့ခင်းကြောင်တောင်ကြီး သူခိုး ဝင်တယ်ဆိုတော့ တော်တော်အတင့်ရဲတဲ့ အပြုအမူပဲ၊ ဒီကောင်တွေကို ကလေးမက ချက်ချထားတယ်ဆိုတော့ အိမ်ထဲမှပဲ ရှိဦးမယ် မြန်မြန်သွားဖမ်းခေါ်ခဲ့၊ ဂါတ်တဲရောက်မှ ငါ့လက်စွမ်းပြရမယ်'

လို့ ကြုံးဝါးပြီး ကြေးမုံရဲ့ နေအိမ်ကို လွှတ်လိုက်တယ်။ကြေးမုံကိုတော့

'ကလေးမ ဂါတ်တဲမှာ အေးအေးဆေးဆေး အနားယူပြီး





စောင့်နေ'

လို့ပြောလိုက်တယ်။ ကြေးမုံဟာ ဌာနအုပ်ကြီးညည့်ခဲ့တဲ့ လက်ဖက်သုပ်နဲ့ ရေနွေးကြမ်းကို စားသောက်ရင်း ဂါတ်တဲမှာစောင့်နေလိုက်တယ်။ ခဏကြာတော့ ပုလိပ်တွေရဲ့ ဂျစ်ကားပေါ်မှာ အကြောက်အကန် ငြင်းဆန်ပြီး အထိတ်တလန့်လိုက်ပါလာတဲ့ အုန်းမြင့်တို့ လူစုကို တွေ့လိုက်ရတယ်။ ကြေးမုံဟာ အုန်းမြင့်တို့ လိုက်ပါလာတဲ့ ဂျစ်ကားဂါတ်တဲရှေ့မှာ ရပ်တာနဲ့ အနောက်ဘက်အပေါက်ကနေ ဂါတ်တဲအပြင်ကို ထွက်ခဲ့တယ်။ ပြီးတော့ ဂါတ်တဲနဲ့ မနီးမဝေးမှာ ရှိတဲ့ ကာကာဆိုင်မှာသွားထိုင်ပြီး အချိန်ဖြုန်းနေလိုက်တယ်။ ဌာနအုပ်ကြီးက အုန်းမြင့်တို့လူစုကို ဖမ်းခေါ်လာပြီး ကြေးမုံကို မမြင်တဲ့အတွက်

'ကလေးမ ဘယ်ရောက်သွား သလဲမသိဘူး၊ သူခိုးတွေကို ဖမ်းခေါ်လာပြီ'

လို့ဆိုလိုက်တော့ မောင်အေးက ဌာနအုပ်ကြီးကို မျက်နှာငယ်လေးနဲ့ကြည့်ပြီး

'ကျွန်တော်တို့ သူခိုး မဟုတ်ပါဘူး၊လူကောင်းတွေပါ'

လို့ဆင်ခြေပေးလိုက်တော့ ဌာနအုပ်ကြီးက သူ့ပါးစပ်ကို ဖြဲပြလိုက်ပြီး

'ဟား..ဟား..ဟား ငါနံမည် တင်အေးတဲ့၊ ပုလိပ်လုပ်စားတာကိုနေပြီး ဘယ်သူခိုးမှ ခိုးပါတယ်လို့ ဝန်မခံဘူး၊ ခိုးထုပ်ခိုးထည်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မိနေတာတောင် မှန်လာဉ လုပ်ချင်တဲ့ကောင်လေးတွေ သေပေတော့

ဟော့ကောင်တွေ ဒီကောင်လေးတွေကို မှတ်လောက်သားလော

အောင် ဆုံးမလိုက်စမ်း'

လို့ဆိုလိုက်တော့ ဌာနအုပ်ကြီးရဲ့ တပည့်ကျော်ပုလိပ်တွေ

အုန်းမြင့်တို့ လူစုကို

'မိမဆုံးမ ဖမဆုံးမ ကောင်လေးတွေ၊ သေပေတော့၊ ငယ်ငယ်

ရွယ်ရွယ်နဲ့ သူခိုးဖြစ်နေတယ်'

လို့ကြုံးဝါးပြီး တစ်ယောက်တစ်လက် ဝိုင်းဝန်းရိုက်နှက်

တယ်။ အုန်းမြင့်တို့ လူစု ပုလိပ်တွေရဲ့ အရိုက်အနှက်ခံပြီးမှ မိဘ

ရောက်လာပြီး သူတို့သားသမီးတွေ သူခိုးမဟုတ်ကြောင်း ရှင်

လင်းပြတော့ ပုလိပ်တွေ အူကြောင်ကြောင် ဖြစ်သွားတယ်။

ဒီအချိန်မှာကြေးမုံဟာ ဂါတ်တဲကို မပြန်တော့ဘဲ အိမ်ကိုသ

ရောက်အောင်ပြန်ခဲ့တယ်။ မကြာမီ မိဘတွေရဲ့ ကောင်းမှုကြော

အုန်းမြင့်တို့ ဂါတ်က ပြန်လွတ်လာကြတယ်။ အိမ်ကိုရောက်တာ

လူငယ်တွေရဲ့မိဘတွေဟာ ကြေးမုံကို မကျေမချမ်းနဲ့ ဝိုင်းဝန်းဆဲ

ကြတယ်။ ကြေးမုံရဲ့ ပထွေးပြန်ရောက်လာတော့ သူ့အချစ်တော်

အုန်းမြင့်ကို ပုလိပ်တွေ ရိုက်နှက်ကြောင်း သိရတော့ ကြေးမုံကို ဒေါ

ခြောင်းခြောင်းထွက်ပြီး

'နင်တော်တော် မိုက်ရိုင်းတဲ့ ကောင်မလေးပဲ၊ နင့်အမေ ပြန်လာ





နင်မိုက်ရိုင်းတာကို တိုင်ရမယ်'

လို့ပြောတော့ ကြေးမုံက

'ဦးလေး ဒီလို မတရား မပြောပါနဲ့၊ ဦးလေးရဲ့ တူတွေက မိန်း

ကလေး တစ်ယောက်တည်း နေတဲ့အိမ်ထဲကို ခိုးဝင်တာလဲ ပြောပါဦး'

လို့ဆိုလိုက်တော့ ပထွေးဖြစ်သူက

'ငါ့တူတွေက အိမ်ထဲကို ဘယ်တော့မှ ခိုးမဝင်ဘူး၊ ငါ့တူတွေက

ငါရှိတယ် အောက်မေ့လို့ ဝင်လာခဲ့တာဟဲ့'

လို့ဆိုလိုက်တော့ ကြေးမုံက နှုတ်ခမ်းကို မဲ့လိုက်ပြီး

'ဦးလေး ဘုရားဖူးထွက်နေတာ လူတိုင်းသိတယ်။ ဦးလေး

မရှိမှန်းသိရက်နဲ့ ဦးလေးရဲ့တူတွေက ကျွန်မတို့ အိမ်ထဲကို ခိုးဝင်စရာ

အကြောင်းမရှိဘူး'

လို့ဆိုလိုက်တော့ ပထွေးရဲ့မျက်နှာပျက်သွားပြီး

'နင့်ကို နင့်အမေ ပြန်လာမှ တိုင်ပြောမယ်'

လို့ပြောလိုက်တော့ ကြေးမုံက အံကိုကြိတ်ပြီး

'တိုင်ပေါ့..အမှန်တရားကို ပန်းကန်ပြားနဲ့ အုပ်လို့မရဘူး'

လို့ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကြေးမုံရဲ့ မိခင်ပြန်လာတော့ အပြစ်တွေ အားလုံး ကြေးမုံ ခေါင်းပေါ်ပုံကျသွားတယ်။ မိခင်ဟာ ကြေးမုံကို မကျေမချမ်း ကြည့်ပြီး

'မိုက်ရိုင်းလှချည်လား၊ကြေးမုံ နင်ဘာကြောင့် ဒီလောက် မိုက်ရိုင်းတာလဲ၊ နင်ဘာကြောင့် သူတစ်ပါးကို ဒုက္ခပေးရတာလဲ'

လို့ဆိုလိုက်တော့ ကြေးမုံက မိခင်ကို နားမလည်ဟန်နဲ့ ကြည့်ပြီး

'အမေ..သမီးက အစော်ကားခံရတာပါ၊ မိန်းကလေး တစ်ယောက်တည်း ရှိတဲ့အိမ်ကို ဒီကောင် သုံးကောင်ဝင်လာတာ သမီး အပြစ်လား'

လို့ဆိုလိုက်တော့ မိခင်က ကြေးမုံကို စိမ်းစိမ်းကားကား ကြည့်ပြီး အနီးက တုတ်တစ်ချောင်းကိုယူရင်း





'နင်အပြစ်..နင့်အပြစ်ဟဲ့၊ ငြိုလ်ကောင်မရဲ့ နင်ကြောင့် ကိုမြင့်ရဲ့ မျိုးတွေကို ငါဘယ်လို မျက်နှာပြရမလဲ၊ တိရစ္ဆာန်မရဲ့'

လို့ဆိုပြီး ကြေးမုံကို တုတ်ချောင်းနဲ့ မရပ်မနား ရိုက်နေတယ်။ ကြေးမုံဟာ အချက်ပေါင်းများစွာ ရိုက်နှက်နေတဲ့ မိခင်ရဲ့ တုတ် ချက်တွေ ကို အသားကမနာဘဲ ရင်ထဲက နာကျင်နေမိတယ်။ သမီးဘက်က မနာဘဲ ပထွေးရဲ့ အမျိုးအဆွေတွေဘက်က နာနေတဲ့ မိခင်ရဲ့ စိတ်ဓာတ် ကို အသည်းထဲက နာကျင်နေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြေးမုံဟာ တစ်ညလုံး အိပ်မပျော်ဘဲ ရင်ထဲက နာကျင်လွန်းလ တအင့်အင့် ရှိုက်ငိုနေမိတယ်။ မိခင်ရဲ့ နှလုံးသားမှာ သူမအတွ နေရာမရှိသလို ခံစားရတယ်။ ဒီအချိန်မှာ သူမရဲ့ ဆရာကပ္ပိယ ပြောတဲ့ စကားတွေကိုလဲ ပြန်လည်ကြားယောင်လာတယ်။

'ဒီမှာ ကြေးမုံ လောကမှာ ခြသေ့ံသည်လည်းကောင်း၊ ဆ သည်လည်းကောင်း၊ သူတော်ကောင်းသည်လည်းကောင်း အကျိုးမ သောအရပ်ကို စွန့်ပြီး သွားကုန်၏ လို့ ဆိုထားတယ်။ နောက်ပြီး အ အရပ်၌ မြတ်နိုးခြင်းလည်း မရှိ ချစ်ခြင်းလဲမရှိ၊ အဆွေခင်ပွန်းလ မရှိ၊ တစ်စုံတစ်ယောက်သော အတတ်ပညာ သင်စိမ့်သောသူလည်း ထိုအရပ်၌ တစ်နေ့တစ်ရက်မျှ မနေအပ်လို့လဲ ဆိုထားတယ်'





မိခင်မေတ္တာ မရှိတဲ့ အရပ်မှာ နေချင်စိတ်မရှိတော့ဘဲ ဒီအရပ်က အမြန်ဆုံး ထွက်ခွါချင်စိတ်တွေ တဖွါးဖွါး ဖြစ်ပေါ်လာတယ်။ ကြေးမုံ ဟာ တစ်ညလုံး စဉ်းစားပြီး နောက်တစ်နေ့မှာ ထို အရပ်က ထွက်ခွာ သွားတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဒီအရပ်မှာ သူ့အတွက် မြတ်နိုး ခြင်းလည်း မရှိ၊ ချစ်ခြင်းလဲမရှိ၊ အတတ်ပညာ သင်ပေးတဲ့ ဆရာလဲ မရှိ၊ အဆွေ ခင်ပွန်းလည်း မရှိ။ ထိုအရပ်က စွန့်ခွာရုံသာ ရှိတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြေးမုံဟာ နံနက်အရုဏ်တက် အချိန်မှာ အိပ်ယာက အသံ မကြားအောင်ထပြီးလွယ်အိတ်အဟောင်းလေးထဲကို အဝတ်တစ်စုံ နှစ်စုံထည့်လိုက်တယ်။ ပြီးတော့ နောက်ဖေးပေါက်က ထွက်ပြီး အိမ်ပြင် ကို ထွက်ခဲ့တယ်။

ခြံပြင်ကိုရောက်တော့ နှင်းမှုံထဲမှာဝိုးတဝါးမြင်နေရတဲ့ နေရပ်ကို နောက်ဆုံးအနေနဲ့ ကြည့်ပြီး ၁၅ နှစ်နီးနီးနေထိုင်ခဲ့တဲ့ အိမ်ကလေးကို ကျောခိုင်းထွက်ခွာပြီး ထွက်ခဲ့တယ်။

ကြေးမုံရဲ့ ဘဝခရီးလမ်း စချေပြီ..ကြေးမုံဟာ ဘဝခရီးအစ မှာ ရင်ကိုကော့ပြီး အိမ်ကထွက်ခဲ့တယ်။ အိမ်နဲ့ခပ်လှမ်းလှမ်းမှာ ဘူတာရုံ ရှိတယ်။ ဘူတာရုံမှာ ခဏကြာအောင် ရထားစောင့်ပြီးရထား လာတော





လူရှင်းတဲ့ တွဲတစ်တွဲမှာ ဝင်ထိုင်လိုက်တယ်။ရထားပြန် ထွက်တော့ တွဲပေါက်ဝကနေ မတ်တပ်ရပ်ပြီး အဝေးမှာ ကျန်နေတဲ့ မြို့ကလေးကို ကြည့်လိုက်တယ်။ ကြီးပွားတိုးတက်အောင် ကြိုးစားပြီး ချမ်းသာကြွယ်ဝ မှ မြို့ကို ပြန်လာမယ်လို့ ဆုံးဖြတ်လိုက်တယ်။

ကြေးမုံဟာ ရထားနဲ့ ဘူတာတွေ တစ်ဘူတာပြီး တစ်ဘူတာ ကျော်ဖြတ်ပြီး လိုက်ပါသွားခဲ့တယ်။မြို့တစ်မြို့ကို ရောက်တော့

'ဒီမြို့မှာ အလုပ်တစ်နေရာ ရှာပြီး နေထိုင်ရင် ကောင်းမယ် '

လို့တွေးပြီး ဘူတာမှာ ဆင်းလိုက်တယ်။ ကြေးမုံဟာ ဘူတာ လမ်းအတိုင်းလျှောက်လှမ်းလာရင်း မြို့တစ်နေရာကို ရောက်တော့ ထမင်းဆိုင်ကြီးတစ်ဆိုင်ကို တွေ့ရတယ်၊ ဆိုင်ကြီးရဲ့ အနောက်မှာ မဆေးရသေးတဲ့ အိုးခွက်ပန်းကန်တွေ တောင်လိုပုံနေတာ တွေ့တယ်။

ကြေးမုံဟာ အလုပ်ကို နှုတ်နဲ့တောင်းတာထက် အလုပ်နဲ့ တောင်းတာ ပိုကောင်းမယ်လို့ တွေးမိပြီး တောင်လိုပုံနေတဲ့ ပန်းကန် ခွက်ယောက်တွေကို ဝင်ဆေးနေလိုက်တယ်။ ကြေးမုံ ပန်းကန်ခွက် ယောက်တွေ ဆေးကြောနေတာ ဆိုင်ထဲက လူတွေဘယ်သူမှ သတိ မထားမိဘူး။ ပန်းကန်တွေ အားလုံးပြောင်သွားမှ ဆိုင်ရှင် မိန်းမ ရောက်လာပြီး ပန်းကန်တွေ ဆေးကြောနေတဲ့ ကြေးမုံကို တွေ့သွားပြီး အံ့ဩဟန်နဲ့

'ဟဲ့..နင်ဘယ်သူလဲ၊ ဘာလို့ ငါ့ဆိုင်က ပန်းကန်တွေ လာဆေး



www.burmeseclassic.com

www.burmeseclassic.com



နေတာလဲ'

လို့မေးမြန်းလိုက်တယ်။ ကြေးမုံက ဆိုင်ရှင်မိန်းမကို နှစ်လိုဖွယ် ပြုံးလိုက်ရင်း

'ကျွန်မဆိုင်ရှေ့က ဖြတ်သွားတော့ ဆိုင်အနောက်မှာ ဆေးရမဲ့ အိုးခွက်ပန်းကန်တွေ တောင်လိုပုံနေလို့ မနေနိုင် မထိုင်နိုင် ဝင်ဆေးလိုက်တာပါ'

လို့ဖြေလိုက်တော့ ဆိုင်ရှင် မိန်းမကြီးက ကြေးမုံကို သဘောကျဟန်နဲ့ ကြည့်ပြီး

'ကြိုက်သွားပြီ၊ နင့်လို မခိုမကပ်တဲ့ စိတ်ဓာတ်ရှိတဲ့ လူမျိုးတွေ အခုခေတ်မှာ သိပ်ရှားပါးနေပြီ၊ နင့်မှာ အလုပ်မရှိရင် ငါ့ဆိုင်မှာဝင် လုပ်ပါလား'

လို့ ဖိတ်ခေါ်လိုက်တော့ ကြေးမုံဟာ သူမတွက်ကိန်း မှန်သွားပြီ ဆိုပြီး ထမင်းဆိုင်မှာ ဝင်လုပ်ဖို့ ဝမ်းသာအားရ လက်ခံလိုက်တယ်။ ကြေးမုံရဲ့ဆိုင်ရှင်မိန်းမ နံမည်က မမစိန်လို့ သိရတယ်။ မမစိန်ရဲ့ထမင်းဆိုင်ဟာ မြို့လယ်မှာ ရှိလို့ စားသောက်တဲ့သူ အတော်အသင့် ရှိတယ်။ ထမင်းဆိုင်မှာ ဟင်းချက်တဲ့အလုပ်ကို မမစိန်ကိုယ်တိုင် ဦးစီးပြီးလုပ်ကိုင်တယ်။ မမစိန် ဆိုင်မှာကူဘော်လောင်ဖက် မိန်းကလေး ၄ ယောက် ရှိတယ်။ကြေးမုံဟာ ထမင်းဆိုင်မှာ တစ်နေကုန် အလုပ်တွေ မခိုမကပ် လုပ်ကိုင်နေခဲ့တယ်။ ညဘက် ဆိုင်သိမ်းပြီးတော့ မိန်းကလေး တစ်





ယောက်က ကြေးမုံကို ခေါ်ပြီး အိပ်စက်ရမဲ့ နေရာကိုပြတယ်။ မိန်းကလေးက ကြေးမုံကို စူးစမ်းဟန်နဲ့ ကြည့်ပြီး

'ငါ့နံမည် မြမြ လို့ခေါ်တယ်၊နင့်နံမည်ဘယ်သူလဲ'

လို့ တိုးတိုးလေး မေးမြန်းလိုက်တော့ ကြေးမုံက

'ငါ့နံမည် ကြေးမုံလို့ ခေါ်တယ်'

လို့ဖြေလိုက်တယ်။ မြမြက ဆက်မမေးဘဲ ကြေးမုံကို အိပ်ရမဲ့ အခန်းထဲကို ခေါ်သွားတယ်။ ကြေးမုံတို့ အိပ်ရမဲ့ နေရာက ထမင်းဆိုင် အနောက်က ဆန်အိတ်နဲ့ ထင်းတွေထားတဲ့ အခန်းထဲမှာ ဖြစ်တယ်။ အခန်းထဲမှာ လဲလျောင်းနေတဲ့ မိန်းကလေး ၃ ယောက်ကို တွေ့ရတယ်။ မြမြက မိန်းကလေးတွေဘက် လှည့်ပြီး

'သူ့ နံမည် ကြေးမုံ လို့ခေါ်တယ်၊ နင့်တို့ နံမည်တွေ မိတ်ဆက်ပေးလိုက်'

လို့ဆိုလိုက်တော့ မိန်းကလေးတွေက သူတို့နံမည်တွေကို အသီးသီး မိတ်ဆက်ပေးကြတယ်။ ခဏကြာတော့ မိန်းကလေးတစ်စု ဟာ ကြေးမုံကို ဝိုင်းဝန်း စပ်စုပြီး ရင်းနှီး ခင်မင်သွားကြတယ်။

ကြေးမုံဟာ မိန်းကလေးတစ်စုနဲ့ ညဥ့်နက်အောင် စကားပြောပြီး အိပ်ယာဝင်ခဲ့တယ်။ အိပ်ယာထဲ ရောက်တော့ တော်တော်နဲ့ အိပ်မပျော်ဘူး.. ဒီအချိန်လောက်ဆိုရင် မိမိ ပျောက်ဆုံးသွားတာကို မိခင်နှင့် မတွေး သိလောက်ပေပြီ.. မိမိကို စိုးရိမ်တကြီး လိုက်လံ ရှာဖွေမည်



www.burmeseclassic.com

www.burmeseclassic.com



မထင်ချေ..ကြေးမုံဟာ ရောက်တတ်ရာရာကို တွေးတောရင်း အိပ်ပျေ
သွားတယ်.....။





ကြေးမုံဟာနောက်တစ်နေ့အစောကြီး အိပ်ယာထပြီး ဆိုင် တ်ဝန်းကျင်ကို ရေဖြန်းပြီး အမှိုက်လှဲကျင်းတယ်။ ချုံနွယ်ပိတ်ပေါင်း ွေကို ရှင်းလင်းတယ်။ ကြေးမုံ ဂရုတစိုက်နဲ့ ရှင်းလင်းလို့ မြဲပတ်ဝန်း ျင်ဟာ အတော်အတန် ကြည့်ကောင်းသွားတယ်။ ကြေးမုံဟာ တ်ဝန်းကျင်ကို ကြည့်ပြီး အလှစိုက် ပန်းအိုးလေးတွေနဲ့ အလှဆင်ရင် ောင်းမယ်လို့ တွေးလိုက်မိတယ်။

ဆိုင်တစ်ခုလုံး သန့်ရှင်းစင်ကြယ်သွားမှ ဆိုင်က မိန်းကလေး ွေ အိပ်ယာက နိုးလာကြတယ်။ သူတို့ဟာ ဆိုင်နံဘေးက စဉ့်အိုးကြီး ှာ မျက်နှာသစ်ရင်း ဆိုင်ပတ်ဝန်းကျင်တစ်ခုလုံး သပ်ရပ်သန့်ရှင်း နေ ာကို အံ့သြ သွားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ဆိုင်ရှင် မမစိန် အိပ်ယာကနိုးလာပြီး ဆိုင်ပတ်ဝန်းကျင်ကို တအံ့တသြ ကြည့်ပြီး

'ဟယ်..ငါ့ခြံဝန်း တစ်ခုလုံး သပ်ရပ်သန့်ရှင်းနေတာပဲ...ဒါ အသစ်ရောက်လာတဲ့ ကြေးမုံလက်ချက်ပဲ ထင်တယ်၊ ဒီကောင်မလေး မဆိုးဘူး'

လို့ချီးမွမ်းခန်း ဖွင့်လိုက်တော့ ကြေးမုံဟာ သူ့ဆရာ ကပ္ပိယကြီး ပြောတဲ့စကားကို နားထဲမှာ ကြားယောင်မိတယ်။

'ဒီမှာ ကြေးမုံ.. ကြီးပွား တိုးတက်ချင်တဲ့သူဟာ သာမန်လူ မတူချင်ဘူး၊ လုပ်စရာ ရှိတဲ့အလုပ်ကို အကုန်လုပ်၊ ဘယ်တော့မှ အချောင်ခိုပြီး သက်သက်သာသာ မနေရဘူး၊ သက်သက်သာသာ နေချင်တဲ့လူ့အတွက် လောကမှာ နေရာမရှိဘူး'

ဆိုင်က ကူဘောင်လောင်ဖက် မိန်းကလေးတွေ အိပ်ယာက နိုးလာပြီး ငေးငေးငိုင်ငိုင် လုပ်နေတုန်းမှာ ကြေးမုံဟာ ဆိုင်အလုပ် တွေ ကို ကြိုးကြိုးစားစား စလုပ်ကိုင်နေပြီ။ ကြေးမုံရဲ့ ကြိုးစားချင်တဲ့ စိတ်ဓာတ်ကြောင့် ရက်ပိုင်းအတွင်းမှာ ဆိုင်ရဲ့ အရေးပါတဲ့ နေရာကို ရခဲ့တယ်။





ကြေးမုံဟာ အလုပ်ကြိုးစားတဲ့ အတွက် မမစိန်ရဲ့ ချီးမွမ်းခြင်းကို ခံရတယ်။ မမစိန်ဟာ ဟင်းချက်လက်ရာကောင်းတဲ့ မော်လမြိုင်သူ ဖြစ်စစ်မို့ သူမနဲ့အတူ ဟင်းကူချက်ရင်း ဟင်းချက်နည်းတွေကို လေ့လာ မှတ်ရခဲ့တယ်။

ဆိုင်ရှင်မမစိန်ဟာ အပျိုကြီးပီပီ စည်းစံနစ်ကြီးပြီး မိန်းကလေး တွေအပေါ် စည်းကမ်းတင်းတင်းကြပ်ကြပ် ဆက်ဆံတယ်။ မိန်းကလေး တွေကို အားလပ်ရက်တွေမှာအပျော်အပါး သွားခွင့်မပြုဘူး။လပြည့် လကွယ်နေ့တွေမှာ မမစိန်ကိုယ်တိုင် ဦးဆောင်ပြီး ဘုန်းကြီးကျောင်းမှာ ဥပုသ်သီလဆောက်တည်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မမစိန်ရဲ့ တင်းကြပ်တဲ့ စည်းကမ်းတွေကြောင့် မိန်းကလေးတွေ ဆိုင်မှာ လုပ်ရတာမပျော်ဘူး။ နောက်ပြီးတော့ မမစိန်ဟာ မိန်းကလေး တွေကို လုပ်ခလစာပေးတာ နည်းတယ်။ မမစိန်ရဲ့ လုပ်ခလစာကို မကျေနပ်တဲ့ မိန်းကလေးတွေဟာ ဆိုင်က ထွက်ဖို့ ကြံစည်ကြတယ်။

ကြေးမုံဟာ မိန်းကလေးတွေ တစ်စုတစ်စည်းတည်း ထွက်ရင် မမစိန် အခက်တွေ့မှာကို စိုးရိမ်မိတယ်။ ဒါကြောင့် မိန်းကလေးတွေ ဆိုင်ကမထွက်ဖို့ ကြိုးစားရတယ်။ကြေးမုံက မြမြရဲ့ ပခုံးကိုဖက်ပြီး

'နင်တို့ဆိုင်က မထွက်ပါနဲ့ဟယ်၊ နင်တို့ထွက်ရင် မမစိန် အခက် တွေ့သွားမယ်၊လစာတိုးဖို့ မမစိန်ကို ငါပြောပေးပါ့မယ်'

လို့ဆိုလိုက်တော့ မြမြက နှုတ်ခမ်းကို မဲ့ပြီး

'နင်က ကျောက်ခဲကို ရေညှိစိမ်လို့လား၊ မမစိန်လောက် လောဘ ကြီးတဲ့လူမရှိဘူး'

လို့ဆိုလိုက်တော့ ကြေးမုံက ရယ်မောပြီး

'ငါ့မှာ နည်းလမ်း ရှိပါတယ်၊ နင်တို့စောင့်ကြည့်ပါဦး။ နင်တို့ လိုချင်တဲ့ လစာကို တစ်ပတ်အတွင်း ရစေရမယ်၊ ဒါပေမဲ့ ငါပြောသလို လုပ်ရမယ်'

လို့ပြောလိုက်တယ်။ မြမြက ကြေးမုံရဲ့မျက်နှာကို နားမလည်ဟန် နဲ့ ကြည့်လိုက်ပြီး

'ငါတို့က ဘာလုပ်ရမှာလဲ'





လို့မေးမြန်းလိုက်တယ်။ကြေးမုံက လေသံတိုးတိုးနဲ့

'နင်တို့ ကိုလှဖေကြီး အထည်ဆိုင်မှာ လကုန်ရင် ဇင်းမယ် လုံချည်နဲ့ ပဒုမ္မာပိတ်စတွေ ဝယ်ဖို့ကြံထားတယ် မဟုတ်လား'

လို့ဆိုလိုက်တော့

'ဟုတ်တယ်လေ၊ ဘုရားပွဲမှာ ငါတို့လေးယောက် ဆင်တူ ဝတ်ဖို့ ဇင်းမယ်လုံချည်နဲ့ ပဒုမ္မာပိတ်စတွေ ကိုလှဖေကြီးကို မှာထားတယ်'

လို့ဆိုလိုက်တယ်။ကြေးမုံက ခေါင်းညိတ်ပြီး

'အဲဒီဇင်းမယ်လုံချည်နဲ့ ပဒုမ္မာ ပိတ်စတွေကို ကိုလှဖေကြီး ဆီမှာ မဝယ်တော့ဘူးလို့ ပြောလိုက်'

လို့ဆိုလိုက်တော့ မြမြက မျက်နှာရှုံ့မဲ့ပြီး

'ဟဲ့ ဒါဆိုရင် ငါတို့ဘုရားပွဲမှာ ဘယ်အဝတ်အစား ဝတ်ရမှာလဲ'

လို့ဆိုလိုက်တယ်။ ကြေးမုံက

'ဘုရားပွဲက အဝေးကြီးလိုပါသေးတယ်၊ နင်တို့ လစာတိုးချင်ရင် ငါပြောသလိုသာ လုပ်စမ်းပါ'

လို့ဆိုလိုက်တော့ မြမြက ကြေးမုံရဲ့မျက်နှာကို နားမလည်ဟန်နဲ့ ကြည့်ပြီး ခေါင်းခါယမ်းလိုက်တယ်။

အမှန်တော့ မမစိန်နဲ့ လူပျိုကြီးကိုလှဖေရဲ့ နီးစပ်မှုကို ကြေးမုံ ရိပ်စားမိတယ်။မမစိန်ဟာ လူပျိုကြီးကိုလှဖေကိုမိန်းမနောက်ပိုး လုပ်ပြီး တစ်ဖက်သတ်ချစ်ကြိုက်နေတာဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုလှဖေကတော့ လူပျိုကြီးပီပီအမူပိုပြီး အိုးကမပူစလောင်းက ပူနေတာဖြစ်တယ်။မြမြ နဲ့ မိန်းကလေးတွေဟာ လူပျိုကြီး ကိုလှဖေရဲ့ အထည်ဆိုင်ကို မျက်နှာငယ်လေးတွေနဲ့ သွားပြီး ဘုရားပွဲမှာ ဝတ်ဖို့ အထည်တွေ မဝယ်ဖြစ်တော့ဘူးလို့ ပြောလိုက်တော့ ဈေးရောင်းဖို့ အလွန်စိတ်အားထက်သန်တဲ့ လူပျိုကြီးဟာ မျက်လုံးပြူးသွားပြီး

'ဟဲ့..နင်တို့အတွက် ဇင်းမယ်လုံချည်နဲ့ ပဒုမ္မာပိတ်စတွေငါ ဝယ်ထားပြီးပြီလေ၊ဘာလို့မဝယ်တော့တာလဲ'

လို့ဆိုလိုက်တော့ မြမြက ဦးဆောင်ပြီး

'ကျွန်မတို့က မမစိန်ဆိုင်က လုပ်ခလစာတွေကို မိဘတွေဆီ ပြန်ပို့ရတာ သိတယ်နော်၊ ဒါပေမဲ့မမစိန်လစာ နည်းလွန်းလို့ ဒီလမိဘ တွေဆီ ပိုက်ဆံပို့တာ မလောက်တော့ဘူး။ ဒါကြောင့် ကိုလှဖေကြီး ဆိုင်မှာ အထည်တွေ မဝယ်နိုင်တော့ပါ'

လို့ဆိုလိုက်တော့ ကိုလှဖေကြီးဟာ သူ့အထည်တွေ မရောင်း လိုက်ရတဲ့အတွက် မမစိန်ကို မကျေမနပ် ပြောဆိုပြီး ကျန်ခဲ့တယ်။ ညနေရောက်တော့ မမစိန်ဟာ တစ်ကိုယ်လုံးသနပ်ခါးခြေဆုံး ခေါင်း ဆုံးလိမ်းပြီး လူပျိုကြီးဆိုင်ရှေ့ကို ဟန်ရေးပြဖို့ ထွက်သွားပါတယ်။

လူပျိုကြီး ဆိုင်ရှေ့ရောက်တော့လူပျိုကြီးရဲ့ရွှန်းလဲတဲ့ မျက်ဝန်း တွေနဲ့ အကြည့်မခံရဘဲ မကျေချမ်းတဲ့ မျက်ဝန်းတွေနဲ့ ရင်ဆိုင်လိုက်ရပြီ

'ဒီမှာ မစိန် ခင်ဗျားဆိုင်က မိန်ကလေးတွေကိုလဲ လစာလေး





ကလေး တိုးပေးပါဦးဗျာ၊ သူတို့ခမြာ လစာမလောက်လို့ဆိုပြီး ကျုပ် ဆီမှာ မှာထားတဲ့ ဇင်းမယ်လုံချည်နဲ့ ပဒုမ္မာပိတ်စတွေကိုတောင် မဝယ် နိုင်တော့ဘူး'

လို့ဆိုလိုက်တော့ လူပျိုကြီးကို အလိုလိုက် အကြိုက်ဆောင် နေတဲ့ မမစိန်က

'ဟုတ်လား..သူတို့ကို ကျွန်မ လစာတိုးပေးဖို့ ရည်ရွယ်ထားပြီး သားပါ၊ကိုလှဖေရဲ့ အထည်တွေ ရောင်းလို့ရအောင် ကျွန်မ ဒီနေ့ပဲ လစာတိုးပေးလိုက်ပါ့မယ်'

လို့ဆိုလိုက်တော့ လူပျိုကြီးရဲ့ မျက်နှာပြုံးဖြီးဖြီး ဖြစ်သွားပြီး

'ဒါဆိုရင်တော့ ကောင်းတာပေါ့ဗျာ'

လို့အားရဝမ်းသာပြောလိုက်တယ်။ မမစိန်ကတော့ သူ့ပိုက်ဆံ တွေ မလိုအပ်ဘဲ ထွက်သွားလို့ လူပျိုကြီးကို ကြိတ်ပြီး ကျိန်ဆဲလိုက် တယ်..မမစိန်ဟာ ဆိုင်ကို ပြန်ရောက်တော့ မျက်နှာမအီမသာနဲ့ မိန်းက လေးတွေကို ခေါ်လိုက်ပြီး

'နင်တို့လစာ ဘယ်လောက် လိုချင်သလဲ'

လို့တဲ့တိုးကြီး မေးလိုက်တယ်။ မမစိန်ရဲ့ မေးခွန်းကြောင့် မိန်းက လေးတွေ မဖြေတတ်အောင်ဖြစ်သွားပြီး ခဏကြာမှ မြမြက

'မမစိန် ပေးချင်သလောက်ပေးပါ၊ကျွန်မတို့ ကျေနပ်ပါတယ်'

လို့ဆိုလိုက်တော့ မမစိန်က မအီမသာနဲ့



www.burmeseclassic.com

www.burmeseclassic.com



'နင်တို့ကို ဒီနေ့ကစပြီး လစာ၁၅ကျပ်တိုးပေးမယ်'

လို့ဆိုလိုက်တော့ မိန်းကလေးတွေက သဘောကျပြီး ဟေးခနဲ အော်ဟစ်လိုက်တယ်။





ကြေးမုံဟာ မမစိန်ဆိုင်မှာ အလုပ်ဝင်ပြီး တစ်နှစ်လောက် အကြာမှာ တစ်ဆိုင်လုံး သူ့လက်သူ့ခြေ ဖြစ်လာတယ်။ မမစိန် ဆိုင်မှာ အလုပ်ဝင်တဲ့ မိန်းကလေးတွေ တစ်ယောက်ပြီးတစ်ယောက် ထွက်သွားပေမဲ့ ကြေးမုံတစ်ယောက်ကတော့ မမစိန်ဆိုင်မှာ မြဲနေတယ်။

တစ်နေ့မှာ မမစိန်တို့ ရပ်ကွက်ကို အပေါင်ခံစားတဲ့ ဒေါ်အုန်းရွှေဆိုတဲ့ မိန်းမတစ်ယောက် ပြောင်းလာတယ်။ ဒေါ်အုန်းရွှေဟာ ရပ်ကွက်[illegible]ကို ရောက်ရောက်ချင်း မမစိန်ဆိုင်မှာ ဖောက်သည် ဖြစ်ခဲ့တယ်။ တစ်နေ့တော့ ဒေါ်အုန်းရွှေရဲ့ အိမ်စေမိန်းကလေးဟာ မမစိန်ဆိုင်မှာ ဝက်သားဟင်းနဲ့ထမင်းလာဝယ်တယ်။ ကြေးမုံက မိန်းကလေး မှာတဲ့[illegible]တိုင်း ဝက်သားဟင်းနဲ့ ရောင်းပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ဒေါ်အုန်းရွှေကြီးဟာ ဆိုင်ကို ဒေါ်သတကြီး ရောက်လာပြီး

'နင်တို့တော်တော် မိုက်ရိုင်းတဲ့ သူတွေပါလား၊ ကျုပ်အိမ်မှာ ကိုယ်တော်ကြီးကိုယ်တော်လေးကို ကိုးကွယ်တာ သိရက်သားနဲ့ ဘာလို့ ဝက်သားတွေ ရောင်းလိုက်ရတာလဲ၊ ကိုယ်တော်တွေ စိတ်ဆိုးရင် ကျုပ်ဒုက္ခရောက်မှာ မသိဘူးလား'

လို့မေးမြန်းလိုက်တော့ ကြေးမုံက အိမ်စေမိန်းကလေးက ဝက်သားဟင်းနဲ့ ဝယ်ချင်ကြောင်း ပြောလို့ရောင်းပေးလိုက်တဲ့ အကြောင်း ပြောတယ်။ ဒီအခါမှာ ဒေါ်အုန်းရွှေကြီးက

'နင်တို့ မဟုတ်တာမပြောနဲ့၊ ဒီကောင်မလေးက ငါ့ရဲ့ ငယ်မွေး ပေါက် အိမ်မှာ မင်းကြီးမင်းလေး ကိုးကွယ်တာ သူသိတယ်၊ သူတစ် သက်လုံး ဝက်သားမစားရဘူးတဲ့၊ ဒီနေ့အိမ်မှာ ဟင်းမရှိလို့ သူစားဖို့ ဟင်းကို နင်တို့ဆီမှာ လာဝယ်ခိုင်းတာ'

လို့ဒေါ်သတကြီး ပြောတယ် ။ ဒေါ်အုန်းရွှေရဲ့ စကားကို နား ထောင်ပြီး ကြေးမုံဟာ အခြေအနေကို သဘောပေါက်သွားတယ်။ အိမ်စေ မိန်းကလေးဟာ ဝက်သားဟင်းစားချင်လို့ ဒေါ်အုန်းရွှေကြီး မသိအောင် လာဝယ်ရင်းဒေါ်အုန်းရွှေကြီး မိသွားလို့ ဆိုင်က ဝက်သား နဲ့ကြက်သား မှားရောင်းလိုက်တာလို့ မုသားသုံးလိုက်ပုံရတယ်။

ကြေးမုံဟာ မိမိအကြောက်အကန် ငြင်းနေရင် သူတပါးဒုက္ခ





ရောက်မှာစိုးလို့ ဒေါ်အုန်းရွှေကြီးကို တောင်းပန်ဖို့ ဆုံးဖြတ်လိုက်တယ်။ ါကြောင့်

'ကျွန်မ မှားသွားခဲ့ရင် တောင်းပန်ပါတယ်၊အဒေါ်ရယ် စိတ်မရှိ ါနဲ့'

လို့ ဆိုလိုက်တော့ သူတို့စကားကို အစအဆုံးနားထောင်နေတဲ့ မမစိန်က မခံရပ်နိုင်တော့ဘဲ

'ဒီမှာ ကိုယ့်လူကို ကိုယ်သေသေချာချာ မမေးဘဲ၊ ကျွန်မတို့ ိုင်ကို လာစော်ကားပါနဲ့၊ ဒီကောင်မလေး ဝက်သားနဲ့မှာနေတာ ကျွန်မ ားနဲ့ဆတ်ဆတ်ကြားလိုက်တယ်'

လို့ဆိုလိုက်တော့ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် စကားများ ကြီး အခြေအနေတင်းမာခဲ့တယ်။ဒေါ်အုန်းရွှေကြီး ပြန်သွားတော့မှ ကြေးမုံက

'ဘာလို့ အမုန်းခံပြီး ဝင်ပြောရတာလဲ မမစိန်ရယ်.. အိမ်စေမိန်း ကလေးက ဒေါ်အုန်းရွှေကြီး မသိအောင် ဝက်သားခိုးစားတာကျွန်မ ိပါတယ်၊ကျွန်မတို့ ပြောလိုက်ရင် အိမ်စေမလေး ဒုက္ခရောက်မှစိုးလို့ မိနေလိုက်တာ'

လို့ဆိုတော့ မမစိန် မျက်လုံးပြူးသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ်လောက်မှာ ဒေါ်အုန်းရွှေကြီးဟာ အိမ်းအနား
က လက်သမားတွေ ခေါ်ပြီး သူ့အိမ်ရှေ့က ကွက်လပ်မှာဆိုင်တစ်ဆို
ဆောက်တယ်။ ဆိုင်ဆောက်ပြီးတော့ ပန်းချီဆရာဆီမှာ ဒေါ်အုန်း
ရန်ကုန်ထမင်းဆိုင်ဆိုတဲ့ ဆိုင်းဘုတ်ကို အပ်လိုက်တယ်။

မမစိန်ဟာ ဒေါ်အုန်းရွှေရဲ့ထမင်းဆိုင် ဆိုင်းဘုတ်ကိုကြည့်ပြီ
ဖွေ့ဖွေ့ခုန်နေတယ်။

'ဒီမိန်းမကြီး ငါတို့ကို မကျေနပ်လို့ သက်သက်လိုက်ပြိုင်တာ
လို့ဆိုတယ်။ ကြေးမုံက သက်ပြင်းချပြီး

'သမုဒ္ဒရာ ရေကို တစ်ယောက်တည်း သောက်လို့ မကုန်နိုင်
ပါဘူး မမစိန်ရယ်..ဖွင့်ပါစေ'





လို့ပြောလိုက်တယ်။မမစိန်ကတော့ ကျေနပ်ဟန် မရှိဘဲ

'ဒါ...ဒီမိန်းမကြီး ငါတို့ကိုသက်သက် လူပါးဝတာပဲ၊ ဒီနေ့ကစ
ကြီး ရှုံးရင် ရှုံးပါစေ ဖောက်သည်တွေဟင်းတွေ တဝကြီးစားပါစေ..
ပိုသာသာ ထည့်ပေးရမယ်'

လို့အမိန့်ထုတ်ခဲ့တယ်။ မမစိန်ဆိုင်မှာ စားရင်ဟင်းတွေ တဝကြီး
စားရတဲ့အတွက် လာစားတဲ့ ဖောက်သည်တွေနဲ့ ပြည့်ကြပ် နေခဲ့တယ်။
အတွက် မမစိန်ဆိုင်မှာ ထမင်းဟင်းတွေကို အရင်း သာသာနဲ့ ရောင်းရ
တဲ့အတွက် အမြတ်အစွန်းတော့မရှိဘူး။

မမစိန်ဆိုင်မှာ စားသုံးသူတွေနဲ့ စည်ကားနေတာကို ကြည့်ပြီး
ဒေါ်အုန်းရွှေကြီးက အံကို တင်းတင်းကြိတ်ရင်း

'ခင်းတို့က အရှုံးခံပြီး ငါ့ဆိုင်ပြုတ်အောင်လုပ်တယ်ပေါ့၊ ဘယ်
သူပြုတ်မလဲ ကြည့်ကြသေးတာပေါ့'

လို့ကြုံးဝါးပြီး သူ့ဆိုင်ရဲ့ဈေးနှုန်းကို တစ်ဝက်လောက် လျှော့ချ
လိုက်တယ်။ ဒီအခါမှာ စားသုံးသူတွေဟာ ဒေါ်အုန်းရွှေကြီးဆိုင်မှာ
စားရင် အလွန်သက်သာတဲ့အတွက် ဆိုင်ပြောင်းစားကြတယ်။

ဒေါ်အုန်းရွှေကြီးရဲ့ဆိုင်မှာ လူတွေစည်နေတာ မြင်တော့ မမစိန်
က ဒေါသတကြီး တက်ခေါက်လိုက်ပြီး

'ဒီမိန်းမကြီး ငါ့ကိုအပြုတ်နှံနေပြီ၊ ခင်းပဲပြုတ်မလား၊ ငါပဲပြုတ်
မလား ကြည့်ကြသေးတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



လို့ကြုံးဝါးလိုက်ပြီး ဆိုင်က ဈေးနှုန်းကို တစ်ဝက်လောက် လျှော့ချပြီး ရောင်းလိုက်ပြန်တယ်။ ဒီအခါမှာ သူတို့ဆိုင်က အမြတ်အစွန်းတွေလည်း တဖြည်းဖြည်းပိုပိုနည်းလာပြီး စီးပွားကျဆင်းလာတယ်။





BURMESE CLASSIC .com

သူတို့မြို့ပေါ်ကိုအလုပ်တာဝန်နဲ့ ရောက်နေတဲ့ အိန္ဒိယလူမျိုး အင်ဂျင်နီယာကြီးတစ်ယောက်ဟာ မမစိန်ရဲ့ သီးစုံကုလားဟင်းလက်ရာကို သဘောကျသွားလို့ မကြာခဏမှာစားတယ်။

တစ်နေ့တော့ အင်ဂျင်နီယာကြီးရဲ့တပည့်က နံနက်စောစော ဆိုင်ကို ရောက်လာပြီး အင်ဂျင်နီယာကြီးရဲ့ဧည့်သည် ရောက်နေတဲ့အတွက် သီးစုံကုလားဟင်း၊ ဆိတ်သားဆီပြန်နဲ့ ကြက်ကာလသားချက်ကို ချက်ပြီးပြီးချင်း လာပို့ဖို့ မှာခဲ့တယ်။ ဒီလိုနဲ့ ဟင်းတွေကျက်တော့ ကြေးမုံဟာအစားအသောက်တွေကို ချိုင့်ကြီးချိုင့်ငယ်တွေနဲ့ထည့်ပြီး အင်ဂျင်နီယာကြီးရဲ့ အိမ်ကိုထွက်ခဲ့တယ်။ လမ်းတစ်ဝက်လောက် ရောက်တော့အင်ဂျင်နီယာကြီးရဲ့တပည့်ဘဲလူးကို တွေ့ရပြီး



www.burmeseclassic.com

www.burmeseclassic.com



‘ဟဲ့.ကောင်မလေး ငါဈေးထဲမှာ ဆရာကြီးအတွက် ဝယ်စရာရှိလို့ ဟင်းချိုင့်ကို အိမ်ရှေ့မှာချထားခဲ့’

လို့မှာလိုက်တယ်။ ကြေးမုံဟာ အင်ဂျင်နီယာကြီးရဲ့ အိမ်ရှေ့ကိုရောက်တော့ လူသံသူသံ မကြားရလို့

‘အဟမ်း...အဟမ်း’

လို့အသံပြုလိုက်ပေမဲ့ တုံ့ပြန်သံမကြားဘဲ အင်ဂျင်နီယာကြီးနဲ့ လူတစ်ယောက်ရဲ့ စကားပြောသံကို ကြားလိုက်ရတယ်။အင်ဂျင်နီယာကြီးက

‘ဗိုက်ဆာရင် ခဏသည်းခံကွာ၊ ဒီမြို့က အကောင်းဆုံး ထမင်းဆိုင်က သီးစုံဟင်းနဲ့ ဆိတ်သားဆီပြန် မှာထားတယ်၊ဟဲဟဲ.. ဒီဆိုင်က ဟင်းတွေကို နောက်နှစ်လဆိုရင် ငါတို့မစားရတော့ဘူး၊ ငါတို့ လမ်းဖောက်မဲ့ စီမံကိန်းမှာ သူတို့ဆိုင်နေရာလဲပါတယ်၊ နောက်လဆိုရင် သူတို့ဆိုင်ဖျက်ပေးရပြီ’

လို့ဆိုလိုက်တော့ ကြေးမုံဟာ မမျှော်လင့်ဘဲ ဆိုင်နဲ့ပတ်သက်တဲ့ သတင်းသိလိုက်ရတော့ ဆိုင်ကို ကမန်းကတန်း ပြန်ခဲ့တယ်။ ဆိုင်ကိုရောက်တော့ မိမိကြားလိုက်တဲ့သတင်းကို မမစိန်ကိုဖွင့် ပြောလိုက်ပြီးတော့

‘မမစိန်ရေ..ဒီနေ့ကစပြီး ဒေါ်အုန်းရွှေကြီးတော့ သွားပြီ’

လို့ဆိုလိုက်တယ်။ မမစိန်က ကြေးမုံရဲ့ မျက်နှာကို နားမလည်





ဟန်နဲ့ ကြည့်ပြီးတော့

‘ဟဲ့.ငါဆိုင်လဲ ဖျက်ပေးရမှာပဲ၊ ဒေါ်အုန်းရွှေ တစ်ယောက်တည်းမှ မဟုတ်တာ၊ ငါလဲသွားပြီပေါ့’

လို့ဆိုလိုက်တော့ ကြေးမုံက ခေါင်းညိတ်ပြီး

‘ကြေးမုံစကားကိုနားထောင်ပြီး မမစိန် အေးအေးဆေးဆေး ထိုင်ကြည့်နေ..ဒီနေ့ကစပြီး ဒေါ်စိန်လှကြီးကို ဒုက္ခကောင်းကောင်းပေးလို့ရပြီ’

လို့ဆိုလိုက်တော့ မမစိန်က ခေါင်းညိတ်ပြီး

‘ကောင်းပြီ..ဒီမိန်းမကြီး ဒုက္ခရောက်မယ်ဆိုရင်တော့ ညည်းကြိုက်သလို လုပ်ပေတော့’

လို့ခွင့်ပေးလိုက်တယ်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ရောက်တော့ ကြေးမုံဟာ ဒေါ်အုန်းရွှေကြီးရဲ့ ထမင်းဆိုင်ထဲကို ရိုကျိုးဟန်နဲ့ ဝင်သွားတော့ ဒေါ်အုန်းရွှေကြီးက မကျေမချမ်းကြည့်ပြီး

'ဟဲ့ကောင်မ ညည်းဘာလို့ ငါ့ဆိုင်ထဲကို ဝင်လာတာလဲ၊ အခုချက်ချင်းထွက်သွား'

လို့မောင်းနှင်ထုတ်လိုက်တော့ ကြေးမုံက

'ကျွန်မပြောတာ နားထောင့်ပါဦး အဒေါ်ရယ်..အရေးကြီးတဲ့ သတင်းတစ်ခုပေးချင်လို့ပါ'

လို့ဆိုလိုက်တော့ ဒေါ်အုန်းရွှေကြီးက မျက်မှောင်ကြုတ်လိုက်ပြီး

'နင်က ငါ့ကို သတင်းပေးမယ်..ဟုတ်လား၊ ဘာသတင်းပေး





မှာလဲ'

လို့မေးမြန်းလိုက်တယ်။ ကြေးမုံက

'အဒေါ်တို့ဆိုင်နဲ့ ကျွန်မတို့ဆိုင် အပြိုင်အဆိုင် ဈေးလျှော့ရောင်းတာ အခုတော့ မမစိန် စီးပွားကျနေပြီ၊အိမ်နဲ့ဆိုင်ကို ပြန်ရောင်းဖို့ ကျနေပြီ၊ ဒီသတင်းကိုလာပေးတာပါ'

လို့ဆိုလိုက်တော့ ဒေါ်အုန်းရွှေကြီးဟာ ဝမ်းသာလွန်းလို့ ထခုန်ချင်စိတ် ပေါက်သွားတယ်။ ဒါကြောင့်

'မိစိန် စီးပွားကျနေပြီ ဟုတ်လား၊ သေချာမှ ပြောပါဟယ်'

လို့ဆိုလိုက်တော့ ကြေးမုံက ခေါင်းညိတ်ပြီး

'သေချာပါတယ်ရှင်၊ ကျွန်မက မမစိန်ရဲ့ အနီးကပ်လူပါ'

လို့ဆိုလိုက်တယ်။ ဒေါ်အုန်းရွှေကြီးက

'နင်တို့ဆိုင်က ဘယ်လောက်နဲ့ ရောင်းမှာလဲ၊ ငါဝယ်ချင်တယ်ရလား'

လို့ဆိုလိုက်တယ်။ ကြေးမုံက

'၃၀၀၀ ရရင်ရောင်းမယ်ပြောတာပဲ၊ ဒါပေမဲ့ အဒေါ်က မမစိန်ရဲ့ ...ဆိုတော့ အဒေါ့်ကို ရောင်းပါ့မလားမသိဘူး'

လို့ဆိုလိုက်တယ်။ကြေးမုံစကားကြောင့် ဒေါ်အုန်းရွှေကြီးက ...မှုံသွားပြီး

'ဒါနဲ့များညည်းကဘာသဘောနဲ့ ငါ့ကိုသတင်းလာပေးတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုတယ်။ကြေးမုံကသက်ပြင်းချပြီး

'မမစိန်က ဆိုင်ရောင်းပြီးရင် ရက်လို့ ပဲခူးဘက်ကို ပြောင်းတော့မယ်တဲ့၊ မမစိန် ဆိုင်မရှိတော့ရင် အဒေါ်ဆိုင်မှာ ကျွန်မကို အလုပ်ခန့်

လို့ဆိုလိုက်တော့ ဒေါ်အုန်းရွှေကြီးဟာ အခြေအနေကို သဘော ပေါက်သွားပြီး

'ဒါကြောင့်ကိုး..နင်အလုပ်မရှိရင် ငါ့ဆိုင်မှာ အလုပ်ခန့်ပေးမယ်၊ နင်တို့ဆိုင်ကို ၄၀၀၀ ပေးမယ် ငါရောင်းပါလို့ ပြောပေးပါ'

လို့ဆိုလိုက်တယ်။

ကြေးမုံဟာ မမစိန်ကိုစည်းရုံးပေးမယ်လို့ပြောပြီး ဒေါ်အုန်း ကြီးဆီက ပြန်ခဲ့တယ်။ဒေါ်အုန်းရွှေကြီး သူ့ထောင်ချောက်ထဲ ဝင်ဆိုတာသတိထားလိုက်မိတယ်။

နောက်တစ်ပတ်အကြာမှာ ကြေးမုံဟာ ဒေါ်အုန်းရွှေကြီးရဲ့ ကိုပြန်သွားပြီး

'မမစိန်က ငွေ ၅၀၀၀ ရရင်ရောင်းမယ်လို့ သဘောတူပါတ

လို့ဆိုလိုက်တဲ့အခါ ဒေါ်အုန်းရွှေကြီးက သဘောကျ တဟားဟား ရယ်မောလိုက်ပြီး

'ဟားဟားဟား..၅၀၀၀ မကဘူး ၆၀၀၀ လဲဝယ်မယ်၊ ငါ ကို ငါအနိုင်ရရင်ပြီးရော အုန်းရွှေကို ဒီလိုစမ်းလို့ ဘယ်ရမလဲ'

လို့ကြုံးဝါးလိုက်တယ်။ ကြေးမုံဟာ မမစိန်ကိုယ်စား ထမင်း





ရောင်းတဲ့ အလုပ်ကို တာဝန်ယူပြီး လုပ်ကိုင်ပေးခဲ့တယ်။

ဒေါ်အုန်းရွှေကြီးဟာ အနိုင်လိုချင်စိတ်နဲ့ ဆိုင်ဝယ်မယ် ဆိုပေမဲ့ လက်တွေ့မှာ ငွေ ၅၀၀၀ မပြည့်တဲ့အတွက် ချစ်တီးတိုက်မှာ ငွေတွေ များချေးရတယ်။

ကြေးမုံရဲ့ အကြံပေးချက်အရ မမစိန်ဟာ ငွေချေတဲ့နေ့မှာ ရက် ကန်ဆောင်ပြီး ရှောင်တိမ်းနေစေခဲ့တယ်။

မြို့ပေါ်က လူတွေဟာ မမစိန်နဲ့ ဒေါ်အုန်းရွှေကြီးရဲ့ ပြိုင်ပွဲမှာ မမစိန်ဘက်က ရှုံးနိမ့်သွားတာကို အံ့သြနေကြတယ်။

ဒေါ်အုန်းရွှေကြီးဟာ သူ့ ပြိုင်ဘက်ကို အနိုင်ရလိုက်တယ် ဆိုပြီး ဝမ်းသာပျော်ရွှင်နေတယ်။သူဟာ ဝမ်းသာလွန်းလို့ မြို့ပေါ်က လူတွေကို ...နေကုန် ထမင်းအလကားကျွေးခဲ့တယ်။ သူ့ကို မယှဉ်နိုင်လို့ အဆုံး ... မမစိန် ဆိုင်ရောင်းပြေးရတယ်ဆိုပြီး အများရှေ့မှာ ကြွားဝါခဲ့တယ်။ ...မြို့သား အချို့ကတော့ ဒေါ်အုန်းရွှေကြီး ကျွေးမွေးတဲ့ထမင်း ဟင်း ...ကို တဝတပြဲစားပြီး ဒေါ်အုန်းရွှေကြီးကို မြှောက်ပင့်ပြောဆိုကြ ...ယ်။



www.burmeseclassic.com

www.burmeseclassic.com



မမစိန်ဟာ ကြေးမုံအကြံပေးတဲ့အတိုင်း မြို့ပေါ်ကချောင်ကျ

တယ်လို့ ယူဆတဲ့အရပ်မှာ မြေကွက်ဝယ်ပြီး ထမင်းဆိုင်ကို ပြန်စတ

တယ်။ မမစိန်ထမင်းဆိုင် ပြန်ဖွင့်တဲ့ သတင်းကို ဒေါ်အုန်းရွှေကြီး

တော့ ဝမ်းသာအားရရယ်မောလိုက်ပြီး

'ဟားဟားဟား..ဖါးတုလို့ခရုခုန်ရင် အိုင်ပျက်ရုံသာ ရှိတော့

ပေါ့၊ ဖင်မနိုင်ဘဲ ပဲကြီးဟင်းစာတဲ့ ကောင်မ၊ အခုတော့ချောင်ကျ

ချောင်ကြားမှာ ဆိုင်သွားဖွင့်ရပြီ၊ ဒီနေရာမျိုးကို ဘယ်သူမှ လာစ

မှာမဟုတ်ဘူး'

လို့လျှောင်ပြောင်နေတယ်။ ဒေါ်အုန်းရွှေကြီး ပြောသလို မမ

ဆိုင်ဟာ ချောင်ကျတဲ့ အရပ်မှာဖွင့်ထားလို့ ထမင်းဆိုင် အရောင်းပါး

တယ်။ မမစိန်ကို ကရုဏာသက်တဲ့ လူတွေက အိမ် တိုင်ရာရောက်





အားပေးပြီး မမစိန်ကို စိတ်အားမငယ်ဖို့ ပြောကြ တယ်။ မမမစိန်ကတော့

အားပေးစကားပြောတဲ့ လူတွေကို အပြုံးလေးနဲ့ ကြိုဆိုပြီး

'ကံကြမ္မာကို စောင့်ကြည့်လိုက်ပါဦးရှင်..လူ့ဘဝဆိုတာ အမြဲ

တန်း အသာစီးရမနေပါဘူး'

လို့ဆိုလိုက်တော့ အားပေးစကားပြောဖို့လာတဲ့လူတွေ အူကြောင်

ကြောင်ဖြစ်သွားကြတယ်....။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ တစ်လလောက်ကြာတော့ ဒေါ်အုန်းရွှေကြီးရဲ့ဆိုင်ဟာ လမ်းသစ်ဆောက်ဖို့လွတ်ကင်းမှု မရှိတဲ့အတွက် ဖျက်ပေး ဖို့စာရောက် လာတယ်။ ဒေါ်အုန်းရွှေကြီးဟာ စာကိုဖတ်ပြီး ကမ္ဘာပြိုသလို ခံစား လိုက်ရတယ်။ သူဟာ မမစိန်ကို အနိုင်ယူလို ဇောနဲ့ ရှိစုမဲ့စုလေးတွေကို ရောင်းချပြီး ဆိုင်ကိုဝယ်ခဲ့တယ်။ ချစ်တီးတိုက်ကတောင် ငွေတွေချေးယူ ရသေးတယ်။ အခုတော့ သူမ,ဆိုင် ဖျက်ရမဲ့ အမိန့်စာ ရောက်လာပြီ

ဒီတော့မှ မမစိန်နဲ့ ကြေးမုံပေါင်းပြီး သူ့ကိုလူလည်ကျလိုက် ကြောင်း ရိပ်စားမိလိုက်တယ်။ဒေါ်အုန်းရွှေဟာ ရှိစုမဲ့စုလေးတွေ ကုန်ပြီ ချစ်တီးကြွေးတောင်တင်နေတဲ့အတွက် မြို့ပေါ်မှာဆက်ပြီး မရပ် တည် နိုင်တော့ဘူး။ ပစ္စည်းတွေရတဲ့ဈေးနဲ့ ရောင်းပြီး မြို့ပေါ်က ပျောက်ချ မလှ ပျောက်သွားတယ်။





မမစိန်ဆိုင်ကတော့ လမ်းဖောက်ပြီးမှ မြို့ရဲ့အချက်အချာနေရာ ဖြစ်သွားလို့ ဧည့်သည်တွေနဲ့ ပြည့်နှက်နေတယ်။ သူတို့ဆိုင် ရောင်းအား ဟာ အရင်ကထက်နှစ်ဆတက်လာတယ်။ ဒါကြောင့်မမစိန်ဟာ ကြေးမုံ ကိုယုံကြည်ပြီး သူ့ဆိုင်ကိုကြေးမုံလက်ထဲအပ်ထားတယ်။ ကြေးမုံဟာ မမစိန်က ဆိုင်ကိုသူ့လက်ဝကွက်အပ်လိုက်တာနဲ့ ဆိုင်ကို ကိုယ်ပိုင်ဆိုင် ...လာ: သဘောထားပြီးကြိုးကြိုးစားစားလုပ်ကိုင်ခဲ့တယ်။

ဒါကြောင့် မမစိန်ရဲ့ဆိုင်ဟာ အရင်တုန်းကထက်ပိုပြီး ရောင်း ...အား နှစ်ဆပိုခဲ့တယ်။ မမစိန်ဟာ တဖြည်းဖြည်းနဲ့ ကြေးမုံကိုညီမအရင်း ...လို သဘောထားလာပြီး ဆိုင်ပိတ်ချိန်ရောက်တာနဲ့ သူ့အိမ်မှာ လိုက်အိပ် ...ခေါ်သွားတယ်။ မမစိန်ဟာ ဆိုင်နဲ့တစ်လမ်းကျော်မှာရှိတဲ့ ပျဉ်ထောင် ...အိမ်လေးကို ဝယ်ယူထားတယ်။ ကြေးမုံဟာ ဆိုင်မှာကျန်နေခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေကို စိတ်မချလို့ အိမ်မှာ လိုက်မအိပ်ချင်ကြောင်းပြောပေမဲ့ မမစိန်က လက်မခံဘူး။

ကြေးမုံ မမစိန်နဲ့ လိုက်အိပ်တာကို ဆိုင်မှာ ကျန်နေခဲ့တဲ့ မိန်းကလေးတွေက မနာလိုဝန်တို ဖြစ်ကြတယ်။ ဒါပေမဲ့ မမစိန်ရဲ့ ဆန္ဒကို မလွန်ဆန်ဝံ့လို့ မပြောရဲကြဘူး။





တစ်နေ့တော့ အထည်သည်ကိုလှဖေကြီးဟာ အိမ်ကို မမျှော်လင့်ဘဲ ရောက်လာပြီး မမစိန်ကို အမြန်ဆုံး လက်ထပ်ချင်ကြောင်း ပြောတယ်။ မမစိန်ဟာ လင်လိုချင်တာ နန့်နန့်တက်ဖြစ်လို့ ကိုလှဖေကြီးစကားကို နှစ်ကြိမ်မငြင်းဆန်ဘူး။ စဉ်းစားပါရစေလို့ ဟန်မပျက်ပြောပြီး ကြေးမုံကို တိုင်ပင်တယ်။

ကြေးမုံဟာ မမစိန် သူ့ကို တိုင်ပင်တာ မဟုတ်ဘဲ အသိပေးတယ်ဆိုတာ သဘောပေါက်လို့ မိန်းကလေးတစ်ယောက်အနေနဲ့ ကိုလှဖေကြီးဟာ လက်ထပ်ဖို့ သင့်တော်တယ်ပါလို့ ထောက်ခံလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကြေးမုံရဲ့စိတ်ထဲမှာတော့ ကိုလှဖေကို သဘောမကျဘူး။ ကိုလှဖေကြီးဟာ ပိုက်ဆံ မျက်နှာကိုသာ ကြည့်တတ်ပြီး သစ္စာကတိ တည်မယ်လို့ မယုံကြည်ဘူး။ ဒါပေမဲ့ မမစိန်ကို သတိပေးရင် နားဝင်မယ် မထင်လို့ ရင်ထဲမှာပဲ မျိုသိပ်ထားလိုက်တယ်။

မမစိန်ဟာ တစ်ပတ်အကြာမှာ ကိုလှဖေကြီး လိုချင်တဲ့ အဖြေကို ပေးလိုက်ပြီ လက်ထပ်ဖို့ ရက်ကို တစ်ပြိုင်တည်း သတ်မှတ်လိုက်တယ်။





မမစိန်နဲ့ကိုလှဖေရဲ့ မင်္ဂလာလက်ထပ်ပွဲကို မြို့ပေါ်မှာ အကျဉ်းချုံးပြီး ကျင်းပလိုက်တယ်။ မမစိန်ဟာ မင်္ဂလာလက်ထပ်ပွဲကို ခမ်းခမ်းနားနား ကျင်းပချင်ပေမဲ့ ကပ်စေးနဲတဲ့ ကိုလှဖေကတော့ ပိုက်ဆံကုန်မှာစိုးလို့ မင်္ဂလာပွဲကို အကျဉ်းချုံးလိုက်တယ်။

သူတို့ လက်ထပ်ပြီးတော့ ကိုလှဖေဟာ ကိုယ်ပိုင်အိမ် မရှိတဲ့အတွက် မမစိန်အိမ်ကို ပြောင်းနေဖို့ ကြံတယ်။ ကြေးမုံဟာ မမစိန် လက်ထပ်ပြီးတော့ အိမ်မှာ အတူမနေချင်တော့လို့ ဆိုင်မှာသွားနေပါရစေလို့ ခွင့်တောင်းတယ်။ ဒါပေမဲ့ မမစိန်က ဆိုင်မှာသွားနေဖို့ ခွင့်မပြုဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကပ်စေးနှဲကြီး ကိုလှဖေကတောင် ကြေးမုံကို အိမ်မှာ ဆက်နေဖို့ လိုလိုချင်ချင် ခွင့်ပြုခဲ့တယ်။ ဒါကြောင့် ကြေးမုံလဲ အိမ်မှာဆက်နေခဲ့တယ်။ ကိုလှဖေဟာ ကပ်စေးနှဲတစ်ယောက်ဖြစ်ပေမဲ့ ကြေးမုံ ကိုတော့ သိတတ်ဟန်ရှိတယ်။သူ့အထည်ဆိုင်က အရောင်းထိုင်းတဲ့ အထည်တွေကို ကြေးမုံ ဝတ်ဖို့ဆိုပြီး ယူလာပေးတတ်တယ်။ကြေးမုံဟာ ကိုလှဖေကို ကြည့်ပြီး မိမိ လူကဲခတ်မှားလေသလားလို့ ထင်မှတ်မှားမိတယ်။ ဒါပေမဲ့ မမစိန်နဲ့လက်ထပ်ပြီး ၄ လ အကြာမှာ ယုတ်မာတဲ့ ကိုလှဖေကို စရိုက်ကို ရှင်းရှင်းကြီးမြင်လိုက်ရတယ်။





တစ်နေ့တော့ ကြေးမုံဟာ ထုံးစံအတိုင်း နေ့လယ်ခင်းအချိန်မှာ ချုပ်ဖို့ ဆိုင်ကနေ အိမ်ကို ပြန်လာခဲ့တယ်။ အိမ်ကိုရောက်တော့ ရေမိုး ချိုး အဝတ်အစားလဲပြီး သနပ်ခါးလူးနေချိန်မှာ အခန်းပေါက်က လူသံ ကြားရလို့ မှန်ထဲက လှမ်းကြည့်လိုက်တော့ ကိုလှဖေဖြစ်နေတယ်။

ကြေးမုံဟာ ကိုလှဖေကို ရုတ်တရက် မြင်ရလို့ ထိတ်လန့်သွားပြီး

'အမလေး လန့်လိုက်တာ..ကိုလှဖေ ဘာလိုချင်လို့လဲ'

ဆိုတော့ ကိုလှဖေဟာ ကြေးမုံကို စကားမပြန်ဘဲ ကြေးမုံရဲ့ ကိုယ်ကြီးငယ် အသွယ်သွယ်ကို မျက်လုံးကျွတ်မတတ် ကြည့်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြေးမုံဟာ ယောကျ်ားတစ်ယောက်ရဲ့ ရိုင်းစိုင်းတဲ့ အကြည့်တွေ
ရိပ်စားမိသွားပြီး

'ကျွန်မသွားတော့မယ်'

ဆိုပြီး အခန်းဝက ထိုးထွက်လိုက်တယ်။

ဒါပေမဲ့ ရာဂစိတ်တွေ ဖြစ်ပေါ်နေတဲ့ ကိုလှဖေက သူမကို အခ
ထဲက ထွက်ခွင့်မပေးဘဲ ချုပ်ကိုင်ပြီးခုတင်ပေါ်ကို တွန်းလှဲလိုက်တယ်
ကြေးမုံဟာ ထိတ်လန့်သွားပြီး

'ရှင် ဘာလုပ်တာလဲ ခွေးကျင့်ခွေးကြံမကြံနဲ့နော်'

ဆိုပြီး ရုန်းကန်ဖို့ ကြိုးစားတယ်။ ဒါပေမဲ့ အားချင်းမမျှလို့ ရုန်း
ကန်မရဘူး။ကြေးမုံဟာ ရှက်စိတ်နဲ့ ကြောက်စိတ်ရောထွေးပြီး

'ကယ်ကြပါဦးရှင်'

လို့ အသံကုန်အော်လိုက်တယ်။ ဒါပေမဲ့ တစ်ဖက်ခြံတွေမှာ
လူမနေတဲ့အတွက် ကြေးမုံအသံကို တော်ရုံလူ ကြားဖို့မလွယ်ဘူး
ကိုလှဖေဟာ ကြေးမုံရဲ့ ပါးစပ်ကို အဝတ်ဆို့ပြီး အတင်းပိတ်ထားတယ်

ကြေးမုံဟာ ရုန်းကန်ရင်း တဖြည်းဖြည်း အားအင်မဲ့လာ
ရေတိမ်နစ်ရမလို ဖြစ်နေတယ်။ ဒီအချိန်မှာပဲကံကောင်းထောက်မ
ခြံတခါးဝက လူသံသူသံတွေ ကြားလိုက်လို့ ကိုလှဖေဟာ က
ကတန်း ပုဆိုးကောက်ဝတ်ပြီး ပြတင်းပေါက်က ခုန်ချသွားတယ်

ဆိုင်က မိန်းကလေးတွေ ကြက်သွန်ကုန်လို့ အိမ်ကို လာယူ





ဖြစ်တယ်။သူတို့ကြောင့် ကြေးမုံဟာ ဘဝ မပျက်ဘဲ ချမ်းသာရာရခဲ့တယ်။

ကြေးမုံဟာ အခန်းထဲမှာ တစ်ကိုယ်တည်း ရှိုက်ငိုပြီးကျန်ရစ်ခဲ့
တယ်။သူကံကောင်းလို့ အပျိုရည် မပျက်ခဲ့တာပဲ။ကြေးမုံဟာ မမစိန်နဲ့
အတူနေချင်စိတ်မရှိတော့ဘူး။ ရှေ့ဆက်ပြီး မိမိကြောင့် မမစိန်တို့
မိသားစု ပြိုကွဲပျက်ဆီးမှာကိုလည်းမလိုလားချေ။

တကယ်တော့ ကိုလှဖေဟာ အခွင့်အရေးရရင်သူ့ကို ကျူးလွန်ဦးမှာ
သေချာတယ်။ ကိုလှဖေကို ရွံရှာလွန်းလို့ သူ့မျက်နှာကိုလဲ မမြင်ချင်စိတ်
ရှိတော့ချေ။ ဒါကြောင့် မမစိန်ဖတ်ဖို့ စာတစ်စောင်ကို အမြန်ဆုံး
ကောက်ရေးလိုက်တယ်။ စာထဲမှာ

*မမစိန်ရေ..အချိန်မတိုင်မီခွဲခွာသွားလို့ ကြေးမုံကို စိတ်မဆိုးပါနဲ့။*

*ကြေးမုံ မမစိန်တို့နဲ့ အတူနေရတာ ငြိုးငွေ့နေတာ ကြာပါပြီ.*

*ဒီနေ့တော့ ငြိုးငွေ့မှုတွေကို သည်းမခံနိုင်တော့လို့*

*ဒီမြို့ကိုထွက်သွားပါပြီ....*

*မမစိန်ကြေးမုံကို နားလည်ခွင့်လွှတ်မယ်လို့ ထင်ပါတယ်။*

*ကြေးမုံကို စိတ်မပူပါနဲ့ ..*

*ကြေးမုံ ကိုယ်ကိုယ်ကိုယ် ထိမ်းနိုင်ပါတယ်။*

ကြေးမုံဟာ မမစိန်ဖတ်ဖို့ စာရေးပြီး စာကို ခေါင်းအုံးအောက်မှာ
ညှပ်ထားလိုက်တယ်။ ပြီးတော့ သူပိုင်ဆိုင်တဲ့ အဝတ်တစ်စုံနှစ်စုံကို
လွယ်အိတ်ထဲ ထည့်ပြီး စုဆောင်းထားတဲ့ ပိုက်ဆံတွေကို ယူခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြေးမုံဟာ ၃ နှစ်နီးပါး နေထိုင်ခဲ့တဲ့ ဆိုင်လေးကို လှမ်းမျှော် ကြည့်ရင်း ခွဲခွာထွက်ခဲ့တယ်။

အဝေးပြေးလမ်းကို ရောက်တော့ဘတ်စ်ကားကြီး တစ်စီးကို တားဆီးပြီးထွက်ခဲ့တယ်။ ဘတ်စ်ကားပေါ်မှာ ဘုရားဖူးခရီးသည်တွေ လိုက်ပါလာတာတွေ့ရတယ်။

ကြေးမုံဟာ ကားပေါ်မှာ လိုက်ပါရင်း သူ့ဘဝကံ မကောင်းပုံကို တွေးတောနေမိတယ်။ မိခင်နဲ့ နေတုန်းက ပထွေးနဲ့ မတည့်လို့ အိမ်က ထွက်ပြေးခဲ့တာကို သတိရတယ်။

မမစိန်နဲ့ အတူနေပြီး ဘဝကို အေးအေးချမ်းချမ်း ကျော်ဖြတ်နေ ချိန်မှာ တဏှာရူးလှဖေကြောင့် ပြေးခဲ့ပြန်တယ်။ မိမိဘဝ ဘယ်အချိန် မှ အေးအေးချမ်းချမ်း နေထိုင်ရမည် မသိချေ။

ကြေးမုံ အတိတ်ဘဝကို ပြန်တွေးနေတုန်း ဘတ်စ်ကားဟာ ရှူးရှူးရှဲရှဲ အသံပြုပြီး လမ်းနံဘေးမှာ ထိုးရပ်သွားတယ်။ ခရီးသည် များဟာ ကားပျက်လို့ တစ်ယောက်တစ်ပေါက် ငြီးငြူပြီး ကားအောက်ကို ဆင်းကြတယ်။

ဒရိုင်ဘာနဲ့ စပါယ်ရာ ကားကို ကြိုးစားပမ်းစား ပြင်ဆင်နေ ချိန်မှာ ကြေးမုံဟာ အရိပ်ရတဲ့ လမ်းကလေးအတိုင်း လျှောက်လှမ်းသွား လိုက်တယ်။ ခပ်လှမ်းလှမ်းမှာ အကြော်ဆိုင်လေး တစ်ဆိုင်ကို လှမ်းမြင် လိုက်ရတယ်။





ကြေးမုံဟာ ဗိုက်ထဲမှာ ဆာသလို ရှိတာနဲ့ အကြော်ဆိုင်ကလေး မှာ ဝင်ထိုင်ပြီး အကြော်စားနေလိုက်တယ်။ အကြော်ဆိုင်မှာ အဝတ် အစား စုတ်စုတ်ပြုတ်ပြုတ် ဝတ်ဆင်ထားတဲ့ မိန်းမကြီးတစ်ယောက် အကြော်ထိုင်စားနေတာတွေ့ရတယ်။

ကြေးမုံဟာ အကြော်စားရင်း သူ့ဘဝ အနာဂတ်ခရီးလမ်းကို တွေးတောနေမိတယ်..ဒီအချိန်မှာပဲ အနီးမှာ အကြော်စားနေတဲ့ မိန်းမ ကြီးက

'ဟဲဟဲ..ဗိုက်ဆာတာနဲ့ အကြော်တွေ တော်တော်စားပစ် လိုက် တယ်'

လို့ဆိုလိုက်တော့ အကြော်သည် မိန်းမက

'ဟုတ်ကဲ့ အကြော် ငါးပွဲ ဆိုတော့တစ်မူးကျပါတယ်'

လို့ပြောလိုက်တယ်။ မိန်းမကြီးက ခေါင်းညိတ်လိုက်ပြီးသူ့ရဲ့ လွယ်အိတ်အဟောင်းကြီးထဲကို လက်နှိုက်ပြီး ပိုက်ဆံရှာလိုက်တယ်။ အတန်ကြာအောင် မွှေနှောက်ရှာဖွေပြီး ပိုက်ဆံမတွေ့တော့ ရယ်မော လိုက်ပြီး

'ငါနယ်နေ၀် အသက်လေးရလာတော့ အရာရာ မေ့တာပဲ၊ ဒီကို လာရင်း လမ်းမှာ ဗိုက်ဆာနေတဲ့ အဘွားကြီးတစ်ယောက်တွေ့လို့ ငါ့မှာ ပါတဲ့ ပိုက်ဆံ အကုန်ပေးလိုက်တယ်၊အကြော်ဘိုး ပေးစရာ မကျန် တော့ပါလား..အင်း..တစ်မူးဆိုတဲ့ ပိုက်ဆံကတော့ ဘာမှမရှိပါဘူး'

လို့ဆိုလိုက်တော့ ရိုင်းပြဟန်ရှိတဲ့ အကြော်သည် မိန်းမက



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ အဘွားကြီး ရီးတီးယားတား မလုပ်နဲ့နော်၊ တစ်မူးလဲ ပိုက်ဆံပဲ၊ အကြော်ဘိုး မရရင် ထဘီကို အလဲထူပစ်လိုက်မယ်'

လို့ကြိမ်းဝါးလိုက်တယ်။ သူ့စကားကြောင့် အကြော်စားတဲ့ မိန်းမ ကြီးက သက်ပြင်းချလိုက်ပြီး

'အကြော်ဘိုးလေး တစ်မူးမရတာနဲ့ပဲ ထဘီအလဲထူပစ်လိုက် မယ်ဆိုတော့ ညည်းတော်တော် အရှက်ကင်းမဲ့တဲ့ မိန်းမပဲ'

လို့ဝေဖန်လိုက်တော့ အကြော်သည်မိန်းမက

'ရှင်နော် မိမိုးကို ဘာကောင်မ အောက်မေ့လို့လဲ၊ အကြော်ဘို မရရင် ရှင်ဒီဆိုင်က ပြန်ထွက်လို့ မရဘူး'

လို့ဆိုလိုက်တယ်။

ကြေးမုံဟာ သူတို့နှစ်ယောက်စကားကို နားထောင်ပြီးလက်ပိုက် ကြည့်မနေနိုင်တော့ဘူး။ ကြေးမုံက

'အကြော်ဘိုး ပိုက်ဆံ တစ်မူးလောက်နဲ့ ရန်မဖြစ်ကြပါနဲ့ရှင် အဒေါ်ကြီးစားထားတဲ့ ပိုက်ဆံတစ်မူးကို ကျွန်မပေးပါ့မယ်၊ကဲ့.. ကျွန် တို့နှစ်ယောက်စားတာ ဘယ်လောက်ကျသလဲ'

ဆိုတော့မှ မိမိုးဆိုတဲ့ မိန်းမက ငြိမ်သက်သွားတယ်။ အဒေါ်ကြ ကကျေးဇူးတင်ဟန်နဲ့ ကြည့်ပြီး

'ဟဲဟဲ..သူတော်ကောင်းနဲ့တွေ့လို့ တော်သေးတယ်..မဟုတ်ရ ဘာမဟုတ်တဲ့ တစ်မူးလောက်နဲ့ စကားပြောနေရဦးမယ်'





လို့ဆိုတော့ မိမိုးဆိုတဲ့ မိန်းမက ခါးထောက်ပြီး

'အောင်မယ်..စကား မပြောချင်ရင် သူများပိုက်ဆံကို ပေးပေါ့၊ တာဖြစ်လို့ အချောင်စားရတာလဲ'

လို့ရန်တွေ့လိုက်တယ်။ ကြေးမုံက အဒေါ်ကြီးနဲ့ မိမိုးဆိုတဲ့ မိန်းမ စကားများရန်ဖြစ် မှာစိုးလို့ ထိုင်ရာက ထပြီး

'အဒေါ်ရယ် သွားပါတော့၊ တော်ကြာ စကားများနေဦးမယ်'

လို့ကောင်းပန်လိုက်တော့ အဒေါ်ကြီးက ကြေးမုံရဲ့ပခုံးကို လက်နဲ့ ပုတ်ပြီး

'ငါ့နံမည်ဒေါင်းညို့ လို့ ခေါ်တယ်၊ ညည်း ငါ့ကို အကြွေးတင် သွားပြီ၊ တစ်နေ့ပြန်ဆုံကြမယ်'

လို့ပြောပြီး ကျောခိုင်းထွက်ခွာသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြေးမုံဟာ အကြော်ဆိုင်မှာ ဆက်ထိုင်ပြီး ရှေ့ဆက်ရမဲ့ ခရီးလမ်း ကို စဉ်းစားနေတုန်း အကြော်ဆိုင် အနီးက အိမ်တစ်အိမ်ရှေ့ကို တန်ဘိုး ကြီး ကားကြီးနှစ်စီး ထိုးဆိုက်လာတယ်။

ကားတစ်စီးပေါ်မှာလဲ မိန်းမပျိုတစ်ဦး ငိုရှိုက်နေတာ မြင်ရတယ်။ ကြေးမုံဟာ မိန်းမပျိုရဲ့ အဖြစ်ကို စပ်စုချင်စိတ်နဲ့ အကြော်ဆိုင်ရှင် မိန်းမ ဘက်လှည့်ပြီး

'ကားတွေက ဘယ်ကလဲ၊ကားပေါ်က မိန်းကလေးက ဘာ ကြောင့်ငိုနေတာလဲ'

လို့မေးမြန်းလိုက်တယ်။အကြော်ဆိုင်ရှင် မိန်းမက မျက်နှာရှုံ့မဲ့ပြီ





'ကားတွေက သူဌေးဦးကျော်ကြီးရဲ့ ကားတွေလေ၊ ဦးကျော်ကြီး က ဒီမြို့က မဟုတ်ဘူး၊ တစ်ဖက်မြို့မှာ နေတာ၊ ဦးကျော်ကြီးက အိမ်ရှေ့ က မိန်းကလေးကို လာသိမ်းတာ၊ မိန်းကလေးရဲ့အဖေက မနှစ်က ဆုံး သွားပြီ၊ ဦးကျော်ကြီးက မိန်းကလေးမိထွေးနဲ့ နားလည်မှုယူပြီး လာ သိမ်းပိုက်တာဖြစ်မယ်'

လို့ပြောတယ်။ကြေးမုံဟာ မိန်းကလေးအတွက် စိတ် မကောင်း ဖြစ်သွားပြီး

'မိန်းကလေးက ဦးကျော်ကြီးကို မလိုချင်ဘူးလို့ မငြင်းဘူးလား'

လို့ဆိုလိုက်တော့ အကြော်သည် မိန်းမက

'ငြင်းတာပေါ့၊ ဒါပေမဲ့ သူ့မိထွေးက ဦးကျော်ကြီးငွေတွေ ယူ ထားတော့ အတင်းအဓမ္မပေးစားတာ၊ ဦးကျော်ကြီးက မိန်းမအများကြီး ယူထားပြီး' တစ်ရွာတစ်ကျီဆောက်တဲ့လူ၊ သူ့အလုပ်ကလူဆိုးလူမိုက်တွေ မွေးပြီး မကောင်းမှု မှန်သမျှ အကုန်လုပ်တယ်'

လို့ပြောတယ်။ ကြေးမုံဟာ မိန်းကလေးရဲ့ ဘဝကို ကိုယ်ချင်းစာ စိတ်နဲ့ သနားကြင်နာမိတယ်။

မချစ်မနှစ်သက်သောသူနဲ့ ယူရမဲ့ မိန်းကလေးကို ကိုယ်စွမ်းရှိ သမျှ ကူညီပေးချင်နေမိတယ်။ နားထဲမှာလည်း ကပွိုယကြီး ဦးဖြူသီးရဲ့ စကားကို ပြန်ကြားယောင်မိတယ်။ ကပွိုယကြီးက

'သူတစ်ပါးအတွက် ကိုယ့်အတ္တကို မြုပ်နှံနိုင်တဲ့လူဟာ လောက



www.burmeseclassic.com

www.burmeseclassic.com



မှာ သိပ်ရှားတယ်၊ ကြေးမုံ ရှားမှရှားတဲ့ မိန်းမဖြစ်အောင် လုပ်စမ်းပါ' လို့ပြောဖူးတယ်။ ဒီအချိန်မှာပဲ သူဌေးကြီး ဦးကျော်နဲ့ အပေါင်းအပါတွေ အိမ်လေးထဲက ဆောင့်ကြွားကြွားနဲ့ ထွက်လာကြတယ်။ ဦးကျော်ဆိုတာ အသားမည်းမည်း ဗိုက်ပူပူနဲ့ အကော် အကြည့်ရဆိုးတဲ့လူကြီးပဲ။

မိန်းကလေးရဲ့မိထွေးဖြစ်ဟန်တူတဲ့ မိန်းမက သူဌေးကြီး ဦးကျော်ကို ထိုးမိုးပြီး အလွန်ရိုကျိုးတဲ့ အမူအယာနဲ့ လိုက်ပို့ပေးတယ်။မိန်းကလေးရဲ့ဘဝကို သနားညှာတာဟန် ရှိတဲ့ အိမ်နီးချင်းတွေက အိမ်ထဲက ထွက်ပြီး သူဌေးကြီးဦးကျော်နဲ့ မိထွေး ဖြစ်သူကို မေတ္တာ ပို့ကြတယ်။ ဦးကျော်ကို

'နွားအိုမြက်နုကြိုက်ကြီး'

လို့ ကျိန်ဆဲကြတယ်။ဦးကျော်ဟာ အရှက်မရှိတဲ့ မျက်နှာကြီးနဲ့ တဟီးဟီး တဟားဟား ရယ်ပြီး ကားပေါ်မှာ မိန်းကလေးနဲ့ ယှဉ်တွဲထိုင်လိုက်ကြတယ်။

ဦးကျော်ဟာ မိန်းကလေးရဲ့ဖြူဝင်းတဲ့ အသားအရည်နဲ့ ယှဉ်တွဲကြည့်တဲ့အခါ ဘဲဥကို ကျီးကန်းချီလာသလို ဖြစ်နေလို့ အကြည့်ရသိပ်ဆိုးတယ်။

သူဌေးဦးကျော်ရဲ့ကားထွက်ခွါသွားတဲ့ အချိန်မှာ မိန်းကလေးဟာ ရှိုက်ငိုပြီး လိုက်ပါသွားတယ်။ မိန်းကလေးရဲ့ အမူအယာဟာ





သတို့သမီးနဲ့ မတူဘဲ အသုဘ လိုက်ပို့တဲ့သူနဲ့ တူနေလို့ ကြေးမုံဟာ စိတ်မကောင်းခြင်းကြီးစွာဖြစ်ရတယ်။

မိန်းကလေးရဲ့ ဘဝကို အတတ်နိုင်ဆုံး ကယ်တင်မယ်လို့လဲ ဆုံးဖြတ်လိုက်တယ်။ကြေးမုံဟာ မိန်းကလေးကို ကူညီချင်စိတ်နဲ့ သူဌေးဦးကျော်ကြီးရှိတဲ့ မြို့ကို မြင်းလှည်းနဲ့ ထွက်ခဲ့တယ်။

တစ်ဖက်မြို့ကို ရောက်တော့ သူဌေးဦးကျော်ကြီးရဲ့ ခံ့ညားထည်ဝါတဲ့ တိုက်ကြီးကို မြင်တွေ့ရတယ်။ တိုက်ကြီးထဲကို ဘယ်လိုဝင်ရမလဲ လို့စဉ်းစားနေတုန်း တိုက်ကြီးရဲ့ရှေ့က အုတ်တံတိုင်းမှာ ထမင်းချက်(၁)ယောက် အစေခံ(၁)ယောက် အလိုရှိသည် လို့ရေးထားတဲ့ စာရွက်တစ်ရွက်ကပ်ထားတာ တွေ့ရတယ်။

ကြေးမုံဟာ အိမ်ကြီးထဲကို ဝင်နိုင်တဲ့နည်းလမ်းတွေ့ပြီလို့ တွေးပြီး အစေခံလုပ်လိုကြောင်း ပြောတော့ အပေါက်ဆိုးဆိုး မိန်းမကြီးတစ်ယောက်က လက်ခံတွေ့ဆုံပြီး ကြေးမုံကို အိမ်စေလုပ်ဖို့ ခွင့်ပြုလိုက်တယ်။

အပေါက်ဆိုးတဲ့ မိန်းမကြီးက

'ဒီအိမ်မှာ အိမ်စေ အလုပ်ရပြီးဆိုရင် အလုပ်ကိုကောင်းအောင်လုပ်၊ ခိုးမယ်ဝှက်မယ်၊ မကြံနဲ့ နားလည်လား၊ နင့်ကို အိမ်စေ အနေနဲ့ တစ်လစမ်းကြည့်မယ်၊ တစ်လပြည့်လို့မှ မကြိုက်ရင် အလုပ်ဖြုတ်ပစ်မယ်၊ ကြားလား'



www.burmeseclassic.com

www.burmeseclassic.com



လို့ကြုံးဝါးတယ်။

ကြေးမုံဟာ မိန်းမကြီးရဲ့စကားကို အလွန်ရိုကျိုးတဲ့အမူအယာ

'ဟုတ်ကဲ့ပါရှင် ကျွန်မအစွမ်းကုန် ကြိုးစားပါ့မယ်၊ တစ်လပြည့်
လို့ မကြိုက်ရင် အလုပ်ဖြုတ်ပါ'

လို့ဆိုလိုက်တော့ မိန်းမကြီးက မီးဖိုချောင်ကို လက်ညှိုးထိုးပြပြီ

'မီးဖိုထဲ ဝင်သွား ထမင်းချက်တစ်ယောက်ကို ငါအခုပဲ ခန့်လိုက်
တယ်၊ သူ့ကို နင်ကူ လုပ်ပေးရမယ်'

လို့ပြောတယ်။ ကြေးမုံဟာ မိန်းမကြီး စေခိုင်းတဲ့အတိုင်း မီး
ချောင်ထဲကို ဝင်သွားတော့ ကျောခိုင်းပြီး ဟင်းရွက်တွေဆေးနေတဲ
မိန်းမကြီးတစ်ယောက်ကို တွေ့ရတယ်။ မိန်းမကြီးက ကြေးမုံကို လှည့်
မကြည့်ဘဲ

'ညည်းနဲ့ငါရေးရေစက် ရှိတယ်နဲ့တူတယ်'

လို့ပြောလိုက်တော့ ကြေးမုံက မိန်းမကြီးရဲ့ နောက်ကျောကို
အံ့သြဟန်နဲ့ကြည့်လိုက်တယ်။ မိန်းမကြီးက သူ့ဘက်ကို လှည့်လိုက်
တော့ အကြော်ဆိုင်မှာ အကြော်ဘိုး မပေးနိုင်လို့ စကားများရန်ဖြစ်ခဲ့တဲ
ဒေါ်ဒေါင်းညို ဖြစ်နေတယ်။ ကြေးမုံက အံ့သြသွားပြီး

'ဟင်...အဒေါ်လဲ ကျွန်မနဲ့တစ်အိမ်ထဲ ဝင်လုပ်နေတယ်ပေါ့'

လို့ဆိုလိုက်တော့ မိန်းမကြီးက ခေါင်းညိတ်ပြီး

'လူဆိုတာ ကိုယ့်အကြောင်းနဲ့ကိုယ်ပေါ့ဟယ်၊ ညည်း မကြာမီ





ငါ့ အကြောင်းသိမှာပါ'

လို့ဆိုလိုက်တယ်။ ကြေးမုံကလည်း သက်ပြင်းချပြီး

'ကျွန်မ ဘဝရဲ့ရည်မှန်းချက်က အိမ်ဖော် မဟုတ်ဘူး၊ ကျွန်မမှာ
လဲ အကြောင်းရှိပါတယ်၊ အဒေါ်မကြာမီသိရမှာပါ'

လို့စိတ်ထဲက ပြန်ပြောလိုက်မိတယ်။

ကြေးမုံဟာ သူဌေးဦးကျော်ကြီးရဲ့ အိမ်ကို စတင်စပ်စုဖို့ ပြင်
တယ်။ ဒါကြောင့် လက်ထဲမှာ ကြက်မွေးတစ်ချောင်းကိုင်ပြီး အိမ်အနှံ့
လျှောက်ကြည့်တော့ ခြံထဲမှာ ဦးကျော်ကြီးရဲ့ တပည့်တွေကို တွေ့ရ
တယ်။ တစ်ခြံလုံး မီးရောင်စုံတွေ ထွန်းထားပြီး ဦးကျော်ကြီးနဲ့ တပည့်
တွေ စားပွဲသောက်ပွဲတွေနဲ့ အောင်ပွဲခံနေတယ်။ တစ်ခြံလုံး ဆူဆူ ညံနေ
တဲ့ အချိန်မှာ အိမ်ကြီးရဲ့ အပေါ်ထပ် အခန်းတစ်ခန်းထဲမှာ သနားစဖွယ်
မိန်းကလေးဟာ တအင့်အင့်ရှိုက်ငိုနေတယ်။

ကြေးမုံဟာ ရှိုက်သံကြားတဲ့ အခန်းအနီးကို တိုးကပ်နေတုန်း
ဘုရားခန်းထဲက ရုပ်ဆိုးဆိုး မိန်းမကြီး ထွက်လာလို့ ခန်းဆီးနောက်မှာ
ကမန်းကတန်း ပုန်းလိုက်ရတယ်။

ရုပ်ဆိုးဆိုးမိန်းမကြီး အောက်ထပ်ကို ဆင်းသွားတော့ တံခါး
ချက်ကို တိတ်တဆိတ် ဖွင့်ပြီး အခန်းထဲကို ဝင်လိုက်တယ်။ အိပ်ခန်း
ထဲက လှပတဲ့ ခုတင်ကြီးပေါ်မှာ ထိုင်ပြီး တရှုံ့ရှုံ့ငိုယိုနေတဲ့ မိန်းမပျိုလေးကို
တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြေးမုံက မိန်းကလေးရဲ့အနီးကို တိုးကပ်သွားတော့ မိန်းက
လေးက ထိတ်လန့်ဟန်နဲ့ မော့ကြည့်တယ်။ ကြေးမုံက

'ငိုမနေနဲ့၊ ရှင့်ကို ကျွန်မတို့ မရရအောင်ကယ်မယ်၊ဘာမှ အား
မငယ်နဲ့၊ ခဏစောင့်နေ'

လို့ဆိုလိုက်တော့ မိန်းကလေးက အံ့သြဟန်နဲ့

'ဘယ်လိုကယ်မှာလဲဟင်'

လို့ မေးမြန်းလိုက်တယ်။

ကြေးမုံက

'ခဏနေဦး ကျွန်မ နည်းလမ်းရှာလိုက်ဦးမယ်'

လို့ဆိုလိုက်တော့ အခန်းထဲကို တစ်စုံတစ်ယောက်ဝင်လာ

'ဘာ..နည်းလမ်းမှ မရှာနဲ့တော့ အချိန်မရှိတော့ဘူး၊ ငါ့နောက်
ကလိုက်ခဲ့ပေတော့'

လို့ဆိုလိုက်တယ်။ ကြေးမုံဟာ ရင်ထဲမှာထိတ်ခနဲဖြစ်ပြီး အသံရှ
ကို လှမ်းကြည့်လိုက်တော့ ဒေါ်ဒေါင်းညိုကြီး ဖြစ်နေတယ်။

ဒေါ်ဒေါင်းညိုက

'အံ့သြမနေနဲ့ ငါလဲညည်းလို ကယ်ဖို့ ရောက်နေတာပဲ၊ ငါတို့မှ
အချိန်မရှိတော့ဘူး၊ ကောင်မလေးကို ခေါ်ခဲ့ပေတော့'

လို့ဆိုလိုက်တယ်။

ဒီတော့မှ ကြေးမုံဟာ အခြေအနေကို သဘောပေါက်သွား





မိန်းကလေးကို အခန်းထဲက လက်ဆွဲခေါ်ခဲ့တယ်။ မိန်းကလေးက
လေသံတိုးတိုးနဲ့

'ကျွန်မကို ဘာလို့လာကယ်တာလဲ'

လို့မေးလိုက်တယ်။ကြေးမုံက

'ဦးကျော်ကြီး မတရားလုပ်တာ မခံနိုင်လို့ ရှင့်ကိုလာကယ်တာ'

လို့ဆိုလိုက်တော့ မိန်းကလေးက

'ကျေးဇူးတင်ပါတယ်၊တဏှာရူးကြီးကို မယူချင်လို့ ကိုယ့်ကိုယ်
ကိုယ် အဆုံးစီရင်ဖို့တောင် ကြံထားတယ်'

လို့ပြောတယ်။ ဒေါ်ဒေါင်းညိုက

'စကားတွေ နောက်မှပြော ငါ့နောက်ကမြန်မြန် လိုက်ခဲ့ကြ'

လို့ပြောပြီး ရှေ့ကဦးဆောင်ဆင်းတယ်။အိမ်ကြီးရဲ့အနောက်က
တံခါးကို ဖွင့်ပြီး ကြောင်လိမ်လှေခါးကနေ ဒေါ်ဒေါင်းညိုကြီးကိုယ်တိုင်
ဦးဆောင်ပြီး ဆင်းခဲ့တယ်။

အိမ်ကြီးရဲ့ အောက်ထပ်ကို ရောက်တော့သူဌေးဦးကျော်ရဲ့
ကားနှစ်စီးကိုတွေ့ရတယ်။

ဒေါ်ဒေါင်းညိုက ကားနှစ်စီးအနောက်ကို ဦးဆောင် ချဉ်းကပ်
သွားပြီး

'နင်တို့ ကားအဖြူနဲ့အနက် ဘယ်ကားကို စီးချင်သလဲပြော'

လို့မေးမြန်းလိုက်တယ်။ ဒေါ်ဒေါင်းညိုရဲ့စကားကြောင့် ကြေးမုံ



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကနားမလည်ဟန်နဲ့ကြည့်လိုက်တော့ ဒေါ်ဒေါင်းညို
ကားသေ့နှစ်ချောင်းကို ထောင်ပြလိုက်ပြီး

'ကားသေ့နှစ်ချောင်းစလုံး ငါနိုးလာတာ၊ ကြိုက်တဲ့ကား စီး
လို့ရတယ်'

လို့ပြောတယ်။





ဒီအချိန်မှာ သူဌေးဦးကျော်ကြီးဟာ နောက်ဆုံးလက်ကျန်
အရက်တစ်ခွက်ကို မော့သောက်လိုက်ပြီး

'ဟီးဟီး..ငါသွားတော့မယ်၊ ငါ့အချစ်လေးငါ့ကို စောင့်နေပြီ'

လို့ဆိုလိုက်တော့ တပည့်တပန်းတွေက တဏှာရူးကြီးကို အား
ကျဟန်နဲ့ ကြည့်ပြီး

'အားကျတယ် ဆရာရယ်..ကောင်မလေးက ချောမှချော တောင့်
မှတောင့်'

လို့တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းချီးကျူးကြတယ်။သူဌေး
ဦးကျော်ကြီးဟာ တဏှာလုံးကြွပြီး အိမ်ကြီးရဲ့ အပေါ်ထပ်ကို ဒယီး



www.burmeseclassic.com

www.burmeseclassic.com



ဒယိုင်နဲ့ တက်သွားတယ်။မိန်းမချောလေးဟာ သူ့ရဲ့ ဧယောက်မြော တရားဝင်မယားဖြစ်ပြီး အငယ်ဆုံး အချောဆုံးဖြစ်တယ်။ဦးကျော်ကြီ ဟာ မိန်းကလေးကို ရဖို့ မိထွေးဖြစ်သူကို ငွေတစ်ထောင်တိတိ ပူဇော် ခဲ့ရတယ်။မိန်းကလေးဟာ သူ့ကို အသက်ချင်း ကွာခြားတဲ့ အတွက် ခါးခါးသီးသီး ငြင်းဆန်ခဲ့တယ်။ ဒါပေမဲ့ နောက်ဆုံးတော့ မိန်းမလှလေး ဟာ သူ့ရင်ခွင်ထဲကို သက်ဆင်းရပေတော့မယ်။

ဦးကျော်ကြီး အခန်းတံခါးကို ဖွင့်လိုက်တော့ အခန်းထဲမှ မီးရောင်မှိန်မှိန်လေးလင်းနေတယ်။ မိန်းမလှလေးကတော့ ခုတင်ပေါ် မှာ စောင်ကြီးခြုံပြီးလဲလျောင်းနေတယ်။ သူ့ကို ရှက်လို့ ထင်ရတယ်။ တစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံး စောင်ကြီးခြုံထားတယ်။

ဦးကျော်ကြီးဟာ ခုတင်အနီးကို တိုးကပ်သွားပြီး

'အချစ်လေး အိပ်နေပြီလား၊ ကိုကို့ကို စောင့်ရတာ ကြာလို့ မောနေပြီလား'

လို့ပြောရင်း ရမက်ဇောကြွလာပြီး မိန်းကလေးကိုယ်ပေါ်မှ ခြုံလွှမ်းထားတဲ့ စောင်ကြီးကို ဖယ်ရှားလိုက်တယ်။ဒီအခါမှာ စော အောက်မှာ မိန်းကလေးကို မတွေ့ရဘဲ ဖက်ခေါင်းအုံးကြီးသာ မြင်ရ အတွက် ဦးကျော်ကြီးဟာ အထိတ်တလန့်နဲ့

'ဟိုက်..ကောင်မလေးဘယ်ကိုရောက်သွားသလဲ'

လို့ရေရွတ်ပြီး အိပ်ခန်းနေရာအနှံ့လိုက်ရှာကြည့်တယ်။ ကော





လေးကို ဘယ်နေရာမှာ မတွေ့တော့မှ ခေါင်းနပန်းကြီးသွားပြီး

'ငါ့အချစ်လေး မရှိတော့ဘူး'

လို့အသံနက်ကြီးနဲ့ အော်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ ဒေါ်ဒေါင်းညိုကြီးက လက်ထဲမှာ ပါလာတဲ့ သော နှစ်ချောင်းထဲက တစ်ချောင်းကို ကားတစ်စီးမှာ ထိုးစိုက်လိုက်ပြ ကျန်သော့တစ်ချောင်းကို အနီးက အမှိုက်ပုံးထဲ ပစ်ထည့်လိုက်တယ်။

ပြီးတော့ အူကြောင်ကြောင်ကြည့်နေတဲ့ ကြေးမုံနဲ့ မိန်းမပျို ဘက်ကို လှည့်ပြီး

'နင်တို့ဘာကြည့်နေတာလဲ၊ကားပေါ်တက်လေ'

လို့ ဆိုတော့ ကြေးမုံက မယုံနိုင်ဟန်နဲ့

'ဟင်..အဒေါ်က ကားမောင်းတတ်လို့လား'

လို့မေးမြန်းလိုက်တော့ ဒေါ်ဒေါင်းညိုက ရယ်မောပြီး ကျွမ် ကျွမ်းကျင်ကျင် မမောင်းတတ်ပေမဲ့ မတိုက်အောင်တော့ မောင်းတတ်ပါ တယ်၊ကဲ... ကြွတယ်ကားပေါ်တက်'





လို့ဆိုပြီး ကားစက်ကို နှိုးလိုက်တယ်။ကြေးမုံနဲ့ မိန်းကလေးဟာ ာ့ရားတပြီး ကားထဲမှာ ကိုင်ထားရတယ်။ဒေါ်ဒေါင်းညိုဟာ ကားကို ကာ်နှိုးပြီး ခြံထဲကို အရှိန်ပြင်းပြင်းနဲ့ မောင်းထွက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ကြီးရဲ့ တပည့်တပန်းတွေဟာ ခြံထဲမှာ အောင်ပွဲခံပြီ
သောက်စားမူးယစ်နေတုန်း သူတို့ရှိရာကို ကားကြီး မောင်း ထွက်လာလို့
အထိတ်တလန့်နဲ့ လွတ်ရာကို ရှောင်ပြေးကြတယ်။

သူဌေးဦးကျော်ကြီးဟာ ဂရန်တာကို ပြေးထွက်ကြည့်ပြီး အခြေ
အနေ အရပ်ရပ်ကို နားလည် သဘောပေါက်လိုက်ပြီး

'ခွေးမသားတွေ လျှောက်ပြေးမနေနဲ့၊ အမြန်ဆုံးလိုက်ကြ'

လို့ အမိန့်ပေးလိုက်တယ်။ ဦးကျော်ကြီး တပည့်တွေဟာ ကြေးမုံ
တို့ နောက်ကိုလိုက်ဖို့ ကျန်ကားတစ်စီးရဲ့သော့ကို လိုက်ရှာတော့ သော့
မရှိတော့ဘူး။

ဦးကျော်ကြီးက ဒေါ်သတကြီးနဲ့

'ဟေ့ကောင်တွေ မင်းတို့ဘာလို့ မလိုက်သေးတာလဲ'





လို့ အလောတကြီး မေးမြန်းလိုက်တယ်။ ဒီအခါမှာ တပည့်တွေ
က ထိတ်ထိတ်လန့်လန့်နဲ့ ကားသော့ရှာလို့မတွေ့ကြောင်းပြော လိုက်
တော့ ဦးကျော်ကြီးဟာ တပည့်ကျော်တွေကို ဒေါသတကြီး ဆဲဆို
လိုက်ပြီး မြို့ပေါ်မှာ ရစရာ မရှိအောင် အရှက်ကွဲပြီလို့ တွေးလိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါင်းညိုကြီးဟာ ကားကို အရှိန်ပြင်းပြင်း မောင်းနှင်နေပြီး မြို့နဲ့ဝေးတဲ့ အရပ်ကို ရောက်မှ အရှိန်ကို လျှော့ချလိုက်တယ်။

ဒေါ်ဒေါင်းညိုက မိန်းကလေးဘက်လှည့်ပြီး

'ဘာမှ မပူနဲ့တော့၊ ဒီလူတွေ့ လက်ကလွတ်ပြီ'

လို့ဆိုလိုက်တယ်။မိန်းကလေးက ခေါင်းညိတ်ပြီး

'ကျေးဇူးတင်လိုက်တာရှင်..ကျွန်မ ဒီလူကြီးကိုမယူချင်လို့ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့တောင် ကြံထားတာ ကျေးဇူးပါပဲ'

လို့ပြောလိုက်တယ်။ ဒီအခါ ကြေးမုံက ဝင်ပြီး





'ကျေးဇူးတင်စရာ မလိုပါဘူး၊ မြန်မာလူမျိုးအချင်းချင်း ဒုက္ခရောက်နေသူကို ကူညီရမှာပေါ့၊ ဒါနဲ့ ရှင့်နံမည် ဘယ်သူလဲ'

လို့မေးမြန်းလိုက်တော့ မိန်းကလေးက ခေါင်းညိတ်ပြီး

'ဟုတ်ပါရဲ့ရှင်၊ အသက်သခင်ကျေးဇူးရှင်တွေကို နံမည်တောင် မပြောရသေးဘူး။ကျွန်မနံမည် မြပွင့်ပါ'

လို့ဖြေတယ်။ ဒီအခါမှာ ကြေးမုံက

'မြပွင့် ဆိုတော့ နံမည်လေးက မြန်မာဆန်လိုက်တာ၊ မြပွင့် ...မ်ကိုမပြန်ဘူးဆိုရင် ရှင် ဘယ်ကိုသွားချင်လဲ၊ မြပွင့်မှာ အမျိုးရင်းခြာ ...တွ မရှိတော့ဘူးလား'

လို့မေးမြန်းလိုက်တယ်။ မြပွင့်က စိတ်အားငယ်ဟန်နဲ့ ခေါင်းခါ ...မ်းပြီး

'ကျွန်မ ဘယ်သွားရမှန်းလဲမသိဘူး၊ဆွေမျိုးရင်းခြာလဲ မရှိဘူး၊ ကျွန်မက တစ်ကောင်ကြွက်မို့ မိထွေးလူယုတ်မာ မကြီးက ကျွန်မကို ...ကျာ့ရူးကြီးဆီမှာ ရောင်းစားတာပေါ့'

လို့ပြောတယ်။မြပွင့်ရဲ့ အမူအယာကို ကြည့်ပြီး ဒေါ်ဒေါင်းညိုက

'ဒါဆိုလဲ နင်ဘာမှမပူနဲ့ စိတ်ချရတဲ့ ငါ့မိတ်ဆွေတစ်ယောက် ...တယ်၊သူ့ထမင်းဆိုင်မှာ နင်အလုပ်လုပ်လို့ရတယ်၊သူ့ဆီမှာနင့်လိုပဲ ...ိုးရာမဲ့ မိန်းကလေးတွေ အများကြီးကယ်တင်ထားတယ်'

လို့ပြောတော့ မြပွင့်က အားရဝမ်းသာနဲ့



www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးတင်လိုက်တာ အဒေါ်ရယ်..ကျွန်မအတွက် နေစရာလဲရမယ်၊ စားစရာလဲရမယ် ဆိုရင် အတိုင်းထက်အလွန်ပါပဲ'

လို့ပြောတယ်။





ဒီလိုနဲ့မြို့တွေ တစ်မြို့ပြီးတစ်မြို့ ကျော်ဖြတ်ပြီး မြို့ကြီးတစ်မြို့ရဲ့ အဝင်က အောင်ပင်လယ် ထမင်းဆိုင်ဆိုတဲ့ ဆိုင်ကြီးရှေ့မှာ ကားကိုရပ်လိုက်တယ်။ ဒေါ်ဒေါင်းညိုကို ဆိုင်ထဲကို ရောက်တော့ ထိပ်ပြောင်ပြောင် လူကြီးတစ်ယောက်က ဝမ်းသာအားရ ပြေးထွက်လာပြီး

'မတွေ့ရတာ ကြာပြီ မဒေါင်းရယ်..'

လို့ပြောလိုက်တော့

'ဟဲ့ ပြောင်ကြီး အပိုတွေလုပ်မနေနဲ့ နင့်ဆိုင်မှာထားဖို့ ခိုကိုးရာမဲ့ မိန်းကလေးတစ်ယောက် ခေါ်လာတယ်၊နံမည်က မြပွင့်တဲ့'

လို့ဆိုတော့ ပြောင်ကြီးဆိုတဲ့လူကြီးက



www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ် မဒေါင်းရယ်..ငါ့ရဲ့အောင်ပင်လယ်က ကယ်ဆယ်ရေးစခန်းလိုတောင် ဖြစ်နေပြီ'

လို့ပြောတယ်။ ဒေါ်ဒေါင်းညိုက မြပွင့် ပခုံးကိုပုတ်ပြီး

'ဟဲ့ မြပွင့် သူနံမည် ဦးသန်းစိန်လို့ ခေါ်တယ်၊ ဒါပေမဲ့ ထိပ်ပြော လို့ ငါတို့က ပြောင်ကြီးလို့ခေါ်တယ်၊နင်တို့က လူငယ်ဆိုတော့ ဘပြော လို့ခေါ်ပေါ့'

လို့ဆိုလိုက်တော့ ပြောင်ကြီးဆိုတဲ့ လူကြီးက မြပွင့်ကို စပ်ဖြီး ဖြီးကြည့်ပြီး

'ဟုတ်တယ်၊တစ်ဆိုင်လုံးက ကျုပ်ကို ဘပြောင်လို့ပဲ ခေါ်တယ်'

လို့ပြောတယ်။ ဒေါ်ဒေါင်းညိုဟာ ထမင်းစားရင်း မြပွင့်ရဲ့ သနား စဖွယ် ဘဝနောက်ကြောင်းကို ပြောပြတယ်။ ဘပြောင်ဆိုတဲ့ လူကြီးက အစအဆုံးနားထောင်ပြီး

'ဘာမှမပူနဲ့သမီး ဒီနေ့ကစပြီး ငါ့သမီးဘပြောင်တို့ဆိုင်မှာ နေ လို့ရတယ်၊ အလုပ်လဲပေးမယ်၊ နေဖို့ စားဖို့လဲ အဆင်ပြေမယ်'

လို့ဆိုလိုက်တော့ မြပွင့်ရဲ့မျက်နှာ ဝင်းပသွားပြီး

'ကျေးဇူးတင်လိုက်တာရှင်'

လို့ပြောတယ်။ မြပွင့်ကို ဘပြောင်ဆိုင်မှာ အပ်ထားလိုက်ပြီး ဒေါ်ဒေါင်းညိုနဲ့ ကြေးမုံက ခရီးဆက်ဖို့ပြင်ကြတယ်။ ဒေါ်ဒေါင်းညိုက ကြေးမုံကိုကြည့်ရင်း





'နင့်ကိုကြည့်ရတာ ပေတောလေလွင့်ပြီး လျှောက်သွားနေပုံရ တယ်၊ နင့်ဘဝအကြောင်း ပြောပါဦး'

လို့မေးမြန်းလိုက်တော့ ကြေးမုံက သူ့ဘဝကို ဖခင်သေဆုံးပြီး မိထွေးနဲ့ နေထိုင်ပုံ မိထွေးရဲ့ အမျိုးအဆွေ ကလေးများနဲ့ရန်ပွဲဖြစ်ပွါးပုံ၊ အိမ်ကထွက်ပြေးပြီး မမစိန်ထမင်းဆိုင်မှာ အလုပ်ဝင်ပုံ၊ မမစိန်နဲ့ နေထိုင်ရတာ အဆင်ပြေပုံ မမစိန်ယောကျ်ားယူပြီး တဏှာရူးလှဖေရဲ့ မကောင်းကြံဖို့ ကြိုးစားပုံတွေကို စီကာပတ်ကုံး ပြောပြလိုက်တယ်။

ဒေါ်ဒေါင်းညိုဟာ ကြေးမုံရဲ့စကားကို စိတ်ဝင်တစားနား ထောင်ပြီး

'ညည်းဘဝကလဲ ကောင်းတာတစ်ကွက်မှ မရှိပါလား၊ လောက မှာ လှဖေလိုတဏှာရူးတွေကြောင့် မိန်းမတွေ ဒုက္ခ ရောက်ပြီးမှုခင်းတွေ ဖြစ်လာရတယ်၊ငါတို့ အရှေ့တိုင်းက ကျမ်းဂန်တွေအဆိုအရ အရာရာကို ချုပ်တည်းထားရမယ်တဲ့၊ ရင်ထဲကဆန္ဒကို မြိုသိပ်ထားရမယ်တဲ့၊ ဆန္ဒထုတ်ဖော်တဲ့သူဟာ ဂုဏ်သိက္ခာမဲ့ပြီး အရှက်ကင်းမဲ့တဲ့သူလို့ အများ က ယူဆကြတယ်၊ ဒါကြောင့် လူတွေရဲ့ ရင်ထဲမှာ ဆန္ဒကို တတ်နိုင် သလောက် ချုပ်တီးထားကြတယ်၊ ဂုဏ်သိက္ခာကြီးလေ ပိုချုပ် တီးရလေ ပဲ၊ ချုပ်တီးမှုတွေထဲမှာ ကာမဆန္ဒလဲပါတယ်၊ ကာမဆန္ဒ ကိုဖော်ထုတ် တဲ့လူဟာ အရှက်ကင်းမဲ့သူလို့ အများကယူဆကြတယ်၊ ဒါပေမဲ့ သဘာဝတရားအလိုအရ ဆန္ဒဆိုတာ ချုပ်တည်းလေ အတွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးပေါက်ကွဲလေပဲ၊ ဆန္ဒဟာ အတွင်းမှာ ပေါက်ကွဲလို့ အားမရတော့ဘဲ အပြင်မှာ ပေါက်ကွဲပြီဆိုရင်တော့ လူ့ပတ်ဝန်းကျင်က လက်မခံနိုင်တဲ့ မှုခင်းကြီးတွေ ဖြစ်လာတော့တာပဲ'

လို့ပြောပြီး ကြေးမုံရဲ့ ပခုံးကို ပုတ်ကာ

'ညည်းမှာ သွားစရာမရှိလို့ ခေါ်ဦးတည်ရာသွားမယ်ဆိုရင် ငါနဲ့ အဖော်လိုက်ခဲ့လေ'

လို့ဖိတ်ခေါ်လိုက်တယ်။ ကြေးမုံဟာ ဒေါ်ဒေါင်းညိုနဲ့ လိုက်သင့်မသင့် စဉ်းစားပြီးတော့ သူနဲ့လိုက်သွားလို့ ငါ့ဘဝမှာ အရှုံးမရှိနိုင်ဘူးဆိုပြီး လိုက်ဖို့ဆုံးဖြတ်လိုက်တယ်။ ကြေးမုံကသက်ပြင်းချပြီး

'ကျွန်မ ဒေါ်ဒေါင်းညိုကြီး နောက်ကို လိုက်ရင်ဘာရမှာလဲ'

လို့မေးမြန်းလိုက်တော့ ဒေါ်ဒေါင်းညိုက ရယ်မောပြီး

'ဘာမှမရဘူး၊ငါ့နောက်ကို လိုက်ရင် ရွှေတွေ၊ ငွေတွေ မရဘူး၊ အန္တရာယ် အမျိုးမျိုးနဲ့တောင် ရင်ဆိုင်ရနိုင်တယ်၊အသည်းထိတ်ဖွယ် ကြက်သီးဖွယ် အတွေ့အကြုံတွေနဲ့လဲ ရင်ဆိုင်ရနိုင်တယ်'

လို့ဆိုလိုက်တော့ ကြေးမုံက ခေါင်းညိတ်ပြီး

'ကျွန်မလဲ ရွှေတွေငွေတွေ မလိုချင်ပါဘူး၊ ရွှေ ငွေ မက်တဲ့ မိန်းမထဲမှာ ကျွန်မမပါဘူး'

လို့ဆိုလိုက်တယ်။ဒေါ်ဒေါင်းညိုက ခေါင်းညိတ်ပြီး

'ရွှေဆိုတာ အဝါရောင်သတ္တုတစ်မျိုးပါပဲဟယ်၊ ခပ်ညံ့ညံ့ မိန်းမ





တွေသာ ရွှေကို အသည်းအသန် မက်မောကြတာပါ၊ ငွေဆိုတာလဲ ဒီလိုပါပဲ၊ လိုတာထက်ပိုရှာရင် မကောင်းပါဘူး၊ ခပ်ညံ့ညံ့လူတွေသာ ငွေကိုအသည်း အသန် ရှာဖွေကြတာပါ၊ လူ့ဘဝဆိုတာ သိပ်တိုတောင်းတယ်၊ တိုတောင်းလှတဲ့ လူ့ဘဝထဲမှာ ငွေရှုးရှုးပြီးငွေနောက်သာ လိုက်နေရင် ငွေရဲ့ကြေးကျွန်ဖြစ်သွားလိမ့်မယ်၊ ဘဝဟာ အဓိပ္ပါယ် မရှိတော့ဘူး၊ ဒါပေမဲ့ လူဟာငွေရဲ့ ကြေးကျွန်ဖြစ်တာ မသိဘဲ ငါပိုတော်လာပြီ၊ပိုတိုးတက်လာပြီ၊ ငွေတွေကို ရှာနိုင်လာပြီ၊ လူတွေ အားလုံးငါ့ကို အထင်ကြီးလာပြီလို့ ထင်သွားတတ်တယ်၊ ဒီလိုလူမျိုးဟာ ကုစရာဆေးမရှိတော့ဘူး'

လို့ပြောပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ကြေးမုံဟာ ဒေါ်ဒေါင်းညိုကြီး နောက်ကို ကားတစ်တ ရထားတစ်တန် စီးပြီး လိုက်ပါရင်း နယ်စပ်ဒေသကို ရောက်ခဲ့တယ်။ နယ်စပ်ဒေသက ဆင်ဖြူတိုင်ဆိုတဲ့ ရွာကြီးရောက်တော့ ဒေါ်ဒေါင်းညို ဟာ ရွာမှာအတော်သြဇာညောင်းတာတွေ့ရတယ်။ သူဟာ ရွာ အကြီးအကဲ တစ်ယောက်လိုဖြစ်ပြီး ရွာသူရွာသားအများစုက ရိုသေ လေးစားကြတယ်။

ဒေါ်ဒေါင်းညိုက

‘ဒီရွာမှာ ငါ့အဖေက သူကြီးလုပ်ခဲ့ဖူးတယ်၊ငါ့အဖေသေတော့ အင်္ဂလိပ် အစိုးရရဲ့သြဇာသက်ရောက်ခြင်းမရှိတော့လို့ သူကြီးမရှိ တော့ ဘူး၊ အင်္ဂလိပ်က ခန့်တဲ့သူကြီးတွေလဲ ဒီရွာမှာသက်ဆိုးမရှည်ဘူး သူတို့ကို မလိုလားတဲ့ လူတွေက ရှင်းပစ်လေ့ရှိတယ်၊ လူတွေက ငါ့ကို





ရိုသေကြတယ်၊ ညည်းငါတို့ရွာမှာ ဘာအလုပ်လုပ်ချင်လဲ ပြော၊ လူညံ့ တွေမကျေမောတဲ့ ပိုက်ဆံကိုတော့ ဒီရွာမှာ လွယ်လွယ်ရှာလို့ရတယ်’

လို့ပြောတယ်။ကြေးမုံက သက်ပြင်းချပြီး

‘လောလောဆယ်တော့ ဘာလုပ်ရမလဲ မသိဘူး၊ကျွန်မ ဒီအရပ် မှာလေ့လာကြည့်ဦးမယ်’

လို့ဆိုတော့ ဒေါ်ဒေါင်းညိုက ခေါင်းညိတ်ပြီး

‘ကြိုက်သလောက်လေ့လာ လောကမှာ ဘာကိစ္စမှ လွယ် လွယ်လုပ်တာ မကောင်းဘူး’

လို့ဆိုလိုက်တယ်။ ဒီလိုနဲ့ ကြေးမုံဟာ ဒေါ်ဒေါင်းညိုကြီးနဲ့ လိုက် ပါပြီး ဆင်ဖြူတိုင်ရွာမှာ သောင်တင်နေတယ်။

ဒေါ်ဒေါင်းညိုကြီးဟာ သူမ နေထိုင်တဲ့ ကျွန်းအိမ်မည်းကြီးမှာ ကြေးမုံကို လိုလေသေး မရှိအောင်ထားတယ်။ ကြေးမုံဟာ နယ်စပ် ဒေသရွာကြီးမှာ လှည့်လည်ကြည့်တော့ ဒီအရပ်က ရွာတော်တော်များ များ သစ်လုပ်ငန်းနဲ့ ကျောက်စိမ်း ရောင်းဝယ်ရေးလုပ်ငန်းကို အဓိက လုပ်ကိုင်တာတွေ့ရတယ်။ ကြေးမုံဟာ ရွာကြီးထဲမှာ လှည့်လည် ကြည့်ရှု ရင်း ရွာစွန်က ခြံကြီးထဲမှာ လူငယ်လူရွယ်တစ်စု သိုင်းလေ့ကျင့်နေ တာကို ငေးမောကြည့်ပြီး သိုင်းပညာ သင်ယူချင်စိတ်တွေ တဖွါးဖွါး ပေါ် ပေါက်လာတယ်။ ဒါကြောင့် မကြာခဏ ဆိုသလို ရွာစွန်က သိုင်းပညာ သင်ကြားပေးတဲ့ ခြံကိုသွားကြည့်မိတယ်။ တစ်ပတ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ ဒေါ်ဒေါင်းညိုက

'ညည်းဘာအလုပ်လုပ်ချင်သလဲ'

လို့မေးမြန်းတော့ ကြေးမုံက သက်ပြင်းချပြီး

'ကျွန်မ ဒီအရပ်မှာ ဘာစီးပွားမှ မလုပ်ချင်ဘူး၊ပြောရင်တော့ အဒေါ်အံ့ဩမလားမသိဘူး'

လို့ဆိုလိုက်တော့ ဒေါ်ဒေါင်းညိုက ခေါင်းညိတ်ပြီး

'နင်ဘာလုပ်ချင်တယ်ဆိုတာ ငါသိတယ်၊ နင်သိုင်း ပညာသင်ချင်တယ် မဟုတ်လား'

လို့မေးမြန်းလိုက်တော့ ကြေးမုံက ဒေါ်ဒေါင်းညိုကို အံ့ဩဟန်နဲ့ ကြည့်လိုက်ပြီး

'အဒေါ်ဘယ်လိုသိနေတာလဲ'

လို့မေးမြန်းလိုက်တော့ ဒေါ်ဒေါင်းညိုက ခေါင်းညိတ်ပြီး

'ဒီအရပ်မှာ နင်မသိတဲ့ နားတွေ မျက်စိတွေ ရှိတယ်၊ ဒါကြောင့် နင်ငါ့ကွယ်ရာမှာ တံတွေးတောင်ထွေးလို့မရဘူး'

လို့ဆိုလိုက်တော့ ကြေးမုံဟာ ဒေါ်ဒေါင်းညိုကို အံ့ဩဟန်နဲ့ ကြည့်ပြီး

'မိန်းမသားတန်မဲ့ သိုင်းပညာသင်ချင်တယ် ဆိုတော့ အမြင် မတော်ဖြစ်မနေဘူးလား'

လို့မေးမြန်းတော့ ဒေါ်ဒေါင်းညိုက သက်ပြင်းချပြီး





'ညည်းတွေးပုံက လွန်ခဲ့တဲ့ နှစ် ၂၀ ကငါတွေးပုံနဲ့တူတယ်၊ ငါကိုယ်တိုင်လဲ သိုင်းပညာကို ကောင်းကောင်းသင်ဘူးပါတယ်၊ လောကထဲမှာလှည့်လည်မဲ့မိန်းမက သိုင်းသင်ယူတာ ဘာဆန်းလဲအေ.. ဆရာ ဦးထွန်းအုံက ငါ့သူငယ်ချင်းပါ၊နင့်ကို ငါပြောပေးမယ်'

လို့ပြောတော့ ကြေးမုံက ဝမ်းမြောက်ဝမ်းသာနဲ့ ဟေးခနဲ အော်ဟစ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာ ဒေါ်ဒေါင်းညိုဟာ ဆရာကြီးအတွက် သူတို့ဒေသမှာ အလွန်ဈေးကြီးတဲ့ မြွေဖြူသားစွပ်ပြုတ်ကို မရရအောင် ဝယ်ချက်ပြီး ဆရာကြီး ခြံထဲကို ထွက်ခဲ့တယ်။ဆရာကြီး ဦးထွန်းအုံကို မြွေဖြူသားစွပ်ပြုတ်ကို လက်ဆောင်ပေးလိုက်တော့ ဦးထွန်းအုံဟာ အားတုံ့အားနာဟန်နဲ့

'ဒီလောက်ဈေးကြီးတဲ့ မြွေဖြူသားစွပ်ပြုတ်ကို ဘာလို့လုပ်လာတာလဲ ဒေါ်ဒေါင်းညိုရယ်'

လို့ဆိုလိုက်တော့ ဒေါ်ဒေါင်းညိုက ကြေးမုံကို သိုင်းပညာသင်ယူပေးဖို့ တောင်းပန်ခဲ့တယ်။ ဦးထွန်းအုံက ကြေးမုံကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး





'ကျုပ်ဆီမှာ မိန်းကလေးတပည့် လက်ခံလေ့တော့မရှိဘူး၊ ဒါပေမဲ့ မြွေဖြူသားစွပ်ပြုတ် မျက်နှာနဲ့ လက်ခံလိုက်ပါတယ်၊ အပင်ပန်းခံနိုင်မှတော့ လိုတယ်နော်'

လို့ပြောလိုက်တယ်။ကြေးမုံက ဦးထွန်းအုံကို ကမန်းကတန်း ခေါင်းညိတ်ပြလိုက်ပြီး

'ကျွန်မက မိန်းကလေးပေမဲ့ တစ်သက်လုံး အလုပ်ကြမ်းလုပ်လာခဲ့တာပါ၊ အပင်ပန်းခံနိုင်ပါတယ်'

လို့ပြောလိုက်တယ်။ ဆရာကြီးဦးထွန်းအုံက ဆက်လက်ပြီး

'သိုင်းပညာ သင်ယူမဲ့လူတွေအတွက် ကျုပ်စည်းကမ်း တစ်ခုတော့ရှိတယ်၊ ဒါက သင်ယူမဲ့တပည့်ဟာ ကျုပ်ဆီမှာ နေရမယ်၊ ရွာထဲကို ပြန်လို့မရဘူး၊လက်ခံနိုင်ပါ့မလား'

လို့ဆိုလိုက်တော့ ကြေးမုံနဲ့ ဒေါ်ဒေါင်းညိုဟာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိတယ်။

ကြေးမုံက ခေါင်းညိတ်ပြလိုက်တော့ ဒေါ်ဒေါင်းညိုက

'လက်ခံနိုင်ပါတယ်'

လို့ဆိုလိုက်တယ်။ ဒီတော့မှ ဆရာကြီးဦးထွန်းအုံက ကြေးမုံကို တစ်ဦးတည်းသော မိန်းမသားတပည့်အဖြစ် လက်ခံခဲ့တယ်။

ဆရာကြီးဟာ ရွာစွန်က သစ်ရိပ်ဝါးရိပ်တွေနဲ့ အေးမြနေတဲ့ ခြံကြီးထဲမှာ နေထိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးမှာ တပည့်ရင်းခြာ(၇) ဦးရှိပြီး အကြီးဆုံးတပည့်ရဲ့ အမည်က ကိုပွားလို့ခေါ်တယ်။ ဆရာကြီးက ကြေးမုံကို တပည့်ရင်းခြာ တွေနဲ့ မိတ်ဆက်ပေးတယ်။ ဆရာကြီးဦးထွန်းအုံက တပည့်တွေကို ခေါ်ပြီး

'ဆရာကြီး တစ်သက်မှာ တပည့်ရင်းခြာ ခုနစ်ယောက်ပဲ ထားမယ် လို့ ဆုံးဖြတ်ထားခဲ့တယ်၊ အခုမကြေးမုံက မိန်းမသား တစ်ယောက်ဖြစ် ပေမဲ့ သိုင်းပညာကို အလွန်ဝါသနာထုံလို့ ဆရာကြီးရဲ့ ရှစ်ယောက်မြောက် တပည့်အဖြစ် လက်ခံဖို့ ဆုံးဖြတ်လိုက်တယ်။ သူ့ကို တပည့်တို့ အားလုံး ကိုယ့်နှမအရင်းလို သဘောထားပြီး ဆက်ဆံကြပါ'

လို့ မှာကြားကြတယ်။ ဒီလိုနဲ့ ကြေးမုံဟာ သိုင်းပညာကို စတင် သင်ကြားခွင့်ရခဲ့တယ်။ ဆရာကြီးဟာ ကြေးမုံကို သိုင်းပညာရဲ့ အခြေခံ တွေကို စတင်သင်ကြားပေးခဲ့တယ်။ ကြေးမုံဟာ ဆရာကြီးနဲ့ ဆရာ ကတော်ရဲ့ အိမ်ပတ်ဝန်းကျင်ကို လှဲကျင်းပေးပြီး ပန်းစိုက်ဝါသနာပါတဲ့ ဆရာတော်ကို ကူညီပြီး ပန်းစိုက်ပေးတယ်၊ ဆရာကတော်ဟာ ရှမ်းအမျိုးသမီး တစ်ယောက်ဖြစ်ပြီး ဆရာကြီးက ဆရာကတော်ထက် အသက်ပိုကြီးတယ်။ ကြေးမုံဟာ တောစပ်ကသစ်ခွပန်းတွေကို ဆရာ ကတော်အတွက် ယူလာပေးတတ်လို့ ဆရာကတော်က အလွန်ကျေးဇူး တင်တယ်။





ဆရာကြီးရဲ့ တပည့်တွေထဲကအကြီးဆုံးတပည့် ကိုပွားဟာ ...ည်းကမ်းအရှိသေဆုံးနဲ့ အကြိုးစားဆုံးဖြစ်တယ်။ သိုင်းပညာမှာလဲ ...ူမတူအောင်ထူးချွန်လို့ ဆရာကြီးရဲ့ ချီးကျူးခံရဆုံးတပည့်ဖြစ်တယ်။

ကြေးမုံကတော့ ကိုပွားကို ကြည့်ပြီးရင်ထဲမှာတစ်မျိုးခံစား ...တယ်။ ကိုပွားဟာအရာရာ အပြစ်ရှာမရအောင်တော်လွန်းနေတာ ထူး ...န်းတယ်။ လူတစ်ယောက်ဟာ နေရာတကာမှာ တော်လွန်းတတ်လွန်း ...န်ဖမ်းနေတာ သဘာဝမကျသလိုပဲ။

ကိုပွားကို သံသယ မျက်လုံးနဲ့ ကြည့်လို့လားမသိ။ ကိုယ်ပွါးဟာ ...စ်ခုခုကို ဖုံးကွယ်ထားသလို ခံစားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြေးမုံဟာ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ပြီး မိန်းမသား တန်မဲ့ သိုင်းပညာကို ဝါသနာထုံလွန်းလို့ ကြိုးစားလေ့ကျင့်လာလိုက်တာ ကြေးမုံရဲ့ သိုင်းပညာအဆင့်အတန်းက တရှိန်ထိုးမြင့်တက်လာလို့ ဆရာကြီးရဲ့ တပည့်ရင်းကြီးတွေ အံ့သြရတယ်။

ကြေးမုံဟာ သိုင်းပညာကို နက်နက်နဲနဲ လေ့ကျင့်ပြီးတော့ ခေါင်း ထဲကို အတွေးတစ်ခု လက်ခနဲ ဝင်ရောက်လာတယ်။သိုင်းပညာ သင်ယူ ကာစမှာ သိုင်းပညာဟာ ကြမ်းတမ်းမှုကို အခြေခံတယ်လို့ ထင်မြင် တယ်။နောက်တော့သိုင်းပညာကို နက်နက်နဲနဲ လေ့ကျင့်ပြီးတဲ့ နောက် သိုင်းပညာဟာနူးညံ့မှုကို အခြေခံကြောင်း သိလာရတယ်။

ဆရာကြီးရဲ့ သိုင်းကွက်တွေဟာ တပည့်တွေနဲ့မတူဘဲ နူးညံ့ သိမ်မွေ့တယ်။ ကခြေသည် တစ်ယောက်ရဲ့ ကကြိုးကကွက်တွေလို အနုပညာဆန်တယ်။ရန်သူနဲ့ရင်ဆိုင်တွေ့ရင်တော့ ဆရာကြီးရဲ့ တိုက် ကွက်တွေဟာ မုန်တိုင်းတိုက်ခတ်သလို ပြင်းထန်နေပြန်တယ်။

ကြေးမုံဟာ သိုင်းပညာရဲ့ အတွင်းသဘောကို သိနားလည်ပြီး နောက် သိုင်းပညာအဆင့်အတန်း အလွန်မြင့်တက်လာတယ်။ဒီအချိန် ကစပြီး ကြေးမုံဟာ သိုင်းလေ့ကျင့်ခြင်းပင် မရှိတော့ဘဲ ပညာရပ် တသားတည်းဖြစ်ရန်သာ ကြိုးစားနေမိတယ်။ ကြေးမုံဟာ အားလပ် ရက်တွေမှာ ကျေးဇူးရှင် ဒေါ်ဒေါင်းညိုဆီကို သွားရောက်လည်ပတ် လေ့ရှိတယ်။ ဒီလိုလည်ပတ်တဲ့အခါ ဒေါ်ဒေါင်းညိုရဲ့ လက်ရာ ထမင်း





ဟင်းအမျိုးမျိုးကို စားသောက်ရတယ်။ တစ်ခါတစ်ရံ စားကောင်း သောက်ဖွယ်တွေကို ဆရာကြီးတို့ ဇနီးမောင်နှံအတွက် ယူလာပေးတယ်။

တစ်နေ့ ဆရာကြီးဦးထွန်းအုံဟာ ကြေးမုံသိုင်းလေ့ကျင့်ခြင်း နည်းပါးသွားတဲ့အတွက် အံ့သြဟန်နဲ့ မေးမြန်းတယ်။ကြေးမုံက ဆရာကြီးရဲ့ အမေးကြောင့် သက်ပြင်းချလိုက်ပြီး

'သိုင်းကွက်တွေကို အလွတ်မကျက်ချင်တော့ဘူးဆရာကြီး၊ ယုံကြည်မှုလဲ မရှိတော့ဘူး၊တကယ်တော့ သိုင်းပညာဆိုတာ ရင်ထဲမှာ ရှိပြီးသား လို့ထင်တယ်၊ တပည့်တို့ကရင်ထဲက သိုင်းပညာကိုနှိုးဆွဖို့ပဲ လိုမယ်၊ ပညာနဲ့ ကိုယ်တစ်သားတည်း ဖြစ်သွားရင် ဆရာဆိုတာလဲ မရှိ တော့ဘူး၊ တပည့်ဆိုတာလဲ မရှိဘူး၊ သင်ယူခြင်း ဆိုတာလဲ မရှိတော့ ဘူးလို့ထင်တယ်'

လို့ပြောလိုက်တော့ ဆရာကြီးဦးထွန်းအုံဟာ ကြေးမုံကို အံ့သြ ဟန်နဲ့ ကြည့်လိုက်ပြီး

'တော်လိုက်တာ တပည့်ရယ်..နင့်မှာ ပါရမီဒီလောက်ရှိမယ်လို့ ငါမထင်ခဲ့ဘူး၊ ဒါငါ့အပြစ်ပါ၊ တကယ်တော့ နင်ဟာ ပညာရပ်ရဲ့ အဆုံးစွန်ဆုံးနယ်ပယ်ကို ရောက်သွားပြီ..နင့်ကို ငါသင်ပေးစရာမလို တော့ဘူး၊ ဒါဟာနည်းတဲ့ ပါရမီမဟုတ်ဘူးဟဲ့... ဒီနေ့ကစပြီး ငါ့ရဲ့ အတော်ဆုံးတပည့်ဟာ မောင်ပွားမဟုတ်တော့ဘူး၊နင်ဖြစ်သွားပြီ၊ ငါသိပ်ဝမ်းသာတယ် ကြေးမုံ..ဝမ်းသာလွန်းလို့ ဒီနေ့ည စားပွဲသောက်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



ကျင်းပမယ်'

အားပါးတရ ပြောတယ်။ ကြေးမုံဟာ ဆရာကြီးဦးထွန်းအုံရဲ့ စကားကြောင့် ရင်ထဲမှာ မမျှော်မှန်းနိုင်အောင် ဝမ်းသာပီတိဖြစ်ရတယ်။

ညကိုရောက်တော့ ဆရာကြီးဟာ တောဝက်တစ်ကောင်ကို ကင်ပြီးတပည့်တွေနဲ့ ပျော်ရွှင်စွာ စားသောက်တယ်။တပည့်တွေဟာ ရုတ်တရက် စားပွဲကျင်းပလို့ အံ့သြပြီး ဆရာကတော်ကို တိတ်တဆိတ် မေးမြန်းကြတယ်။ ဆရာကတော်ကိုယ်တိုင် မသိဘူးလို့ အဖြေရတဲ့ အတွက် ကြေးမုံကလွဲလို့ တပည့်တွေ အားလုံးအံ့သြနေကြတယ်။

ညကိုရောက်တော့ ဆရာကြီးဟာ တောဝက်ကင်နဲ့ ခေါင်ရည် ကိုအားပါးတရ သောက်ပြီး

'ကပည့်တို့ရေ ဒီနေ့ည စားပွဲသောက်ပွဲကျင်းပတဲ့ အကြောင်းကို မင်းတို့သိချင်နေမယ်ထင်တယ်'

လို့ဆိုလိုက်တော့ တပည့်တွေကသံပြိုင်

'သိချင်ပါတယ် ဆရာကြီး'

လို့ဖြေကြတယ်။ ဆရာကြီးက ဝမ်းသာအားရရယ်မောလိုက်ပြီး

'ဟားဟားဟား.. ငါကလဲ ပြောပြချင်နေတာကွ၊ ငါ့တပည့် တွေထဲမှာ တပည့်ကြီး မောင်ပွားဟာ အတော်ဆုံးလို့ ငါပြောခဲ့တာ မင်းတို့သိတယ်နော်၊ ဒါပေမဲ့ မောင်ပွားဟာ တပည့်တွေထဲမှာ အတော် ဆုံးဆိုပေမဲ့ ပညာရပ်ရဲ့ အတိုင်းအဆမဲ့ နယ်ပယ်ကိုတော့ မရောက်





သေးဘူးကွဲ! တကယ်တော့ ပညာရပ်ရဲ့ အဆုံးစွန်ဆုံး နယ်ပယ်ကို ရောက်ဖို့လဲ မလွယ်ပါဘူး၊ လူတစ်သိန်းမှာ တစ်ယောက် ရောက်ဖို့ မလွယ်ဘူးလေ...၊ ဒါကြောင့်လဲ ငါ့တပည့်ထဲမှာ ပညာနဲ့တသား တည်း ဖြစ်မဲ့ တပည့်မျိုးကို ငါမမျှော်လင့်ခဲ့ဘူး၊ ဒါပေမဲ့ ဒီနေ့တော့ ပညာ ရပ်ရဲ့ အဆုံးစွန်ဆုံး နယ်ပယ်ကို ရောက်မဲ့တပည့်တစ်ဦးကို မမျှော် လင့်ဘဲ ငါသွားတွေ့တယ်။ တကယ် မမျှော်လင့်ခဲ့ပါဘူး၊ ငါ့ကိုယ်ငါ မယုံ နိုင်အောင်ဖြစ်ရတယ်၊သူ့ရဲ့ အရည်အချင်းကို မှန်ကန်အောင် အကဲ ခတ်နိုင်လို့ ငါကိုယ်ငါ နှောင်တရခဲ့တယ်၊ အဲဒီတပည့်က အခြား မဟုတ်ဘူး၊ မင်းတို့ရဲ့ ညီမလေး ကြေးမုံပဲ၊ ကြေးမုံဟာ အငယ်ဆုံး တပည့်မလေးဆိုပေမဲ့ သူဟာ ပညာနဲ့ပတ်သက်တဲ့ပါရမီရှိတယ်၊ ပါရမီ ရှိတဲ့သူဟာ အလိုလို မြင်နိုင်စွမ်းရှိတယ်၊ သူ့ရဲ့ ပညာရပ်နဲ့ ပတ်သက်တဲ့ အသိပညာ ကတော့ အံ့မခန်းပါပဲ၊ ငါ့တပည့်ထဲမှာ ဒီလိုအရည်အချင်း ရှိတဲ့တပည့်မျိုးရှိတာ ငါဂုဏ်ယူတယ်။မင်းတို့လဲ မင်းတို့ညီမလေး အတွက် ဂုဏ်ယူကြပါ'

လို့ဆိုလိုက်တော့ တပည့်တွေ အားလုံးဝမ်းသာအားရ လက်ခုပ် လက်ဝါးတီးပေမဲ့ ဆရာကြီးရဲ့ အတော်ဆုံးတပည့်ကြီး ကိုပွားရဲ့ လက်ခုပ် တီးသံဟာ အသက်မပါဘူးဖြစ်နေတယ်။သူဟာ ဆရာကြီးပြောတဲ့ ပညာရပ်ရဲ့ အဆုံးစွန်ဆုံး နယ်ပယ်ဆိုတာ နားမလည်ဘူး၊ သူဟာ ကြေးမုံ ရောက်လာစတုန်းက သိုင်းပညာ သင်ကြားပေးလို့ကြေးမုံဟာ



www.burmeseclassic.com

www.burmeseclassic.com



သူ့တပည့်လို့ဆိုနိုင်တယ်။ သူ့တပည့်က သူထက်ပညာထက်ရမယ်ဆို တာ နားမလည်နိုင်ဘူး။ ဆရာကြီးရဲ့ အတော်ဆုံးတပည့်ဟာ သူ တစ်ယောက်တည်းသာ ဖြစ်ရမယ်လို့ တွေးမိတယ်။





တစ်နေ့တော့ လပြည့်ည တစ်ညမှာ ကြေးမုံရဲ့ အိပ်ခန်းပြတင်းပေါက်ထဲကို ကျောက်ခဲတစ်လုံး ကျလာလို့ ကြေးမုံက ကျောက်ခဲကို ယူကြည့်လိုက်တော့ စာတစ်စောင်ပတ်ထားတာတွေ့ရတယ်။ ကြေးမုံက စာကို ဖတ်ကြည့်လိုက်တော့

*ကြေးမုံ စမ်းချောင်းနံဘေးကို ခဏလာခဲ့ပါ၊*

*ကိုပွား*

လို့ရေးထားတာတွေ့ရတယ်။ ကြေးမုံဟာ ကိုပွားရဲ့ စာကို ဖတ်ပြီး နားမလည်ဟန်နဲ့ တွေဝေနေမိတယ်။ ပြီးတော့မှ အကြောင်း တစ်ခုရှိမယ် ထင်တယ်လို့ တွေးမိပြီး ခါးတစ်လက်ကို စလွယ်သိုင်းလွယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စမ်းချောင်းနံဘေးကို တိတ်တဆိတ် ထွက်ခဲ့တယ်။ လပြည့်ည ဖြစ်လို့ လရောင်ကြောင့် တောစပ်တစ်ခုလုံး လင်းထိန်နေတယ်။ စမ်းချောင်းလေးနံဘေးကို ရောက်တော့ ကျောခိုင်းပြီး ရပ်နေတဲ့ ကိုပွားကို တွေ့ရတယ်။ ကြေးမုံက

'ကျွန်မရောက်ပြီ ကိုပွား ညဥ့်နက်သန်းခေါင်ကြီး ဘာလို့ချိန်းရတာလဲ'

လို့မေးမြန်းလိုက်တော့ ကိုပွားက ကြေးမုံဘက်ကို ဖြည်းညင်းစွာလှည့်လိုက်ပြီး

'ငါ့ရင်ထဲမှာ မကျေလည်တဲ့ ပြဿနာ တစ်ရပ် ရှိနေတယ်၊ ဒီပြဿနာကြောင့် ငါရက်ပေါင်းများစွာ အိပ်လို့မရခဲ့ဘူး'

လို့ဆိုလိုက်တော့ ကြေးမုံက မျက်မှောင်ကြုတ်ပြီး

'ဘယ်လိုပြဿနာများလဲ'

လို့မေးမြန်းလိုက်တယ်။ ကိုပွားက သက်ပြင်းချပြီး

'စားပွဲကျင်းကဲ့ညကဆရာကြီးပြောခဲ့တဲ့ စကားတွေပဲ၊ ငါဟာ ဆရာကြီးတပည့်တွေမှာ အတော်ဆုံးတပည့်ဖြစ်တယ်၊ နင့်ထက် နှစ်ပေါင်းများစွာစောပြီး ဆရာကြီးဆီမှာ ပညာရင်နို့သောက်ခဲ့တယ်၊ တပည့်ထဲမှာလဲ ငါဟာ အကြိုးစားဆုံးပဲ၊ငါ့ဘဝတစ်ခုလုံး သိုင်းပညာထဲမှာ မြှုပ်နှံထားခဲ့တယ်၊ ဒါဟာဆရာကြီးရဲ့ အထူးချွန်ဆုံးတပည့် နေရာကို ငါလိုချင်လို့ပါ၊ အခုတော့ မနေ့တစ်နေ့ကမှ သင်တန်းကျောင်းကို





ရောက်လာပြီး ငါကိုယ်တိုင် သင်ပေးခဲ့ရတဲ့နင်က ဆရာကြီးရဲ့ အတော်ဆုံးတပည့် ဖြစ်သွားတယ်ဆိုတော့ ငါမယုံနိုင်ဘူး၊ ငါစိတ်တွေ သိမ်ငယ်ရတယ်'

ဆိုလိုက်တော့ ကြေးမုံက သက်ပြင်းချလိုက်ပြီး

'ဆရာကြီး နှုတ်က ဖွင့်ပြောလို့ ကျွန်မတို့ သိရတာပါ၊ ကျွန်မရင်ထဲမှာတော့ ကိုပွားထက်သာတယ်လို့ လုံးဝ မခံယူပါဘူး၊ ကိုပွားပညာနဲ့ ကျွန်မပညာ မိုးနဲ့မြေလို ကွာပါတယ်'

လို့ပြောလိုက်တယ်။ကိုပွားကတော့ ကြေးမုံရဲ့ စကားကို လက်ခံပုံမရဘဲ

'ဘာပဲဖြစ်ဖြစ် ဆရာကြီးက ငါ့ထက်မသာဘဲ ညစာစားပွဲမှာ ပြောစရာအကြောင်းမရှိဘူး၊ နင့်ရဲ့ပညာအဆင့်ကို ငါစမ်းကြည့်ချင်တယ်'

လို့ပြောလိုက်တော့ ကြေးမုံဟာ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားပြီး အန္တရာယ်ကျရောက်တော့မယ်လို့လဲ တွေးလိုက်မိတယ်။ကြေးမုံက ကမန်းကတန်း လက်ကာပြလိုက်ပြီး

'ကိုပွားအထင်မှားနေပြီ၊ကြေးမုံက ကိုပွားကို ဘယ်လိုမှ မယှဉ်နိုင်သေးဘူး၊ ဆရာကြီး ဆိုလိုတဲ့ သဘောက ပညာရပ်နဲ့ တသားတည်းဖြစ်သွားတယ်လို့ပြောတာပါ'

လို့ဆိုလိုက်တယ်။ကိုပွားက ခေါင်းခါယမ်းလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'နင့်ရဲ့ပညာအဆင့်အတန်းကို ငါကိုယ်တိုင်လက်တွေ့စမ်းသပ်မှ ဖြစ်မယ်၊ ကြာတယ် ကြေးမုံ ဓါးထုတ်လိုက်ပါ'

လို့အမိန့်ပေးလိုက်တယ်၊ကြေးမုံဟာ ကိုပွားနဲ့ မတိုက်ခိုက်ချင်လို့ အမျိုးမျိုးတောင်းပန်ပေမဲ့ ကိုပွားက စိတ်မရှည်တော့ဘဲ ဝင်ရောက် တိုက်ခိုက်လိုက်တယ်။ကြေးမုံဟာ ကိုပွားရဲ့ ပြင်းထန်တဲ့ ဓါးချက်တွေကို အသေအလဲ တိမ်းရှောင်လိုက်ရတယ်။ ဒီအချိန်မှပဲ ကောင်းကင်တပြင်လုံး လျှပ်စီးတွေ တဝင်းဝင်းလက်ပြီး မိုးရွာချလိုက်တယ်။ ကိုပွားဟာ ကြေးမုံကို တိုက်တဲ့တိုက်ကွက်တွေဟာ ပညာစမ်းတဲ့အဆင့်မဟုတ်တော့ဘူး၊ ရန်သူတော်ကြီး တစ်ယောက်ကို တိုက်ခိုက်သလို ပြင်းထန်လွန်းလို့ ကြေးမုံက အသေအလဲ ရှောင်တိမ်းပြီး ကိုပွားကို ရပ်တန့်ဖို့ အော်ဟစ် ပြောဆိုနေမိတယ်။

ဒါပေမဲ့ ကိုပွားက သူ့ရဲ့ တိုက်ကွက်တွေ မရပ်ရုံမက ပိုမိုပြီး ပြင်းထန်လာတယ်။ ကြေးမုံဟာ ကိုပွားကို မတွန်းလှန်နိုင်လို့ နောက်ကို တဆုတ်တည်း ဆုတ်နေရတယ်။ ကြေးမုံတစာစာ အော်ဟစ်ပြီး ရပ်တန့်ဖို့ ပြောပေမဲ့ ကိုပွားဟာ သရဲစီးနေသူ တစ်ယောက်လို ဖြစ်လာတယ်၊ ကြေးမုံဟာ နောက်ကို တဆုတ်တည်း ဆုတ်နေရာက ကျောက်တုံးကို နင်းမိပြီး ခြေချော်လဲကျသွားတယ်၊ ကြေးမုံလက်ထဲက ဓါးလဲလွတ်ကျသွားတယ်။ ကိုပွားဟာ ကြေးမုံရဲ့ ကိုယ်ခန္ဓာပေါ် အုပ်မိုးရောက်လာပြီး သဘောကျဟန်နဲ့ ဟဟားဟား ရယ်လိုက်တယ်၊ ပြီးတော့





ကြေးမုံကို အပြတ်ရှင်းမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လက်ထဲက ဓါးကို လေထဲ မြှောက်လိုက်တယ်၊ ဒီအချိန်မှာ လျှပ်စီးတွေ တဝင်းဝင်းလက်လာလို့ ကြေးမုံဟာ ကိုပွားရဲ့ မျက်နှာကို မြင်လိုက်ရတယ်၊ကိုပွားဟာ ကြေးမုံရဲ့ အနောက်မှာ တစ်စုံတစ်ယောက်ကို မြင်လိုက်ရပုံရတယ်၊ ဒါကြောင့် ပါးစပ် အဟောင်းသားဖြစ်ပြီး သူ့လက်ထဲက ဓါးကိုအောက်ကို ချလိုက်တယ်။ ကြေးမုံဟာလဲကျနေရာက သူ့မအသက်ကို ကယ်လိုက်တဲ့ လူကို လှည့်ကြည့်တော့ မတွေ့ရတော့ဘူး။ကိုပွားဟာ ကြေးမုံရဲ့ မျက်နှာကို မုန်းတီးဟန်နဲ့ကြည့်ပြီး မိုးရေထဲကို ကျောခိုင်းထွက်သွားတယ်။

ကြေးမုံဟာ ကိုပွားရဲ့ မနာလိုဝန်တို စိတ်ကို အလွန်ထိတ်လန့်တုန်လှုပ်သွားမိတယ်။ ကိုပွားဟာ ဆရာကြီးရဲ့ အတော်ဆုံးတပည့်နေရာက လျောကျသွားတဲ့အတွက် သူမကို ရန်ငြိုးဖွဲ့ခဲ့ပုံရတယ်။

ကြေးမုံဟာသူနေထိုင်တဲ့ တဲကို ပြန်ရောက်တော့ သေလုမြောပါး တိုက်ခိုက်ခဲ့ရတဲ့အတွက် မောပန်းနေတုန်း ရှိသေးတယ်။ ကိုပွားဟာ သူမအတွက် ကြောက်စရာအကောင်းဆုံး ရန်သူတစ်ယောက် ဖြစ်နေပြီး မိမိနဲ့ကိုပွား တိုက်ခိုက်တာကို မှောင်ထဲက ချောင်းကြည့်နေသူ ဘယ်သူလဲမသိ။ ဒီလူဟာ ကြေးမုံရဲ့ အသက်ကို ကယ်ခဲ့တဲ့လူဖြစ်တယ်။ဒီလူသာ မရှိရင် ကိုပွားဟာ ကြေးမုံကို အပြတ်ရှင်းလိုဟန် ရှိတယ်။ကြေးမုံဟာ နောက်တစ်နေ့ရောက်တော့ ညက ကိုပွားနဲ့တိုက်ခိုက်တဲ့ အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှ မပြောဘဲ ကိုပွားကိုစောင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ ကိုပွားကိုယ်တိုင်လဲ ညက ကြေးမုံနဲ့ အသေအလဲ တိုက်ခိုက်ခဲ့တာကို မေ့လျော့ထားလိုက်ဟန် ရှိတယ်။ ဒီလိုနဲ့ ကြေးမုံဟာ ဆရာကြီး ဆီမှာ ပညာကို ကြိုးစားသင်ယူခဲ့တာ သုံးနှစ် ပြည့်မြောက်ခဲ့တယ်။

တစ်နေ့တော့ ဆရာကြီးဟာ နယ်စပ်ဒေသဘက်ကို ခရီးထွက်ဖို့ ပြင်ဆင်တယ်။ ဆရာကြီးဟာ မြန်မာ့သိုင်းပညာကို နယ်စပ်ဒေသမှာ ပြန့်ပွါးစေချင်လို့ တစ်နှစ်တစ်ကြိမ် ခရီးထွက်ပြီး ပညာဖြန့်ဝေလေ့ရှိ တယ်။ဆရာကြီး ခရီးထွက်တိုင်း ဆရာကြီးရဲ့ တပည့်ကြီးကိုပွားကို ဆရာကြီးက အဖော်ခေါ်သွားခဲ့တယ်။ ဒီနှစ်တော့ ဆရာကြီးဟာ ထူးထူးခြားခြား ကြေးမုံကိုသူနဲ့အတူ နယ်စပ်ဒေသ လိုက်ခဲ့ဖို့ ဆိုခဲ့တယ်။

ကြေးမုံဟာ ဆရာကြီးရဲ့စေခိုင်းချက်ကြောင့် နယ်စပ်ဒေသကို လိုက်ဖို့ ပြင်ရတယ်။ကြေးမုံ အထုပ်အပိုး ပြင်နေစဉ်မှာ ဆရာကြီးရဲ့ တပည့်တစ်ဦး ဖြစ်တဲ့ ကိုဖိုးဖြူ ရောက်ရှိလာပြီး

'ညီမလေး ဆရာကြီးကို ဂရုစိုက်နော်၊ ပညာကိုလဲ ရအောင် ယူ'

လို့ပြောပြီး ကြေးမုံအနားကို တိုးကပ်ကာ

'မိုးကွေ ရွာနေတဲ့ ညတစ်ညကို ညီမဘယ်တော့မှ မမေ့နဲ့ နော်'

လို့ဆိုလိုက်တယ်။ကြေးမုံဟာ ကိုဖိုးဖြူ စကားကြောင့် မျက်မှောင်ကြုတ်လိုက်ပြီး





'ဟင်..အဲဒီညက ကိုပွားနဲ့ ကျွန်မ တိုက်ခိုက်တာကို ကိုဖိုးဖြူ သိတယ်ပေါ့'

လို့မေးမြန်းလိုက်တယ်။ ကိုဖိုးဖြူက ခေါင်းညိတ်ပြီး

'သိတာပေါ့ ညီမလေးရယ်..အဲဒီတုန်းက ကိုဖိုးဖြူ အိပ်မပျော်လို့ စမ်းချောင်းဘက်ကို လမ်းလျှောက်ထွက်ရင်း ညီမတို့ တိုက်ခိုက်ခဲ့တာကို တွေ့ခဲ့တာပါ၊ ကိုပွားဟာ အလွန် လိုချင်တက်မက်စိတ်ကြီးတဲ့သူပါ'

လို့တီးတိုးဆိုတယ်။ကြေးမုံက ခေါင်းညိတ်ပြီး

'အဲဒီညက ကိုဖိုးဖြူရောက်လာလို့ ကျွန်မအသက်ချမ်းသာခွင့် ရတာပဲ'

လို့ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြေးမုံနဲ့ဆရာကြီးဟာ နယ်စပ်ဒေသကို ခရီးဆက်ဖို့ ပြ... တယ်။ ဒီနှစ်မှာ ဆရာကြီးရဲ့ တပည့်တွေအကုန်လုံး နေရပ်ဒေသ... ပြန်မှာမို့ ရွာမှာဆရာကတော် တစ်ယောက်တည်းကျန်ခဲ့တယ်။

ကြေးမုံဟာ ခရီးထွက်တဲ့အချိန်မှာ ဆရာကတော်ကြီး စား... သောက်ရေး အဆင်ပြေအောင်ငါးခြောက်ငါးခြမ်းတွေ စီစဉ်... တယ်။ ဆရာကတော်ကြီး ဆေးကျိုဖို့ ဆေးမြစ်တွေလဲ ကြိုတင်စု... ပေးခဲ့တယ်။ ဆရာကတော်ကြီးအတွက် အားလုံးပြီးပြည့်စုံအောင် ... ပေးပြီးမှ ကြေးမုံနဲ့ ဆရာကြီးဟာ နယ်စပ်ဒေသကို သိုင်းပညာဖြ...





ခရီးဆက်ခဲ့တယ်။ ဒီလိုနဲ့ နယ်စပ်ဒေသကို ရောက်ပြီး တစ်လ အကြာမှာ ဆရာကြီးကကြေးမုံကို ခေါ်ပြီးလေးနက်တဲ့ စကားကို ပြောတယ်။

'ဒီမှာ ကြေးမုံ၊နင်ဟာ ငါ့ရဲ့ အတော်ဆုံးတပည့် ဖြစ်တဲ့အတွက် ငါတို့ မျိုးရိုးစဉ်ဆက် ထိမ်းသိမ်းလာတဲ့ ရွှေသန်လျက်ကို ဆက်ခံထိမ်းသိမ်းရမယ်'

လို့ဆိုလိုက်တော့ ကြေးမုံဟာ ဆရာကြီးရဲ့ မျက်နှာကို နားမလည်ဟန်နဲ့ ကြည့်ပြီး

'ရွှေသန်လျက် ဟုတ်လား'

လို့အံ့သြဟန်နဲ့ မေးမြန်းလိုက်တော့ ဆရာကြီးကခေါင်းညိတ်ပြီး

'တကယ်တော့ ငါတို့ အမျိုးအနွယ်ဟာ အလောင်းမင်းတရားကြီး လက်ထက်တော်က မြင်းရည်တက်သူရဲကောင်း ငချစ်ညိုဆီက ဆင်းသက်လာတယ်၊ ငါတို့မျိုးရိုးစဉ်ဆက် အမြတ်တနိုး ထိမ်းသိမ်းထားတဲ့ ရွှေသန်လျက်ဟာ အလောင်းမင်းတရားကြီး ကိုယ်တိုင် သူရဲကောင်းငချစ်ညိုကို ချီးမြှင့်ခဲ့တာ ဖြစ်တယ်၊ နောက်တော့ မျိုးနွယ်ဝင်တွေ အဆင့်ဆင့် ထိမ်းသိမ်းလာခဲ့တာ ငါ့လက်ထက် ရောက်တဲ့အထိပဲ၊ နင်ဟာ ငါ့ရဲ့ အတော်ဆုံးတပည့်ဖြစ်လို့ ရွှေသန်လျက်ကို ထိမ်းသိမ်းရမဲ့ ...ထူးရှားရှိလာပြီ၊ ရွှေသန်လျက်ကို ရွှေသားစစ်စစ် သာမက သံလျက်ရဲ့ လက်ကိုင်နေရာမှာ အလွန် အဘိုးထိုက်တန်တဲ့ မိုးကုတ်ပတ္တမြားကြီး ...လုံး မြှုပ်နှံထားတယ်၊ ဒါကြောင့် ရွှေသန်လျက်ဟာ အာလတန်...



www.burmeseclassic.com

www.burmeseclassic.com



အရလဲ အလွန်အဘိုးထိုက်တန်တယ်'

လို့ဆိုလိုက်တယ်။ကြေးမုံက မျက်မှောင်ကြုတ်ပြီး

'ရွှေသန်လျက်ကို ကျွန်မတစ်ယောက်တည်း ထိမ်းသိမ်းရမှာလား'

လို့မေးမြန်းလိုက်တော့ ဆရာကြီးက သက်ပြင်းချပြီး

' ဆရာကြီးမှာ သားသမီးထွန်းကားရင် အကြီးဆုံး သား သို့မဟုတ် သမီးက ထိမ်းသိမ်းခွင့်ရှိတယ်၊ ဆရာကြီးက သားသမီး မထွန်းကားတဲ့ အတွက် အတော်ဆုံးတပည့်ကိုသာ ထိမ်းသိမ်းခွင့်ပေးတာ'

လို့ ရှင်းလင်းပြတယ်။

ကြေးမုံဟာ ဆရာကြီးရဲ့ စကားကိုနားထောင်ပြီး မိုးသည်းညတိုက်ပွဲကို ပြန်လည်မြင်ယောင်လာတယ်။ ဒီလို မြင်ယောင်ရင်း ကိုပွား ဘာလို့ ဆရာကြီးရဲ့ အတော်ဆုံးတပည့် ဖြစ်ချင်သလဲ ဆိုတာ ရိပ်စားမိလိုက်တယ်။ ဒါကြောင့် ဆရာကြီးကို ကမန်းကတန်း မေးလိုက်တယ်။

'ဆရာကြီး ရွှေသန်လျက်ကို ဘယ်မှာသိမ်းထားသလဲ'

လို့မေးမြန်းလိုက်တယ်။ဆရာကြီးက ကြေးမုံကို ကြည့်ပြီး

'ငါ့မိန်းမရဲ့ သစ်လုံးအိမ်ထဲက ကျွန်းသေတ္တာထဲမှာ သိမ်းထားတယ်'

လို့ပြောတယ်။ ကြေးမုံဟာ မိုးသည်းညမှာ ကိုပွားသူ့ကို အသေသတ်ဖို့ ကြံစည်နေတာကို ရိပ်စားမိလိုက်တယ်။ ဒါကြောင့် ဆရာ





ကတော်ရဲ့ အသက်အန္တရာယ်ကို စိုးရိမ်သွားပြီး

'ဟင်..ဒါဆိုရင် ကျွန်မတို့ အိမ်ပြန်မှဖြစ်မယ်၊ ဆရာ့ကတော်အသက်ကို စိုးရိမ်ရတယ်'

လို့ဆိုလိုက်တယ်။ကြေးမုံရဲ့ စကားကြောင့် ဆရာကြီးက အံ့သြသွားပြီး

'ဘာလို့ ငါ့မိန်းမ အသက်ကို စိုးရိမ်ရတာလဲ'

လို့မေးလိုက်တယ်။ ကြေးမုံဟာ မိုးသည်းညက အဖြစ်အပျက်တွေကို ဆရာကြီးကို ဖွင့်ပြောပြလိုက်တယ်။ကြေးမုံက

'ကိုပွားဟာ ဆရာကြီးရဲ့ အတော်ဆုံးတပည့်ဘာကြောင့် ဖြစ်ချင်တယ်ဆိုတာ ကျွန်မ အခုမှ သဘောပေါက်ခဲ့တယ်၊ သူက ဆရာကြီးရဲ့ အတော်ဆုံးတပည့်အမည်ခံပြီး ရွှေသန်လျက်ကို ရယူချင်နေတာကိုး'

လို့မှတ်ချက်ချခဲ့တယ်။ဆရာကြီးက သက်ပြင်းချပြီး

'ငါ့တပည့်ကြီး မောင်ပွါးဟာ ဒီလောက်မိုက်မဲလိမ့်မယ် မထင်ဘူး'

လို့ရေရွတ်လိုက်တယ်။ကြေးမုံကတော့ ဆရာကြီးလို မယူဆဘဲ အထုပ်အပိုးတွေကို အမြန်ဆုံး သိမ်းလိုက်ပြီး

'ကျွန်မတို့ စောပြန်တာ မမှားပါဘူး'

လို့ဆိုလိုက်တယ်။ ဆရာကြီးကတော့ သူ့ရဲ့ တပည့်ရင်းကြီးဖြစ်တဲ့ကိုပွားကို ယုံကြည်နေသေးဟန်တူတယ်။ ရွာကို ပြန်ဖို့ စိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ရှိပုံမရဘူး၊ ကြေးမုံကိုဟာ နယ်စပ်ဒေသကနေ ရွာကပြန်ဖို့ ၂ ရက် အချိန်ယူရတယ်။ ကြေးမုံနဲ့ ဆရာကြီးဟာ နောက်နှစ်ရက်ကြာတော့ ရွာကိုပြန်ရောက်သွားတယ်။ ဆရာကြီးရဲ့ ခြံရှေ့ရောက်တော့ လူသံ သူသံတွေ မကြားရတော့ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားတယ်။ ဆရာကြီး က ဇနီးသည်ရှိတဲ့ သစ်လုံးအိမ်ဘက်ကို စိုးရိမ်တကြီး ပြေးသွားခဲ့တယ်။ ခြံတံခါးဝမှာ ကိုဖိုးဖြူဟာ ဒဏ်ရာတွေနဲ့ လဲကျနေတယ်။ ကြေးမုံက ကိုဖိုးဖြူကို စိုးရိမ်တကြီး ပွေ့လိုက်တော့ ကိုဖိုးဖြူဟာ ညည်းသံသဲ့သဲ့ ထွက်လာပြီး ဆရာကြီးကို မြင်တော့

'ခွင့်လွှတ်ပါဆရာကြီး ဆရာကတော်ကို မကာကွယ်နိုင်ခဲ့ဘူး၊ ကိုပွားသစ္စာဖောက်က ဆရာကတော်ကို လုပ်ကြံပြီး ရွှေသန်လျက်ကို ယူပြေးသွားပြီ'

လို့ဆိုလိုက်တော့ ဆရာကြီးဟာ ကိုဖိုးဖြူရဲ့ စကားဆုံးအောင် မစောင့်တော့ဘဲ ဇနီးသည် ရှိရာ သစ်လုံးအိမ်ဘက်ကို ပြေးထွက်သွား တယ်။ ကြေးမုံက ကိုဖိုးဖြူကို ရေဘူးဖွင့် တိုက်လိုက်ပြီး

'ဘယ်လိုဖြစ်တာလဲ ကိုဖိုးဖြူရယ်...'

လို့မေးမြန်းလိုက်တော့ ကိုဖိုးဖြူက အားတင်းပြီး

'နင်တို့အားလုံး ထွက်သွားတော့ ငါ့စိတ်ထဲမှာ ကိုပွားကို မယုံ ကြည်လို့ ရွာကို မပြန်ဘဲ ဆရာကတော်ကို စောင့်ရှောက်ဖို့ ပြန်လာခဲ့ တယ်၊ဆရာကတော်ကြီးကို ငါပြန်လာပြီး စောင့်ရှောက်လို့ ကိုပွားဟာ





တော်တော်နဲ့ ရောက်မလာဘူး၊ လွန်ခဲ့တဲ့ရက်ကမှ ကိုပွားရောက်လာပြီး ငါ့ကိုတိုက်ခိုက်တယ်။ ငါလဲငါ့ထက် ပညာပိုကောင်းတဲ့ ကိုပွားကို အစွမ်းကုန်ကြိုးစားပြီး ခုခံပေမဲ့ ပညာချင်းမယှဉ်နိုင်လို့ အရှုံးပေးခဲ့ရတယ်။ ကိုပွားက ဆရာကတော်ကြီးကို လုပ်ကြံပြီး ရွှေသန်လျက် ကိုလုပြေး သွားပြီ'

လို့ပြောပြီး စိတ်လျှော့လိုက်ဟန်နဲ့ငြိမ်သက်သွားတယ်။ ကြေးမုံ ဟာ ကိုဖိုးဖြူကို ကရုဏာသက်ဟန်နဲ့ ကြည့်ပြီး ဆရာကတော်ကြီး ရှိတဲ့ သစ်လုံးအိမ်ဘက်ကို ထွက်ခဲ့တယ်။

အိမ်ထဲကို ရောက်တော့ ခုတင်ပေါ်မှာလဲလျောင်းနေတဲ့ ဆရာ ကတော်ကို တွေ့တော့ ကြေးမုံက ဝမ်းပန်းတနည်းနဲ့

'ဖြစ်ရလေ ဆရာကတော်ရယ်..'

လို့ဆိုပြီး ငိုရှိုက်လိုက်မိတယ်။ဆရာကြီးက ဇနီးဖြစ်သူရဲ့ဝေဒနာ ကို ကြည့်ပြီး မချိတင်ကဲဟန်နဲ့

'သစ္စာဖောက် လောက်ကောင် သူ့နောက်ကို ငါကိုယ်တိုင်လိုက် မယ်'

လို့ကြုံဝါးလိုက်တယ်။ ဒီအခါမှာ ဆရာကတော်ကြီးက အံ့ကို ကြိတ်ပြီး

'ရှင် မသွားရဘူး၊ကျွန်မ ခေါင်းချတဲ့အရပ်က ရှင်တဖဝါးမှ မခွါရဘူး၊မခွါဘူးလို့ ကျွန်မကို ကတိပေးစမ်းပါ'



www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုတော့ ဆရာကြီးဟာ ဆရာကတော်ကို ကတိပေးဖို့ တွန့်ဆုတ်နေတယ်။ ကြေးမုံက အံကို ကြိတ်ပြီး

'ဆရာကတော် စိတ်ကျေနပ်အောင် ကတိပေးလိုက်ပါ၊ လူယုတ်မာကြီးကို ဆရာကြီး ကိုယ်စားကျွန်မလိုက်ရှာပြီး ကလဲ့စားချေပါ့မယ်၊ ကျွန်မ ကတိပေးပါတယ်'

လို့ဆိုလိုက်တော့မှ ဆရာကြီးဟာ ဇနီးဖြစ်သူ လိုချင်တဲ့ ကတိကို ပေးလိုက်တယ်။ဆရာကတော်ကြီးဟာ ဆရာကြီးရဲ့ ကတိစကားကို ကြားရလို့ ကျေနပ်ဟန်နဲ့ သက်ပြင်းချပြီး ဘဝတစ်ပါးကို ကူးပြောင်းသွားတယ်။

ဆရာကြီးဟာ ဇနီးဖြစ်သူကိုအလွန်ချစ်လို့ မအိပ်နိုင် မစားနိုင်နဲ့ မှိုင်တွေလို့သာ နေတယ်။ မည်သူနဲ့မှ စကားမပြောတော့ဘဲ ကြေကွဲရိပ်သန်းနေတဲ့ မျက်ဝန်းတွေနဲ့ အဝေးကိုသာ ငေးကြည့်နေတယ်။

တစ်ညမှာအလွန်အေးမြတဲ့ ဆီးနှင်းတွေကို အံတုပြီး ဇနီး သည်ရဲ့မြေပုံနံဘေး သွားထိုင်တယ်။ ဒီအချိန်ကစပြီး ဆရာကြီးရဲ့ကျန်းမာရေး ဆုတ်ယုတ်ပြီး အိပ်ယာထဲမှာ လဲတော့တယ်။

ဆရာကြီးဟာ ချစ်ဇနီး မရှိတဲ့အရပ်မှာ မနေချင်တော့ဘူး ထင်ရတယ်။ကြေးမုံ တိုက်ကျွေးတွေ ဆေးဝါတွေကို မသောက်ဘူး၊ ဒီလိုနဲ့ ဆရာကတော် သေဆုံးပြီး တစ်လအကြာမှာ ဆရာကြီးလဲ သူ့ဇနီးအနောက်ကို လိုက်သွားရှာတယ်။





ကြေးမုံဟာ ဆရာကြီးနဲ့ ဆရာကတော်ကို ယှဉ်တွဲပြီး မြှုပ်နှံပေးလိုက်တယ်။ဆရာကြီးရဲ့ မြေပုံပေါ်က မြေကြီးကို လက်နဲ့ဆုပ်ကိုင်ပြီး

'မဟာပထဝီ မြေကြီးကို ဆုပ်ကိုင်ပြီး ကျွန်မသက်သေပြုပါတယ် ဆရာကြီး၊ သစ္စာဖောက် ကိုပွားကို မရရအောင် လုပ်ကြံပြီး ရှသံလျက်ကို ဆရာကြီးရဲ့ အုတ်ဂူထဲမှာ မြှုပ်နှံပေးပါ့မယ်လို့ ကျွန်မ ကတိ ပေးပါတယ်'

ကြေးမုံဟာ ကတိသစ္စာပြုပြီး ဝမ်းနည်းကြေကွဲဟန်နဲ့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာတယ်။ ပြီးတော့ အံကို ကြိတ်ပြီး

'သစ္စာဖောက် ကိုပွား နင့်ကို ငါမရရအောင် ရှာပြီး ကလဲ့စားချေမယ်'

လို့လဲ ကြုံးဝါးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြေးမုံဟာ ဆရာကြီးတို့ ဇနီးမောင်နှံရဲ့ ဈာပန ကိစ္စပြီးတော့ လူယုတ်မာကိုပွားနောက်ကို လိုက်ဖို့ပြင်ရတယ်။ နောက်တော့ ကြေးမုံဟာ သူ့ရဲ့ကျေးဇူးရှင် ဒေါ်ဒေါင်းညိုကို သွားရောက်နှုတ်ဆက်ပြီး ရန်သူတော်ကြီး ကိုပွားကို လိုက်လံရှာဖွေမဲ့ အကြောင်း ပြောလိုက်တယ်။ ဒေါ်ဒေါင်းညိုကသက်ပြင်းချပြီး

'တားလို့မရလဲ သွားပေဦးတော့ ကြေးမုံရယ်..နင် ငါ့အကူအညီ လိုသလား'

လို့မေးတော့ ကြေးမုံက ခေါင်းခါယမ်းပြီး

'မလိုပါဘူးအဒေါ်၊ကျွန်မတစ်ယောက်တည်း ဖြစ်ပါတယ်'





လို့ဆိုပြီး ဒေါ်ဒေါင်းညိုကို ထိုင်ကန်တော့လိုက်တယ်။ဒေါ်ဒေါင်းညိုက ကြေးမုံရဲ့ ခေါင်းကို ကိုင်ပြီး

'ညည်းဘဝကလဲ အချိုးအကွေ့တွေ များလှချည်လား ကြေးမုံရယ်..ဘာပဲဖြစ်ဖြစ် နင်ရည်ရွယ်ချက် အောင်မြင်မှာပါ'

လို့ပြောတယ်။ ကြေးမုံဟာ ဖခင်သေဆုံးပြီး မိထွေးနဲ့ နေထိုင်ပုံ မိထွေးရဲ့ အမျိုးအဆွေ ကလေးများနဲ့ရန်ပွဲဖြစ်ပွါးပုံ၊ အိမ်ကထွက်ပြေးပြီး မမစိန်ထမင်းဆိုင်မှာ အလုပ်ဝင်ပုံ၊ မမစိန်နဲ့ နေထိုင်ရတာ အဆင်ပြေပုံ မမစိန်ယောကျ်ားယူပြီး တဏှာရူးလှဖေရဲ့ မကောင်းကြံဖို့ ကြိုးစားပုံတွေကို ပြန်လည်မြင်ယောင်လာတယ်။ နောက်ပိုင်းမှာ ဆရာ ကတော်ကြီးကို မိခင်ရင်းလို သဘောထားပြီး ပြုစုယုယခဲ့ပုံတွေကိုလဲ မြင်ယောင်လာတယ်။ ဒီလိုမြင်ယောင်ရင်း ယုတ်မာကောက်ကျစ်တဲ့ ကိုပွားမျက်နှာကို မြင်ယောင်ပြီး အံ့ကိုတင်းတင်းကြိတ်လိုက်တယ်။

'လူယုတ်မာကြီး ရှင့်ကို မရရအောင်ရှာဖွေပြီး လက်စားချေရမယ်'

လို့ စိတ်ထဲက ကြုံးဝါးလိုက်တယ်။

ဒီလိုနဲ့ ကြေးမုံဟာ မြန်မာပြည်အနှံ့လှည့်လည်ပြီး ကိုပွားကို ရှာဖွေခဲ့တယ်။ ဒီလိုရှာဖွေရင်း မိမိရဲ့ စားဝတ်နေရေးအတွက် ကြုံရာ ကျပန်း လုပ်ကိုင်စားသောက်ရတယ်။

တစ်နေ့တော့ ကြေးမုံဟာ မြို့တစ်မြို့ရဲ့ တောင်ကုန်းပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တည်ထားတဲ့ ဆုတောင်းပြည့်ဘုရားက ဇရပ်မှာထိုင်ပြီး အပန်းဖြေနေတုန်း တောင်ကုန်းပေါ်ကို ပြေးတက်လာတဲ့ အသက် ၃၀ ဝန်းကျင်လူတစ်ယောက်ကို တွေ့လိုက်ရတယ်။ ဒီလူဟာ ဘုရားရင်ပြင် ပေါ်ကိုရောက်တော့ ဇရပ်မှာ ထိုင်နေတဲ့ ကြေးမုံဆီကို တန်းရောက်လာပြီး အားကိုးတကြီးနဲ့

'ဒီမှာ မိန်းကလေး ကျုပ်နံမည်ကိုဘိုကြည်လို့ ခေါ်တယ်၊ ကျုပ်မှာ အချိန်သိပ်မရှိလို့ တိုတိုပဲ ပြောမယ်၊ ကျုပ်က နယ်ချဲ့အစိုးရကို တော်လှန်နေတဲ့ မျိုးချစ်တစ်ယောက်ပဲ၊ အခုကျုပ်အနောက်ကို စစ်ပုလိပ်တွေ လိုက်လာနေပြီ။ ဟောဒီစာအုပ်ကလေးကို ပုသိမ်မြို့က စက်သူဌေး ဦးမြစိန် ဆိုတဲ့လူဆီကို ပို့ပေးလို့မရဘူးလား၊ မိန်းကလေး မကူညီနိုင်ရင်လဲ စာအုပ်ကို ခဏသိမ်းထားပေးပါ၊ကျုပ်အနောက်ကို ပုလိပ်တွေ လိုက်လာပြီ၊ကျုပ်ကျမ်းမာရေးလဲ မကောင်းလို့ ပြေးလို့မလွတ်တော့ဘူး'

လို့ဆိုလိုက်တော့ ကြေးမုံဟာ မျိုးချစ်စိတ်ဓါတ် ရှိသူပီပီ ကမန်းကတန်း ခေါင်းညိတ်ပြီး

'ဟုတ်ကဲ့၊ကျွန်မ ကူညီပါ့မယ်၊ စိတ်မပူပါနဲ့'

လို့ဆိုလိုက်တော့ ကိုဘိုကြည် ဆိုတဲ့လူဟာ မျက်နှာဝင်းလက်သွားပြီး

'ဝမ်းသာလိုက်တာဗျာ၊ကျုပ်အဖမ်းခံရရင်လဲ ဂရုမစိုက်တော့ဘူး'





လို့ပြောပြီး နောက်ကို လှည့်ကြည့်လိုက်တော့ ဂျစ်ကားတစ်စီး စေတီရှေ့ကို ထိုးရပ်ပြီး ပုလိပ်တွေဆင်းလာတွေ့တယ်။ ကိုဘိုကြည်က ပုလိပ်တွေကို မြင်တော့

'ကျုပ်မိန်းကလေးနဲ့ ဝေးရာကို ပြေးမှ ဖြစ်တော့မယ်'

ဆိုပြီး စေတီအနောက်က လယ်ကွင်းတွေဘက်ကို ပြေးထွက်သွားတယ်။ ပုလိပ်တွေက ကိုဘိုကြည်ကို မြင်တွေ့သွားပြီး အနောက်က လိုက်ကြတယ်။ ကြေးမုံဟာ စေတီရင်ပြင် ရှိရာတောင်ကုန်းထိပ်က ကြည့်နေတော့ သူတို့အားလုံးရဲ့ ပုံရိပ်တွေကို မြင်နေရတယ်။

လယ်ကွင်းတွေရဲ့ အဆုံးမှာ မျိုးချစ်တော်လှန်ရေးသမားကို ပုလိပ်တွေဖမ်းမိသွားကြတယ်။ ကြေးမုံဟာ သူ့လက်ထဲကို ရောက်လာတဲ့ သားရေဖုံးစာအုပ်လေးကို ကြည့်ပြီးသူမအတွက် အလုပ်တာဝန်တစ်ခုတိုးပြီဆိုတာ ရိပ်စားမိလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြေးမုံဟာ ပုသိမ်မြို့ကိုရောက်တော့ စက်သူဌေး ဦးမြစိန်ရဲ့ သတင်းကို စုံစမ်းကြည့်တော့ ဦးမြစိန်ဟာ ကမ်းနားလမ်းက ထပ်တိုက်ကြီးမှာ နေထိုင်ကြောင်း သိရတယ်။ ဦးမြစိန်ရဲ့တိုက်အိမ်ကြီး ရှေ့ကို ကြေးမုံရောက်တဲ့အခါ ဦးမြစိန်ကတော်ကြီးက ဦးမြစိန် မြို့လယ်ခေါင်က ပုသိမ်မယ် ရွေးပွဲမှာ ဒိုင်လူကြီးလုပ်နေကြောင်း ပြော ကြေးမုံကို စူးစမ်းဟန်နဲ့

'နေပါဦး မိန်းကလေးက မယ်ပြိုင်ပွဲ ဝင်ချင်လို့ ကျုပ်ယောက်ျား ကို လာစုံစမ်းတာလား'

လို့မေးမြန်းလိုက်တော့ ကြေးမုံက ကမန်းကတန်း လက်ကာ ပြပြီး

'အမလေး...ကျွန်မ မပြိုင်ချင်ပါဘူးရှင်'





လို့ငြင်းဆန်လိုက်တယ်။ ဦးမြစိန် ကတော်ကြီးက ကြေးမုံရဲ့ စကားကို ယုံကြည်ဟန် မရှိဘဲ မကြားတကြားနဲ့

'အမလေး..အခုခေတ် ကောင်မတွေများ မယ်ပြိုင်ပွဲနိုင်ချင်လို့ ငါ့ယောကျ်ား အိုကြီးအိုမကြီးကိုတောင်လာမြူဆွယ်နေတယ်'

လို့ပြောလိုက်တယ်။ ကြေးမုံဟာ စက်သူဌေးဦးမြစိန်ကို မျိုးချစ် တော်လှန်ရေးသမားတစ်ယောက်လို့တောင် မယူဆချင်တော့ဘူး။

တိုင်းရေးပြည်ရေး မဆွေးနွေးဘဲ အလှမယ်ပြိုင်ပွဲမှာ ဒိုင်လူကြီး လုပ်ပြီး အချိန်ကုန်နေတယ်။

ကြေးမုံဟာ မြို့လယ်ခေါင်က မယ်ပြိုင်ပွဲ ကျင်းပတဲ့ ခန်းမကြီးကို လိုက်သွားတယ်။ခန်းမကြီး တစ်ခုလုံး ပိုးဖဲကတ္တီပါ ဝတ်ဆင်ထားတဲ့ လူတွေနဲ့ပြည့်နှက်နေတယ်။ခန်းမကြီးရဲ့အဝင်ပေါက်မှာ ပုသိမ်မယ် ပြိုင်ပွဲ ဆိုတဲ့ ကတ္တီပါဆိုင်းဘုတ်ကြီး ချိတ်ဆွဲထားတယ်။ကြေးမုံ ခန်းမ ရှေ့ရောက်တော့ အစောင့်လူငယ်က

'ခန်းမထဲကို ဖိတ်စာပါမှ ဝင်ခွင့်ပြုပါတယ်'

လို့တားဆီးလိုက်တဲ့အတွက် ကြေးမုံဟာ အခက်ကြုံသွားတယ်။ ပြီးတော့မှ အကြံရပြီး အိတ်ထဲကပိုက်ဆံတစ်မူးကို ထုတ်ပြီး

'ဒီဖိတ်စာနဲ့ တက်လို့ရလား'

လို့မေးလိုက်တော့ အစောင့်လူငယ်က ပိုက်ဆံတစ်မူးကို မသိ မသာ ယူလိုက်ပြီး



www.burmeseclassic.com

'ရပါတယ်အစ်မ'

လို့ဆိုပြီး ကြေးမုံကို ခန်းမထဲဝင်ခွင့်ပြုလိုက်တယ်။ ခန်းမတစ်မှ လုံး ရောင်စုံဘောလုံးတွေ ဖဲကြိုးတွေနဲ့ အလှဆင်ထားတယ်။ မယ်ပြိုင်ပွဲ တက်ရောက်သူတွေကို အကျေးအမွေးနဲ့ ဧည့်ခံဖို့ စီစဉ်ထားတယ်။ ကြေးမုံဟာ လှေခါးအတိုင်း အပေါ်ထပ်ကို တက်သွားပြီး ခန်းမကြီးထဲ မှာ စက်သူဌေးဦးမြစိန်ကို ရှာဖွေကြည့်တယ်။စင်မြင့်ကြီးရဲ့ ရှေ့ဆုံးတန်းက ဆိုဖါပေါ်မှာ မြို့ခံလူကြီးများကို သွားရည်တမြားမြားနှင့် တွေ့ရတယ်။

ကြေးမုံဟာ အသက်ကြီးမှ ရမ္မက်ကြီးနေတဲ့ အဘိုးကြီးတွေကို ကြည့်ပြီး

'ဒီလို လူကြီးတွေနဲ့ ငါတို့တိုင်းပြည် ဘယ်လိုလွတ်လပ်ရေး ရ မှာလဲ'

လို့တွေးလိုက်မိတယ်။ ကြေးမုံဟာ အလှမယ်တွေကို မျက် တောင်မခတ်တမ်း ကြည့်နေတဲ့ လူကြီးတစ်ဦးရဲ့ ပခုံးကို ပုတ်ပြီး

'စက်သူဌေးဦးမြစိန်ကို သိပါသလားရှင်'

လို့မေးမြန်းလိုက်တော့ လူကြီးကသူ့ကို အာရုံပျက်အောင် လုပ်တဲ့လူကို မကျေမချမ်းလှည့်ကြည့်လိုက်ပြီး မိန်းမချောလေး တစ်ယောက်ဖြစ်ကြောင်း တွေ့ရတော့

'ဟဲဟဲ..ညီမလေးက အလှမယ်ပြိုင်ချင်လို့လား၊ညီမလေးသာ ဝင်ပြိုင်ရင် မယ်ဘွဲ့ရမှာ သေချာတယ်'





လို့ပြုံးဖြီးဖြီးပြောလိုက်တယ်။ကြေးမုံက လူကြီးကို ရွံရှာစွာ ကြည့်ပြီး

'ဦးမြစိန်ကို သိပါသလား'

လို့မေးလိုက်ပြန်တယ်။လူကြီးက မျက်နှာပိုးသတ်ပြီး

'ဟိုး..ရှေ့ဆုံးမှာ သွားရည်တမြားမြားကျပြီး ကြည့်နေတာ ဦးမြစိန်ပဲ'

လို့ဖြေလိုက်တယ်။

ကြေးမုံက ဦးမြစိန်ရဲ့ အနီးဆုံးကို ရောက်အောင် တိုးဝှေ့သွား တော့ ဦးမြစိန်က လှည့်ကြည့်ပြီးကြေးမုံရဲ့ ချောမောလှပတဲ့ ရုပ်ရည်ကို မြင်တဲ့အခါ

'ဟင်..ညီမလေး ဝင်ပြိုင်ချင်လို့လား၊ပြိုင်ပါ..ပြိုင်ပါ အစ်ကို ကြီးတို့က အမှတ်အများကြီး ပေးမှာပါ'

လို့ဆိုလိုက်တယ်။ကြေးမုံဟာ ဦးမြစိန်ကို စိတ်ပျက်လက်ပျက် ကြည့်ပြီး

'ကျွန်မ အလှမယ်မပြိုင်ပါဘူး၊ ဦးမြစိန်နဲ့ စကားနည်းနည်း ပြောချင်လို့ပါ'

လို့ဆိုလိုက်တော့ ဦးမြစိန်က ပြုံးဖြီးဖြီးနဲ့

'ဟီးဟီး.. ဘာစကား ပြောမှာလဲကွယ်..ပြောပါ.... ပြောပါ.... ကြားချင်လှပြီ'

www.burmeseclassic.com



လို့ဆိုလိုက်လို့ ကြေးမုံဟာ ဦးမြစိန်ကို ပို့ရှုံ့သွားတယ်။

ကြေးမုံက သူမအနောက်ကို လိုက်ခဲ့ဖို့ ခေါ်တော့ ဦးမြစိန်ရဲ့ အပေါင်းအပါ လူကြီးတွေ တဟီးဟီးတဟားဟားနဲ့ ပွဲကျအောင် ရယ်မောကြတယ်။ကြေးမုံဟာ ဦးမြစိန်ကို စင်အနောက်ခေါ်သွားပြီး

'အချိန်သိပ်မရှိတော့ဘူး ဦးမြစိန်၊ ရှင်မဟုတ်တဲ့ နေရာမှာ အချိန်ဖြုန်းမနေနဲ့၊ ကျွန်မကို ကိုဘိုကြည်က သားရေဖုံးစာအုပ်လေး တစ်အုပ်ပေးခိုင်းလိုက်တယ်'

လို့ဆိုလိုက်တော့ ဦးမြစိန်ရဲ့မျက်နှာမသိမသာ ပျက်သွားပြီး

'မိန်းကလေး ဘာတွေပြောနေတာလဲ၊ ဒီအချိန်မှာ ကျုပ်က မယ်ပြိုင်ပွဲရဲ့ အကဲခတ်လူကြီး..မင်းပြောတာ ငါတစ်ခုမှ နားမလည်ဘူး'

လို့ပြောပြီး ကြေးမုံရှေ့က ပြန်ထွက်သွားလို့ ကြေးမုံက ဦးမြစိန့် လက်ကို ဆွဲလိုက်ပြီး

'ဒီမှာ..ရှင်ဟာ စက်သူဌေးဦးမြစိန် မဟုတ်ဘူးလား'

လို့မေးမြန်းလိုက်တော့ ဦးမြစိန်က ရှန်းဖယ်ပြီး

'မင်းတော်တော် ဂုဏ်သိက္ခာမဲ့တဲ့ မိန်းကလေးပါလား၊ အလှ မယ်ပြိုင်ချင်ရင် ရိုးရိုးပြိုင် ငါ့ကို လာဘ်ပေးလာဘ်ယူ မလုပ်နဲ့'

လို့ အော်ဟစ်ရင်း ကြေးမုံမျက်နှာကို စေ့စေ့ကြည့်ပြီး

'ပတ်ဝန်းကျင်ကို သတိထားပါဦး'





လို့ပြောပြီး ထွက်သွားတယ်။ ကြေးမုံဟာ ဦးမြစိန်ရဲ့ အပြုအမူ ကြောင့် ဒေါသပုန်ထပြီး ကျန်ခဲ့တယ်။ ခန်းမထဲက ဒေါသတကြီးထွက်ဖို့ ပြင်နေတုန်း မိန်းကလေးတစ်ယောက်က လက်ဆွဲပြီး ,

'ညီမ...ဘိလပ်ရည်နဲ့ မုန့်စားပါဦး'

လို့ဖိတ်ခေါ်တာနဲ့ စားပွဲတစ်လုံးမှာ ဝင်ထိုင်လိုက်ရတယ်။ကြေးမုံ ဟာ စားပွဲခုံမှာ ထိုင်ပြီး ဘိလပ်ရည်သောက်ရင်း ဦးမြစိန်ရဲ့ အမူ အယာတွေကို ပြန်လည်မြင်ယောင်ပြီး ဒေါသထွက်နေတယ်။ကြေးမုံ ဟာ ဦးမြစိန်ရဲ့နောက်ဆုံးစကားကြောင့်မျက်မှောင်ကြုတ်လိုက်မိတယ်။

ဦးမြစိန်ဟာ ကြေးမုံနဲ့ မျက်လုံးချင်း ဆုံအောင်ကြည့်ပြီး

'ပတ်ဝန်းကျင်ကို သတိထားပါ မိန်းကလေး'

လို့ဆိုခဲ့တယ်။ ဒါဟာ ဦးမြစိန် သူမကို အချက်ပေးလိုက်တာ လား.. ကြေးမုံ ဘိလပ်ရည် သောက်ရင်းတွေဝေနေစဉ် စားပွဲထိုး ကောင်လေးတစ်ယောက် အနီးကို ရောက်လာပြီး

'အစ်မ မုန့်စားပါဦး၊ စားဖြစ်အောင်စားနော် '

ဆိုပြီး ကြေးမုံရှေ့စားပွဲပေါ်ကို မုန့်ပန်းကန်ကို တင်လိုက်တယ်။ ကြေးမုံဟာ စားပွဲထိုးရဲ့ ထူးခြားတဲ့အမူအယာနဲ့ အပြောအဆိုကြောင့် စားလိုးမုန့်တစ်ခုကို ယူလိုက်တဲ့ အခါ မုန့်ပန်းကန်အောက်မှာ လက်ရေး သော့သော့နဲ့ ရေးထားတဲ့ စာတစ်စောင်ကို တွေ့ရတယ်။

ကြေးမုံ မသိမသာ ဖတ်ကြည့်လိုက်တော့ စာထဲမှာ



www.burmeseclassic.com

*ပုလိပ်တွေ ပတ်လည်ဝိုင်းနေတယ်။*

*အနီရောင်မာဖလာ ပတ်ထားတဲ့ သူတွေတိုင်း ပုလိပ်တွေပဲ၊*

*စာအုပ်ကို ခန်းမအနောက်က အမှိုက်ပုံးထဲကို ပစ်ထားခဲ့ပါ၊*

*ကျုပ်တို့ ယူလိုက်မယ်*

လို့ရေးထားတယ်။ကြေးမုံဟာ ဒီတော့မှ ဦးမြစိန်ကို အထင် မှား ကြောင်းရိပ်စားမိလိုက်တယ်။ ဦးမြစိန်ဟာ ပုလိပ်တွေ စောင့်ကြည့်နေတဲ့အတွက် တဏှာရူးကြီး တစ်ယောက်လို ဟန်ဆောင်နေတာ ဖြစ်ပုံရတယ်။

ကြေးမုံဟာ ဦးမြစိန်ကို အထင်မှား မိတဲ့အတွက် စိတ်ထဲကပဲ တောင်းပန်လိုက်တယ်။ ပတ်ဝန်းကျင်ကို မသိမသာ သတိထားကြည့်တော့ အနီရောင်မာဖလာ ဆင်ယင်ထားတဲ့ လူတော်တော်များများကို တွေ့ရတယ်။

မာဖလာဝတ် လူတွေဟာ ကြေးမုံအနီးကို မသိမသာ တိုးကပ်လာတယ်။ စားပွဲထိုးလေးက မုန့်ပန်းကန်ကို ပြန်သိမ်းရင်း လေသံတိုးတိုးနဲ့

'ပြေးပေတော့ အစ်မ..အစ်မကို ဖမ်းတော့မယ်'

လို့အရေးတကြီး သတိပေးတယ်။ကြေးမုံဟာ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားပြီး အပေါက်ဝကို ကြည့်လိုက်တော့ မာဖလာဝတ်လူတွေကို တွေ့ရပြန်တယ်။ ပုလိပ်တွေဟာ သူမရဲ့ ဝင်လမ်းထွက်လမ်းတွေကို





အားလုံး ပိတ်ထားလိုက်ပြီ။

သူမအနေနဲ့ ဆရာကြီး မိသားစုအတွက် ကိုပွားကို လက်လံ့ရှာဖွေပြီး ကလဲ့စားချေရမဲ့ တာဝန်ဝတ္တရား ရှိနေ သေးတယ်။ ပုလိပ်လက်မှာ အဖမ်းခံဖို့ မဖြစ်သေးဘူး။ကြေးမုံဟာ ပြေးဖို့ အကြံထုတ်ရင်း ခေါင်းထဲကို အကြံတစ်ခု လက်ခနဲဝင်လာတယ်။

ဒါကြောင့် မယ်ပြိုင်ပွဲကျင်းပတဲ့ နေရာကို လျှောက်သွားပြီး ပြိုင်ပွဲဝင်ချင်ကြောင်း ပြောလိုက်တော့ သက်ကြားအို အကိုးကြီးတွေဟာ ကြေးမုံရဲ့ဖွင့်ကားတဲ့ တင်ကို မျက်လုံးကျွတ်မတတ် ကြည့်ပြီး

'ဟီးဟီး..ပြိုင်ပါ..ပြိုင်ပါ အစ်ကိုကြီးတို့ အမှတ်တွေ အများကြီးပေးမယ်'

လို့ပြောကြတယ်။ပြီးတော့ မိန်းမပျိုတစ်စုက ကြေးမုံကို စင်မြင့်အနောက်က အလှပြင်တဲ့ အခန်းကိုခေါ်သွားတယ်။ မိန်းမပျိုလေးတွေဟာ ကြေးမုံရဲ့ ချောမောလှပတဲ့ မျက်နှာနဲ့ တောင့်တင်းတဲ့ ကိုယ်လုံးကိုယ်ပေါက်ကို ကြည့်ပြီး

'အစ်မ ဝင်ပြိုင်ရင် ပုသိမ်မယ်ဘွဲ့ကို ကျိန်းသေရမှာသေချာတယ်'

လို့ ဝိုင်းဝန်းချီးကျူးကြပြီး ပြိုင်ပွဲဝင်ဖို့ ဝတ်စုံမရှိတဲ့ ကြေးမုံကို သူတို့အဝတ်အစားတွေ ငှားရမ်းပေးကြတယ်။

ကြေးမုံဟာ မိန်းကလေးတွေ ပြင်ပြီးလို့ မှန်ထဲမှာ ကိုယ့်ပုံရိပ်ကို ပြန်မြင်တဲ့အခါ အလွန်အံ့သြသွားတယ်။ မိမိကိုယ်မိမိ ဒီလောက်ချော



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



မောလှပတာ တစ်ခါမှ မမြင်ခဲ့ဖူးဘူး။

ကြေးမုံ အလှပြင်ပြီးတာနဲ့ စင်ပေါ်တက်ဖို့ ပြင်ဆင်ရတယ်။ ကြေးမုံဟာ အလှမယ်တွေလို တစ်ကြိမ်တစ်ခါမှ ကိုယ်ဟန်မပြဘူးလို့ အများအယွင်းဖြစ်မှာ စိုးရိမ်နေတယ်။နောက်တော့ မိမိပြတတ်သလို ကိုယ်ဟန်ပြမယ်လို့ ဆုံးဖြတ်ပြီးစင်ပေါ်ကို ယဉ်စစနဲ့ လျှောက်သွားလိုက်တယ်။

မိမိရဲ့ ချောမောလှပတဲ့ မျက်နှာကို အတတ်နိုင်ဆုံး ပြုံးတုံ့တုံ့ဖြစ်အောင်လုပ်လိုက်တော့ အဘိုးကြီးတွေ လက်ခုပ် တဖြောင်းဖြောင်းတီးပြီး အားပေးတာ ခံရတယ်။ ကြေးမုံဟာ မြို့ခံမိန်း ကလေးတစ်ယောက် မဟုတ်ပေမဲ့ အားလုံးရဲ့ တခဲနက် အားပေးခြင်းကို ခံရတယ်။

ကြေးမုံဟာ အကောင်းဆုံး ကိုယ်ဟန်ပြပြီး အောက်ဆင်းလာတော့ စင်အနီးကို ပုလိပ်တွေ ဝိုင်းလာတာ မြင်ရတယ်။

ကြေးမုံဟာ စင်ရဲ့ညာဘက်က အနီးဆုံး အခန်းထဲကို ဝင်ပြေးဖို့ ပြင်နေတုန်း ပေါင်မုန့်တွေကို တောင်းကြီးနဲ့ ထမ်းလာတဲ့ မြို့ခံလူငယ်နှစ်ဦးက ကြေးမုံကို မြင်တော့ ရှေ့ကပိတ်ပြီး

'ဟဲဟဲ..အစ်မ သိပ်လှတယ်၊ ပုသိမ်မယ်ဖြစ်ဖို့ သေချာနေပြီ ကျွန်တော်တို့ အားပေးနေတယ် သိလား..'

လို့ဆိုပြီး စကားကြော ရှည်နေလို့ တောင်းကြီးကို တွန်းဖယ်ပြီး အခန်းထဲဝင်ပြေးလိုက်တော့ တောင်းကြီး မှောက်ကျပြီး ပေါင်မုန့်တွေ





အခန်းဝမှာ မှောက်ကျသွားတယ်။ ကြေးမုံ ဝင်ရောက်သွားတဲ့ အခန်းကခန်းမရဲ့ စတိုခန်းဖြစ်ပုံရပြီး ဆန်အိတ်၊ကြက်သွန်အိတ်၊ ဆီပုံးတောနဲ့မီးဖိုချောင်သုံး ပစ္စည်းတွေကို မြင်ရတယ်၊ကြေးမုံဟာ စတိုခန်း တစ်ဖက်ပေါက်က အောက်ထပ်လှေခါးကို ဆင်းပြေးဖို့ ပြင်တော့ လှေခါးကနေပုလိပ်တွေ တက်လာတာမြင်ရတယ်။ ကြေးမုံဟာ ပြေးရင်း ဒေါက်ဖိနပ်ကို ကောက်ချွတ်ပြီးတော့ ပစ်ပေါက်လိုက်ရာ ရှေ့ဆုံးက တက်လာတဲ့ ပုလိပ်ရဲ့ နဖူးကို သွားမှန်လို့ ပုလိပ်က

'အမလေးဗျာ'

လို့ အော်ဟစ်လိုက်တယ်။မြို့ခံလူထုဟာ မိန်းမချောလေး တစ်ယောက်ကို ပုလိပ်တွေ ဝိုင်းဖမ်းကြတာကို တအံ့တဩ ဝိုင်းကြည့်ကြတယ်။

မြို့ခံလူထုဟာ ကြေးမုံကို နှစ်သက်သူများ ဖြစ်လို့ ပုလိပ်များလက်က လွတ်မြောက်လို ကြတယ်။ ဒါကြောင့် ကြေးမုံ ပြေးဖို့လမ်းကိုမသိမသာ ဖွင့်ပေးပြီး ပုလိပ်များ နှောင့်နှေးကြန့်ကြာအောင် မသိမသာလမ်းပိတ်ထားကြတယ်။

ကြေးမုံနဲ့ ပုလိပ်များဟာ ခန်းမကြီးထဲမှာ ဝိုင်းကြီးပတ်ပတ်ကစားသလို လှည့်ပတ်ပြေးလွှားနေကြတယ်။ ပုလိပ်တွေဟာ ကြေးမုံကိုဖမ်းမမိတဲ့အတွက် မြို့ခံလူထုဘက်လှည့်ပြီး

'တရားခံကို ဖမ်းပေးကြပါ'



www.burmeseclassic.com

www.burmeseclassic.com

လို့အော်ဟစ်ပြီး အကူအညီတောင်းလိုက်တယ်။ ပုလိပ်တွေကို ကြည့်မရတဲ့ မြို့ခံမိန်းမကြီးတစ်ယောက်

'ဘာလို့ဖမ်းပေးရမှာလဲ၊ မျက်နှာဖြူကျွန်တွေ ကိုယ့်ဘာသာ ကိုယ်ဖမ်း'

လို့အော်ဟစ်လိုက်တယ်။ ပုလိပ်တွေဟာ မြို့ခံလူထုရဲ့ အကူအညီမရမှန်းသိလို့ အဖွဲ့နှစ်ဖွဲ့ ပေါင်းပြီး ညှပ်ပူးညှပ်ပိတ် ဖမ်းဖို့ ပြင်ကြတယ်။

ကြေးမုံဟာ ပြေးရင်း ခန်းမထဲက ထွက်ပေါက် တစ်ခုကို မြင်တွေ့သွားပြီး အလှမယ် မိန်းကလေးတွေ အဝတ်လဲတဲ့ အခန်းရှိရာကို ပြေးလွှားသွားတယ်။ လမ်းမှာ ရှေ့က ကာဆီးထားတဲ့ ပုလိပ်တစ်ယောက်ကို တွေ့လို့ ပေါင်ကြားကို ခြေထောက်နဲ့ ဆောင့်ကန်လိုက်တာ ပုလိပ် မျက်ဖြူလန်ပြီး ကျန်ရစ်ခဲ့တယ်။

ကြေးမုံဟာ အလှမယ်တွေ အဝတ်လဲတဲ့ အခန်းကို တဒုန်းဒုန်းထု လိုက်တော့ မိန်းကလေးတစ်ဦးက အဝတ်လဲတဲ့ တန်းလန်းနဲ့ တခါးကို ဖွင့်ပေးတယ်။ ကြေးမုံက အခန်းထဲကို ပြေးဝင်ပြီး အခန်းတံခါးကို ချက်ချလိုက်ကာ

'ဒီနေ့ ဖြစ်သွားတဲ့ ကိစ္စနဲ့ ပတ်သက်လို့ အားလုံးကို တောင်းပန်ပါတယ်'

လို့ဆိုပြီး သူမ အဝတ်အစားတွေနဲ့ ကမန်းကတန်း ပြန်လဲတယ်။ ပုလိပ်တွေဟာ အခန်းဝကနေ တံခါးကို တဒုန်းဒုန်းထုနေတယ်။



ကြေးမုံဟာ အဝတ်လဲပြီး ပြတင်းပေါက်တံခါးကို ဖွင့်ပြီး အောက်ကို ငုံ့ကြည့်လိုက်တော့ အမိုးဆင့်တစ်ခုကို မြင်လို့ခုန်ဆင်းဖို့ ဆုံးဖြတ်လိုက်တယ်။

ကြေးမုံဟာ ပြတင်းပေါက်ပေါင် ပေါ်ကို တက်ရပ်ပြီး တအံ့တသြကြည့်နေတဲ့ အလှမယ်လေးတွေကို လက်ပြလိုက်ပြီး

'သွားမယ်နော်၊ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်၊ တကယ်တော့ ကျွန်မ လူကောင်းပါ၊ လူဆိုးမဟုတ်ပါဘူး'

လို့ဆိုပြီး ခုန်ချဖို့ ပြင်လိုက်တော့ အလှမယ်တွေက ခုန်မချဖို့ ဝိုင်းဝန်းတားဆီးကြတယ်။ ကြေးမုံက

'စိတ်မပူပါနဲ့၊ ဒီလောက်က ကျွန်မအတွက် အသေးအမွှားပါ'

လို့ဆိုပြီး အမိုးဆင့်ပေါ်ကို ခုန်ချလိုက်တယ်။ အမိုးဆင့်ပေါ်က တစ်ဆင့် မြေပေါ်ကို လွှားခနဲ ခုန်ချလိုက်တယ်။ မြေပေါ်ကို ရောက်တော့ အနီးကို ပုလိပ်တစ်ဦးရောက်လာလို့ ပုလိပ်ရဲ့ ပေါင်ကြားကို ခြေနဲ့ ဆောင့်ကန်လိုက်တယ်။ နောက်ထပ်ပုလိပ်တစ်ဦးရဲ့ ဗိုက်ကို ခြေနဲ့ လှမ်းကန်လိုက်ပြန်တယ်။

ပြီးတော့ ခြံတံခါးဝဆီကို ပြေးခဲ့တယ်။ ခြံပြင်ကိုရောက်တော့ ကြေးမုံဟာ မြင်းလှည်းတစ်စီးကို မြင်လို့ လှည်းပေါ်လွှားခနဲ ခုန်တက်ပြီး မြင်းလှည်းကို မောင်းနှင်ခဲ့တယ်။ ကြေးမုံဟာ မြင်းလှည်းကို အပြင်းမောင်းနှင်ရင်း မြစ်ဆိပ်ကို ရောက်သွားပြီး ထွက်ခါနီး သင်္ဘောတစ်စီး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကို တက်လိုက်တယ်။ သင်္ဘောထွက်သွားတော့မှ ကြေးမုံဟာ အမောအပန်းဖြေရတယ်။ပုလိပ်တွေ လက်က လွတ်ပြီဆိုတာလဲ ရိပ်စားမိလိုက်တယ်။





ကြေးမုံဟာ ရန်ကုန်မြို့ကိုထွက်ခဲ့တယ်။ရန်ကုန်မြို့ကြီးရဲ့ သာယာလှပပုံတွေကို တစ်နေကုန် လျှောက်ကြည့်ပြီး ရွှေတိဂုံ ခြေရင်းက ထမင်းဆိုင်မှာ ညနေစာ စားခဲ့တယ်။ ဒီအချိန်မှာပဲ ဆိုင်ထဲကို ဝင်လာတဲ့ လူကြီးတစ်ယောက်ကို မြင်တော့ ကြေးမုံကဝမ်းသာအားရနဲ့

'ကပ္ပိယကြီး'

လို့ အော်လိုက်တယ်။

လူကြီးက ကြေးမုံကို လှည့်ကြည့်ပြီး

'ဟင်..ကြေးမုံပါလား..ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးဆိုတာ တကယ်ပါပဲ၊ ဒါပေမဲ့ ငါက ကပ္ပိယကြီး မဟုတ်တော့ဘူး ကြေးမုံရဲ့ အိမ်ထောင်ကျနေပြီ..ငါမိန်းမနဲ့ ဘုရားလာဖူးတာ'



www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုလိုက်တော့ ကြေးမုံဟာ အင်း၊အိုင်၊ခါးလှည့်၊လက်ဖွဲ့ မန္တရားအစရှိတဲ့ လောကီပညာရပ်တွေကို အလွန်ဝါသနာထုံတဲ့ ကပ္ပိယကြီး ဦးဖြူသီးကို မယုံနိုင်ဟန်နဲ့ကြည့်လိုက်တယ်။ ကပ္ပိယကြီးက ရယ်မောပြီး

'ဟဲဟဲ..နင်အံ့သြနေသလား၊ အင်းအိုင်လက်ဖွဲ့တွေကို ဝါသနာထုံတဲ့ ငါဟာ ဗေဒင်အလွန် ဝါသနာထုံတဲ့ မိန်းမနဲ့တွေ့ပြီး မိန်းမမာယာစက်ကွင်းထဲမှာ သက်ဆင်းရတာ ဘာထူးသလဲဟ'

လို့ဆိုလိုက်တော့ ကြေးမုံက ခေါင်းခါယမ်းပြီး

'မယုံနိုင်အောင် ပါပဲကပ္ပိယကြီးရယ်..အို မဟုတ်ပါဘူး'

လို့ယောင်ယမ်းပြီး ပြောဆိုလိုက်တော့

'ငါက အရင်လို အေးအေးဆေးဆေး မဟုတ်တော့ဘူး၊ ငါ့မိန်းမကြီးနဲ့ လူစုမကွဲအောင် အမှီလိုက်ရမယ်၊ ငါနေရပ်ပြည်မြို့ကို နင်လာခဲ့ပါလား'

လို့ပြောပြီး ကြေးမုံကိုခဲတံနဲ့ လိပ်စာတစ်ခုကောက်ရေးပေး တယ်။ ပြီးတော့ ဆိုင်ထဲက ကမူးရှူးထိုး ထွက်ခွာသွားတယ်။ကြေးမုံဟာ အရင်လို မငြိမ်းချမ်းတော့တဲ့ သူ့ဆရာကပ္ပိယကြီးကို ကြည့်ပြီး သက်ပြင်းရှည်ကြီး ချလိုက်တယ်....





ကြေးမုံဟာ ကပ္ပိယကြီးနဲ့ တွေ့ချင်လို့ ရန်ကုန်မှာ တစ်ရက်ပဲ နေထိုင်ပြီး နောက်တစ်နေ့ ပြည်မြို့ကို လိုက်သွားခဲ့တယ်။ ပြည်ကိုရောက်တော့ ကပ္ပိယကြီးရဲ့ နှစ်ထပ်တိုက်အိမ်ကြီးကို မြင်တော့ ကပ္ပိယကြီးရဲ့ စီးပွါးရေးကို ခန့်မှန်းမိတယ်။

ကပ္ပိယကြီးဟာ ကြေးမုံကို မြင်တော့ ဝမ်းသာအားရ ကြိုဆိုပြီး စားကောင်းသောက်ဖွယ်တွေနဲ့ တည်ခင်းဧည့်ခံတယ်။ ဒီလို ဧည့်ခံရင်း ကြေးမုံရဲ့ ဘဝကြေးမုံ ဇာတ်လမ်းစုံကို မေးမြန်းတယ်။ ကြေးမုံက သူ့ဘဝအပြောင်းအလဲကို အစမှအဆုံးထိ စည်ကာပတ်ကုံး ပြောပြတယ်။ ကပ္ပိယကြီးက ခေါင်းတညိတ်ညိတ်နဲ့ နားထောင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'နင့်ဘဝက အချိန်တိုတိုလေးအတွင်းမှာ တော်တော်စုံခဲ့တာပဲ'

လို့ဆိုလိုက်တော့ ကြေးမုံက သက်ပြင်းချပြီး

'အချိန်မတိုဘူး၊ ကပ္ပိကြီးရဲ့ ကပ္ပိယကြီးနဲ့ ကွဲခဲ့တာ ကျွန်မပြန်တွက်ကြည့်တော့ ၈နှစ်ကောင်ရှိပြီ၊ ၈နှစ်ဆိုတာ လူတစ်ယောက်ရဲ့ဘဝအကြီးအကျယ် ပြောင်းလဲသွားနိုင်တာပဲ၊ဒါနဲ့ နေပါဦး ကပ္ပိယကြီးဘဝကိုလဲ ပြောပါဦး'

လို့မေးမြန်းလိုက်တယ်။ ကပ္ပိယကြီးက သက်ပြင်းချပြီး

'ငါသိချင်တတ်ချင်တဲ့ ဂမ္ဘီရပညာတွေကို လေ့လာလိုက်စားဖို့ထွက်ခဲ့ရင်း ရောက်လေရာ အရပ်မှာငါ့ရဲ့စားရေးသောက်ရေးအတွက် ဗေဒင်ပညာနဲ့ ရှာဖွေရတယ်။ ဒီလိုရှာဖွေရင်း ဗေဒင်ဆိုရင် စာကလေးဗေဒင်တောင် အလွတ်မပေးတဲ့ ငါမိန်းမကြီးနဲ့ တွေ့ပြီး သူ့ရဲ့မာယာညွှတ်ကွင်းထဲကို သက်ဆင်းခဲ့ရတာပဲ၊ မိန်းမရတဲ့ အချိန်ကစပြီး ငါ ဝါသနာပါတဲ့အင်း၊အင်၊ခါးလှည့်ပညာတွေနဲ့ တဖြည်းဖြည်းပေးပြီး စီးပွါးရေးလုပ်ငန်းတွေထဲ နစ်မြုပ်ခဲ့ရတယ်၊ အခုဆိုရင် နင့်ကို စီးပွါးရေးအကြောင်းတွေပဲ ငါသင်ကြားနိုင်တော့တယ်'

လို့ဆိုတော့ ကြေးမုံက ခေါင်းညိတ်ပြီး .

'ကျွန်မလဲ ကိုယ်ပိုင် စီးပွားရေး တစ်ခုလုပ်ချင်တာ ဘာလုပ်ရင်ကောင်းမလဲ'

လို့ဆိုလိုက်တော့ ကပ္ပိယကြီးက





'ပြည် မြို့မှာ ငါလုပ်ချင်တဲ့ အလုပ်တစ်ခုတော့ ရှိတယ်၊ အဲဒါကတော့ ဆေးလိပ်ခုံထောင်ဖို့ပဲ၊ငါ့မိန်းမကြီးက မိန်းကလေးတွေနဲ့ ပတ်သက်မှာစိုးလို့ ငါ့ကို ဆေးလိပ်ခုံထောင်ဖို့ သဘောမတူဘူး'

လို့ဆိုလိုက်တယ်။ကြေးမုံက လက်မထောင်ပြီး

'ဒါဆိုရင် ကျွန်မ ဆေးလိပ်ခုံထောင်ချင်တယ်၊ကျွန်မ မှာစုဆောင်းထားတဲ့ ငွေနည်းနည်းရှိပါတယ်'

လို့ဆိုလိုက်တော့ ကပ္ပိယကြီးက

'ဒါဆိုရင် နင်အဆင်ပြေသွားပြီ၊ ပဲခူး ဗိုင်းဂနိုင်းမှာ ငါ့မိန်းမဘက်က အမွေရထားတဲ့ အိမ်တစ်လုံး ရှိတယ်၊ အဲဒီမှာ ဆေးလိပ်ခုံထောင်မယ်ဆိုရင် အဆင်ပြေတယ်၊ လောလောဆယ် ဆေးလိပ်ခုံလုပ်ငန်းကို ကျွမ်းကျင်အောင် သာယာပတီက သန်းသန်းညွှန့်ဆေးလိပ်ခုံမှာ အောက်ခြေသိမ်း ဝင်လုပ်ပါ'

လို့ဆိုတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြေးမုံဟာ ကပ္ပိယကြီးရဲ့ စကားကို နားထောင်ပြီး သာယာဝတီမြို့က သန်းသန်းညွန့်ဆေးလိပ်ခုံမှာ ဆေးလိပ်သမအဖြစ် ဝင်ရောက်လုပ်ကိုင်ပြီး ဆေးလိပ်ခုံလုပ်ငန်းကို လေ့လာခဲ့တယ်။

ဒီအခါမှာ ဆေးလိပ်ခုံလုပ်ငန်းမှာ ဆေးစပ်က အတော် အရေးကြီးကြောင်း သိရတယ်။ ကြေးမုံဟာ သန်းသန်းညွန့် ဆေးလိပ်ခုံမှာ ၆ လ လောက် အသေးစိတ်လေ့လာပြီးတော့ ဆေးလိပ်ခုံက ထွက်ပြီး ပြည် မြို့ကို ပြန်ခဲ့တယ်။

ပြည် ကို ရောက်တော့ ကပ္ပိယကြီးကသူပိုင်ဆိုင်တဲ့ အိမ်ရှိရာ ပဲခူးမြို့ ဇိုင်းဂနိုင်းမှာပဲ ဆေးလိပ်ခုံထောင်ဖို့ အကြံပေးတယ်။ ဆေးလိပ်ခုံရဲ့





နံမည် ကိုတော့ မပေးရသေးဘူး။ကြေးမုံဟာ ဆေးလိပ်ခုံ နံမည်ပေးဖို့ ဗေဒင်ဆရာတွေဆီမှာ မေးမြန်းရကောင်းနိုးနိုး တွေဝေနေခဲ့တယ်။ ကပ္ပိယကြီးက ကြေးမုံ တွေဝေနေတာ ကြည့်ပြီး

'ဗေဒင်ပညာကို စော်ကားတာ မဟုတ်ဘူး၊ ဒါပေမဲ့ အလုပ်ကောင်းရင် ကံကောင်းမှာပဲ'

လို့ဆိုလိုက်တော့ ကြေးမုံက ခေါင်းညိတ်ပြီး

'ဟုတ်ပြီ၊ အလုပ်ကောင်းရင် ကံကောင်းမယ်၊ ဗေဒင်ဆရာဆီ မသွားတော့ဘူး'

လို့တွေးပြီး ခေါင်းထဲမှာ လက်ခနဲပေါ်လာတဲ့ ရွှေသန်လျက်ဆိုတဲ့အမည်ကို ပေးဖို့ ဆုံးဖြတ်လိုက်တယ်။ရွှေသန်လျက်ကို ပေးခြင်းဖြင့် သစ္စာဖောက်ကိုပွားကို လက်စားချေပြီး ရွှေသန်လျက်ကို ရယူရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ပိုမို ခိုင်မာအောင် ဖြစ်တယ်။

ကြေးမုံရဲ့ ရွှေသန်လျက်ဆေးလိပ်ကို ရှိသမျှ ငွေတွေ ပုံအောပြီး ကြော်ငြာခဲ့တယ်။ ပဲခူး မြို့ပေါ်မှာ ရွှေသန်လျက်ဆေးလိပ်ကြော်ငြာတွေ ပလူပျံ အောင်မြင်တွေ့ရတယ်။ကြေးမုံဟာ ကြော်ငြာအတွက် သုံးစွဲရတဲ့အတွက် သူ့မှာ ရှိသမျှငွေတွေ ကုန်လုနီးပါး ဖြစ်သွားတယ်။ ဒါပေမဲ့ ရွှေသန်လျက်ဆေးလိပ်ရဲ့ ရောင်းအားဟာ ထင်သလောက် တက်မလာတဲ့အတွက် စိတ်ဓါတ်ကျဆင်း လာမိတယ်။ ကြေးမုံ စိတ်ဆင်းရဲနေတာကို ဦးဖြူသီးတွေ့တော့



www.burmeseclassic.com

www.burmeseclassic.com



'စိတ်မပျက်နဲ့ ကြေးမုံ၊နှင်လုပ်တာ သိပ်မှန်တယ်၊ မအောင်မြင် သေးတဲ့ အမှတ်တံဆိပ် တစ်ခုဟာ လူသိများဖို့လိုတာ အမှန်ပဲ။ ဒါပေမဲ့ နှင့်ပစ္စည်းရဲ့ အရည်အသွေးကောင်းဖို့က အဓိက လိုအပ်ချက်ပဲ'

လို့ဆိုလိုက်တော့ ကြေးမုံက ခေါင်းညိတ်ပြီး

'ကျွန်မ သာယာဝတီက သန်းသန်းညွန့် ဆေးလိပ်ခုံမှာ ဆေးစပ် ပညာကို သေသေချာချာ လေ့လာခဲ့တယ်၊ ဆေးလိပ်ဖက်ကိုလဲ အကောင်းဆုံးကိုပဲ သုံးတယ်၊ ပစ္စည်းအရည်အသွေးကို စိတ်ချရပါ တယ်၊ ဒါကြောင့်လဲ ကိုယ့်ပစ္စည်းကိုယ် ယုံကြည်လို့ ကြော်ငြာကို ပုံအောသုံးတာပါ၊ ကျွန်မဆေးလိပ်ကောင်းတယ်၊ လူအများသောက် ပြီးရင် ကြိုက်သွားမှာပဲလို့ ထင်ခဲ့တယ်၊ ဒါပေမဲ့ လူအများဆီကို ရောက် သင့်သလောက် ရောက်ပေမဲ့ ဆေးလိပ်အောင်မြင်သင့်သလောက် မအောင်မြင်ဘူး ကပ္ပိယကြီးရယ်..ဒါကြောင့် ကျွန်မ စိတ်ဓါတ်ကျချင်ပြီ'

လို့ဆိုလိုက်တယ်၊ ဦးဖြူသီးက ခေါင်းညိတ်ပြီး

'ငါနားလည်တယ်၊ ပစ္စည်းကောင်း ကြော်ငြာ ကောင်းရဲ့သား မအောင်မြင်ဘူးဆိုတော့ ကြံစည်ရခက်ပြီး ဘာဆက်လုပ်ရမှန်း မသိဖြစ် နေပြီ၊ကြိုးစားရဲ့ သားနဲ့ ရလာဒ်ကောင်းမရရင် လူတွေဟာ ပိုပြီး စိတ်ဓါတ်ကျတတ်တယ်၊ ဒီအချိန်မှာ လူတွေ စိတ်ဓါတ်ကျပြီး လက် လျှော့တတ်တဲ့အချိန်မို့ အလွန်အရေးကြီးတယ်၊ စိတ်ကိုတင်းထား ဘယ်တော့မှ လက်မလျှော့နဲ့၊ အောင်မြင်အောင် ဆက်လုပ်'





လို့ပြောပါတယ်။ကြေးမုံဟာ ဦးဖြူသီးရဲ့ အားပေးစကားကြောင့် စိတ်အားကိုတင်းပြီး ကြိုးစားပမ်းစား ဆက်လုပ်တယ်။

တစ်နေ့တော့ ကြေးမုံတို့ မြို့ကို ရွှေမန်းအောင်ကြည်ဆိုတဲ့ ဇာတ်အဖွဲ့ရောက်လာပြီး ပဲခူးမြို့မှာဟင်္သာမောင်နှံ ပြဇာတ်ကမယ် ဆိုတော့ ပဲခူးတစ်မြို့လုံး သဲသဲလှုပ် ဖြစ်သွားကြတယ်။ ပဲခူးမြို့မှာ ဟင်္သာဖို ဟင်္သာမနဲ့ပတ်သက်တဲ့ပုံပြင်ဒဏ္ဍာရီရှိလို့ ဟင်္သာမောင်နှံ ပြဇာတ်ကို တခဲနက် အားပေးဖို့ ကြံစည်ကြတယ်။

ကြေးမုံဟာ ရွှေမန်းအောင်ကြည် ပြဇာတ်ကို ကိုယ်စားပြုပြီး သူ့ရဲ့ ရွှေသန်လျက်ဆေးပေါ့လိပ်ကို ကြော်ငြာဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါကြောင့် ရွှေမန်းအောင်ကြည်ပြဇာတ်ကို ဂုဏ်ပြုတဲ့အနေနဲ့ ရွှေ သန်လျက်ဆေး ပေါ့လိပ်မှာ ရွှေပတ်ပတ်ပြီး လိပ်စေခဲ့တယ်။ ရွှေပတ် ဆေးလိပ်တွေ ပြီးစီးတော့ ရွှေမန်းကြည်အောင် ပြဇာတ်ဇာတ်တိုက် နေချိန်မှာ ကြေးမုံကိုယ်တိုင် သွားပြီး ရွှေသန်လျက်ဆေးလိပ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ဝေမျှပေးတယ်။ ကြေးမုံက်ကောင်းချင်တော့ ဓာတ်ဆရာမင်းသား ရွှေမန်းအောင်ကြည်ဟာ ဆေးလိပ်ကို ခုံခုံမင်မင်သောက်သုံးသူဖြစ်ပြီး ရွှေသန်လျက်ကို မြည်းစမ်းကြည့်ပြီး

'ကောင်းလိုက်တာ၊ ပွဲကတဲ့ ရက်တွေတိုင်း ကြော်ငြာပေးပါ့မယ်'

လို့ဆိုလိုက်တယ်။ ကြေးမုံက

'ကျေးဇူးတင်လိုက်တာ မင်းသားရယ်၊ ပွဲကတဲ့အချိန်မှာ ရွှေသန်လျက်ဆေးလိပ်တွေ ပွဲခင်းထဲမှာ ကြဲပေးပါနော်၊ကျွန်မ လုံလုံလောက်လောက် ဆေးလိပ်တွေ ပေးပါ့မယ်'

လို့ပြောင်းပန်လိုက်တော့ ရွှေမန်းအောင်ကြည်က လက်ခံလိုက်တယ်။ ဒီလိုနဲ့ ရွှေမန်းအောင်ကြည်ဟာ ပွဲကတဲ့ ရက်တိုင်း ရွှေသန်လျက်ဆေးလိပ်ကို ကြော်ငြာပေးရုံမက ပွဲခင်းထဲမှာ ဆေးလိပ်တွေ ကြဲဖြန့်ပေးတဲ့အတွက် မြို့သူမြို့သားတွေ ရွှေသန်လျက်ဆေးလိပ်ကို မြည်းစမ်းခွင့်ရသွားတယ်။ နောက်ပိုင်းတော့ ရွှေသန်လျက်ဆေးပေါ့လိပ်ရဲ့ ဂုဏ်သတင်းကျော်ကြားပြီး ဆေးလိပ်တွေ လက်မလည်အောင် ရောင်းခဲ့ရတယ်။

ဆေးလိပ်သမတွေလဲ အများကြီး ထပ်ခေါ်ရတယ်။ လအနည်းငယ်အတွင်း ပဲခူးမြို့သာမက အနီးအနားမြို့တွေအထိ နံမည်သတင်းကျယ်ပြန့်သွားပြီး ရွှေသန်လျက်ဆေးလိပ်တွေကို အလုအယက် မှာယူကြတယ်။





ဦးဖြူသီးက ပြည့်ကနေ ပဲခူးကို လာရင်း ကြေးမုံရဲ့အောင်မြင်မှုကိုကြည့်ပြီး

'ဒီအချိန်ကစပြီး ရွှေသန်လျက်က ရောင်းမလောက်အောင်မြင်လိမ့်မယ်၊ ကြိုးစားမှုရဲ့အသီးအပွင့်ကို နင်ခံစားရတော့မယ်'

လို့ချီးကျူးလိုက်တယ်။ ဦးဖြူသီးရဲ့ စကားဟာ မှန်ကန်ပြီး လက်တွေ့ကျတယ်။ရွှေသန်လျက် ဆေးလိပ်ဟာ ရောင်းမလောက်အောင် အောင်မြင်ခဲ့တယ်။

ကြေးမုံဟာ ရွှေသန်လျက် အောင်မြင်လို့ ဦးဖြူသီးရဲ့ဖိုင်းဂနိုင်းက အိမ်ကိုဝယ်ယူခဲ့တယ်။ ကြေးမုံဟာ စီးပွားရေးလုပ်ကိုင်ရင်း ရန်သူတော်ကြီးကိုပွားကို ရှာဖွေပြီး လက်စားချေဖို့ ရည်ရွယ်ချက်နဲ့ နေ့စဉ်မပြတ်ဓားသိုင်းလေ့ကျင့်နေခဲ့တယ်။သူမဟာ သိုင်းပညာရဲ့ အတိုင်းအဆမဲ့ နယ်ပယ်တစ်ခုကို မြင်တွေ့ပြီး ဖြစ်တဲ့အတွက် ပညာတိုးတက်မှု မြန်ဆန်ခဲ့တယ်။

ကြေးမုံဟာ ဓားသိုင်းလေ့ကျင့်ပြီးတိုင်း အံကို တင်းတင်းကြိတ်ပြီး

'သစ္စာဖောက်ငပွါး နင့်ကို မရရအောင် ရှာပြီး လက်စားချေမယ်'

လို့ကြုံးဝါးလေ့ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ ရန်ကုန်မြို့ ရှိးကုမ္ပဏီမှာ ဈေးဝယ်ပြီး ပြန်လာတဲ့ ကြေးမုံဟာ ရန်ကုန်မြို့ထဲကနေ အင်းစိန်ကို ပြေးဆွဲတဲ့ ယုန်တံဆိပ် ဘတ်စ်ကားပေါ်ကို တက်လိုက်တယ်။ ဘတ်စ်ကားပေါ်ကို ရောက်တော့ စပါယ်ရာက ကြေးမုံကို တအံ့တသြကြည့်ပြီး

'ဟင်..နင်..နင် ကြေးမုံ မဟုတ်လား'

လို့မေးမြန်းလိုက်တယ်။ကြေးမုံဟာ စပါယ်ရာကို ကြည့်ပြီး မျက်လုံးပြူးသွားတယ်။ စပါယ်ရာဟာ သူ့ပထွေးရဲ့ အချစ်တော် မောင်အေးဖြစ်နေတယ်။ ကြေးမုံက မောင်အေးကို အံ့သြဟန်နဲ့ ကြည့်ပြီး

'ဟင်..နင်က စပါယ်ရာဖြစ်နေတယ်'

လို့ရေရွတ်လိုက်တော့ မောင်အေးက စိတ်လှုပ်ရှားဟန်နဲ့

'ငါတစ်ယောက်တည်း မဟုတ်ဘူး၊ကြည့်လိုက်ဦး'





ဆိုပြီး ဒရိုင်ဘာနဲ့ စပါယ်ရာ နောက်တစ်ယောက်ကို ခေါ်ပြတယ်။ ဒီအခါမှာ ပထွေးရဲ့ အမျိုးအဆွေတွေတဲ့ အုန်းမြင့်နဲ့ လှဆွေတို့ကို ပါတွေ့ရတယ်။ကြေးမုံက အံ့သြဟန်နဲ့

'နင်တို့အားလုံး ရန်ကုန်မှာ အလုပ်လုပ် နေကြတယ်ဟုတ် လား'

လို့မေးမြန်းလိုက်တော့ မောင်အေးက မျက်နှာညှိုးငယ်ဟန်နဲ့

'လောကဓံဆိုတာ ဒီလိုပဲပေါ့ဟယ်၊ ရွာကို ဓားပြတွေဝင်တိုက်လိုက်တာ တစ်ရွာလုံး ပြုတ်တော့တာပဲ'

လှဆိုလိုက်တော့ ကြေးမုံက စိတ်လှုပ်ရှားစွာနဲ့

'ဟင်...ဒါဆို ငါ့အမေရော'

လို့မေးမြန်းလိုက်တယ်။ မောင်အေးက စိတ်မကောင်းဟန်နဲ့

'တရားနဲ့ဖြေပေါ့ဟာ၊နင့်အမေက ရွာကို ဓားပြတိုက်ခံရတဲ့နှစ်မှာပဲ ဆုံးသွားတယ်၊ နင့်ပထွေးကတော့ ဓားပြသတ်လို့ သေရှာပြီ'

လို့ဆိုလိုက်တယ်။ကြေးမုံ မိခင်ဆုံးပြီဆိုတဲ့ သတင်းကို ကြားလို့ မျက်ဝန်းထဲမှာ မျက်ရည်တွေစီးကျလာတယ်။

'သမီးထက် နောက်လင်ကို ချစ်တဲ့အမေ သမီးကိုပစ်ပြီးဘဝ တစ်ပါးကို ပြောင်းသွားပြီပေါ့'

လို့တွေးလိုက်မိတယ်။ကြေးမုံဟာ မောင်အေးတို့နဲ့ တွေ့မှ ရွာက အကြောင်းတွေမေးမြန်းရတယ်။ ရွာမှာကျန်ခဲ့တဲ့မိမိရဲ့ အခင်ဆုံး သူငယ်ချင်း ဖိုးစိန်ကတော့ ဓားပြတွေ ရွာကိုဝင်စီးတဲ့ ညမှာပဲ ရွာကပျောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးသွားတာ သေသလား၊ ရှင်သလားတောင် မသိဘူးလို့ဆိုတယ်။

ဖိုးစိန်ဟာ ပထွေးဖြစ်သူကြောင့် မိမိစိတ်ဆင်းရဲတဲ့ အချိန်တိုင်း နှစ်သိမ့်အားပေးတတ်တာ သတိရတယ်။ ကြေးမုံက ပထွေးရဲ့ အမျိုးအဆွေ လူငယ်တွေကို

'အကူအညီ လိုရင် ငါ့ဆီလာခဲ့'

ဆိုပြီး ရွှေသန်လျက်ဆေးလိပ်ခုံရဲ့ လိပ်စာကို ပေးခဲ့တယ်။

မောင်အေးတို့လူစုဟာ ချမ်းသာကြွယ်ဝနေတဲ့ ကြေးမုံရဲ့ ဘဝကို မယုံနိုင်လောက်အောင် အံ့သြသွားကြတယ်။ မောင်အေးက ကြေးမုံကို နှောင်တရဟန်နဲ့ ကြည့်ပြီး

'အခုလို အချိန်မျိုးမှာ ငါတို့ကိုရန်ငြိုး မထားတာ ကျေးဇူးတင်ပါတယ်၊ငါတို့ ရွာမှာတုန်းက ယောကျ်ားလေးတန်မဲ့ နင့်ကို အနိုင်ယူမိတာ ခွင့်လွှတ်ပါ'

ဆိုတော့ ကြေးမုံက မဲ့ပြုံးပြုံး လိုက်ပြီး

'တစ်ရွာတည်းသားတွေ ခွင့်မလွှတ်စရာ အကြောင်းမရှိပါဘူးဟယ်၊ တကယ်တော့ ငါ့ဘဝ အခုလိုတိုးတက်ကြီးပွါးသွားတဲ့ အတွက် နင်တို့ကိုတောင် ကျေးဇူးတင်ရမှာပါ'

လို့ပြောပြီး လမ်းခွဲထွက်ခဲ့တယ်။





တစ်နေ့တော့ ရွှေသန်လျက် ဆေးလိပ်ကို ကိုယ်စားလှယ် ယူချင်သူတစ်ဦး ရောက်နေတယ်ဆိုလို့ ကြေးမုံ ထွက်ကြည့်ပြီး မျက်လုံးပြူးသွားတယ်။သူဟာ ထမင်းဆိုင်ရှင် မမစိန် ဖြစ်နေတယ်။ မမစိန်က ကြေးမုံကို ဝမ်းသာအားရ ထဖက်လိုက်ပြီး

'ဟင်..ကြေးမုံ အိမ်ပြေးမလေး၊ နင်ကဒီမှာ နေတာလား'

လို့မေးမြန်းလိုက်တော့ ကြေးမုံရဲ့ တပည့်မိန်းကလေးက

'ကျွန်မတို့ ရွှေသန်လျက် ဆေးလိပ်ခုံပိုင်ရှင်ပါ'

လို့ ဝင်ပြောလိုက်တော့ မမစိန်ဟာအံ့သြလွန်းလို့ ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။ပြီးတော့ သူတို့နှစ်ယောက် ဝမ်းမြောက်ဝမ်းသာ နဲ့အိမ်ထဲကို ဝင်ပြီးရှေးဟောင်း နှောင်းဖြစ်တွေ ပြောကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြေးမုံက သူမ ရင်ထဲမှာ နာကျင်နေပေမဲ့ တဏှာရှူးကိုလှဖေ အကြောင်းကို မေးမြန်းလိုက်တယ်။ မမစိန်က ကိုလှဖေနံမည်ကို ကြားတော့ မျက်နှာရှုံ့မဲ့ပြီး

'ဒင်းအကြောင်း မပြောချင်ပါဘူးဟယ်၊ အော့နှလုံးနာလွန်းလို့.. လူယုတ်မာ တဏှာရှူးကောင် ငါ့ဆိုင်က စားပွဲထိုး မိန်းကလေးတစ်ယောက်ကို မြူပြင်ခေါ်ပြီး မတော်မတရားလုပ်လို့ မိန်းကလေးရဲ့ ရည်းစား သတ်တာခံလိုက်ရတယ်။ ငါဖြင့် ရှက်လွန်းလို့ အဲဒီနေ့ကစပြီး ထမင်းဆိုင်ကို ပိတ်လိုက်တာ ဒီနေ့အထိပါပဲ၊ ဒီလိုနဲ့ ရှိတာလေးတွေ ထိုင်စားပြီး တဖြည်းဖြည်းကုန်လာတော့မှ အလုပ်တစ်ခု လုပ်မယ်လို့ စဉ်းစားပြီး ရွှေသန်လျက်ဆေးလိပ်ကိုယ်စားလှယ်ယူဖို့ ဆုံးဖြတ်လိုက်တာပဲ၊ လက်စသတ်တော့ ရွှေသန်လျက်ဆေးလိပ်ဆိုတာ ငါ့ညီမလေးပိုင်တာကိုး။ အင်းပေါ့လေ..ကြေးမုံ ထမင်းဆိုင်က ထွက်ပြေးတာ ခပ်ကောင်းကောင်းဖြစ်သွားတယ်။ ဒါနဲ့နေပါဦး မပြောမဆို ထမင်းဆိုင်က ဘာလို့ထွက်ပြေးရတာလဲ'

လို့မေးမြန်းလိုက်တယ်။မမစိန်ရဲ့ အမေးကြောင့် ကြေးမုံ ဖြေရမှာ ဆွံ့အသွားတယ်။ နေ့လယ်ခင်း အိမ်ပြန်ပြီး ရေချိုးတဲ့အချိန်မှာ တဏှာရှူးကိုလှဖေ အခန်းထဲဝင်ပြီး မတော်မတရားလုပ်ဖို့ ကြိုးစားတာ သတိရတယ်။ အခုတော့ တဏှာရှူးလှဖေ ကိုယ်တိုင် သေရွာကို ရောက် သွားလို့ မမစိန်ကို စိတ်မချမ်းသာမဖြစ်ချင်လို့ ဖွင့်မပြောဖို့ ဆုံးဖြတ်လိုက်တယ်။





ဒါကြောင့် သက်ပြင်းချပြီး

'ဘာရယ်လို့ မဟုတ်ပါဘူး မမစိန်ရယ်..ဆိုင်မှာ အလုပ်လုပ်ရတာ ငြီးငွေ့လာလို့ပါ'

လို့ဖြေလိုက်တော့ မမစိန်က

'ငြီးငွေ့လဲ မမစိန်ကို ဖွင့်ပြောပေါ့ဟယ်..တို့ညီအစ်မ မြန်မာပြည် အနှံ့လှည့်ပြီး ဘုရားဖူးမှာပေါ့'

လို့ ကရုဏာဒေါသနဲ့ ပြောတယ်။ကြေးမုံက စကားမတုံ့ပြန်ပဲ ဟိုးအဝေးကိုသာ ငေးကြည့်နေလိုက်တယ်။

ကြေးမုံဟာ ရွှေသန်လျက်ဆေးလိပ်ခုံကို နှစ်နှစ်လောက် ဖိဖိစီးစီး လုပ်ပြီး နောက်ပိုင်းသူ့မှာ ဆရာကတော်လင်မယားအတွက် လူယုတ်မာကိုပွားကို လက်စားချေပြီး ဆရာကြီးတို့ မျိုးရိုးစဉ်ဆက် ထိမ်းသိမ်းလာတဲ့ ရွှေသန်လျက်ကို ယူဆောင်ပေးဖို့ တာဝန် ရှိသေးတာ အမှတ်ရတယ်။

မိမိ စီးပွားရေးကို တိုးချဲ့ပြီး လုပ်ကိုင်နေရင် စီးပွားရေးလုပ်ငန်းထဲမှာ နစ်မြောသွားမှာစိုးတယ်။ ဒါကြောင့် စီးပွားရေးကို အတော်အသင့်သာ လုပ်ကိုင်မယ်လို့ စိတ်ပိုင်းဖြတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖြူသီးက ကြေးမုံရဲ့စိတ်ဓါတ်ကို ရိပ်စားမိပြီး

'နင်ဒီထက်လုပ်ကိုင်နိုင်သေးတာ ငါတို့သိတယ်၊ အခုဆိုရင် အောက်ပြည်အောက်ရွာမှာရွှေသန်လျက်ကို လူသိများပေမဲ့ အထက်မြန်မာပြည်မှာ လက်မခံသေးဘူး။နင်ဒီထက်ပို ကြိုးစားသင့်တယ်'

လို့ဆိုလိုက်တော့ ကြေးမုံက သက်ပြင်းချပြီး

'ကျွန်မမှာ ဆရာကြီးတို့ မောင်နှံအတွက် လက်စားချေပေးရမဲ့ တာဝန်ရှိသေးတယ်၊ ရွှေသန်လျက်ကိုလဲ ယူပေးရဦးမယ်'

လို့ဆိုလိုက်တော့ ဦးဖြူသီးက သက်ပြင်းချပြီး

'နင့်ကိုယ်နင်မှ မပိုင်တော့တာ'

လို့မှတ်ချက်ချတယ်။ကြေးမုံက

'လောကမှာ ကိုယ့်ကိုယ်ကိုယ် ပိုင်တဲ့သူ ဘယ်သူရှိသလဲ ကပ္ပိယကြီး'

လို့ဆိုလိုက်တော့ ကပ္ပိယကြီး ပြုံးတုံတုံနဲ့

'နင်တော်တယ်၊ငါ့တပည့်အများကြီး တိုးတက်လာပြီ၊ နင့်ကို ငါစိတ်ချသွားပြီ'

လို့ဆိုလိုက်တယ်။ကြေးမုံဟာ ဆေးလိပ်ခုံကို ဂရုတစိုက် မလုပ်တဲ့ နောက်ပိုင်းမှာ ရွှေသန်လျက်ဆေးလိပ်တွေကို တဖြည်းဖြည်း လူကြိုက်နည်းပြီး အရောင်းကျစ ပြုလာတယ်။





တစ်နေ့တော့ ကြေးမုံဟာ ပြည်မြို့ကိုလာပြီး ရွှေသန်လျက် ဆေးလိပ်ခုံကို ကပ္ပိယကြီးကို လွှဲပြောင်းပေးလိုက်တယ်။ ကပ္ပိယကြီးက ကြေးမုံရဲ့ဆေးလိပ်ခုံကို မငြင်းဆန်ဘဲ လက်ခံယူပြီး

'နင်ဘာလုပ်တော့မယ် ဆိုတာ ငါသိတယ် ကြေးမုံ၊ ဘာပဲဖြစ်ဖြစ် နင်အန္တရာယ်က လွတ်ကင်းလာရင် ရွှေသန်လျက်ကို အချိန်မရွေး ပြန်ယူပါ၊ ငါနင့်ပစ္စည်းကို ထိမ်းသိမ်းပေးတယ်လို့ပဲ သဘောထား ပါတယ်'

လို့ဆိုလိုက်တယ်။ ဦးဖြူသီးဟာ ရွှေသန်လျက် ဆေးလိပ်ခုံကို ပဲခူးကနေ ပြည်မြို့ကို ပြောင်းရွှေ့ပြီး လုပ်ကိုင်ခဲ့တယ်။

ကပ္ပိယကြီးက ရွှေသန်လျက်ဆေးလိပ်ခုံကို ဖိဖိစီးစီးလုပ်ကိုင်တော့ ဆေးလိပ်အရောင်းပြန်တက်လာတယ်။ နောက်တော့ ကြေးမုံ



www.burmeseclassic.com

www.burmeseclassic.com



နယ်စပ်ဒေသက ဆင်ဖြူတိုင်ရွာကို တစ်ခေါက်ပြန်သွားပြီး ကျေးရူးရှင် ဒေါ်ဒေါင်းညိုနဲ့တွေ့တယ်၊ ဒေါ်ဒေါင်းညိုက ကြေးမုံ ကြွယ်ဝချမ်းသာလာတာကိုအားတက်သရော နားထောင်ပြီး

'နင်စီးပွားရေးကိုပဲ ဇောက်ချ လုပ်ပါလားဟယ်၊ ဆရာကြီး လင်မယား ကိစ္စကို မေ့လိုက်ပါတော့'

လို့ဆိုလိုက်တော့ ကြေးမုံက ခေါင်းခါယမ်းပြီး

'ဘယ်လိုပြောလိုက်တာလဲ အဒေါ်ရယ်... တမလွန်ဘဝရောက်နေတဲ့ ဆရာကြီး လင်မယားကို ကျွန်မကတိပေးထားတာ ဖျက်ရမှာလား၊ ဒါဆိုရင်တော့ ကျွန်မလောက် အသုံးမကျတဲ့တပည့်ရှိတော့မှာမဟုတ်ဘူး'

လို့ဆိုလိုက်တယ်။ဒေါ်ဒေါင်းညိုက သက်ပြင်းချပြီး

'တားလို့မရလဲ ရှေ့ဆက်တိုးပေါ့ဟယ်၊ ဒါပေမဲ့ ဆားပုလင်းမင်းအောင်ဆိုတဲ့ စုံထောက် ရှိနေသရွေ့ မြန်မာပြည်မှာ မှုခင်းလုပ်ဖို့ မကြိုးစားနဲ့၊ ဒီလူဟာ စုံထောက်လုပ်ဖို့ ဘုရားသခင်က ပေးသနားလိုက်တဲ့လူ'

လို့သတိပေးတယ်။ကြေးမုံက အံကို ကြိတ်ပြီး

'ကျွန်မ လုပ်ရဲရင် ခံရဲပါတယ်၊ ဆားပုလင်းမင်းအောင်ကိုလဲ မကြောက်ပါဘူး'

လို့ဆိုလိုက်တယ်။





ကြေးမုံဟာ ဒေါ်ဒေါင်းညိုနဲ့ တွေ့ဆုံပြီး ရွာပြင်မှာ ရှိတဲ့ ဆရာကြီးတို့လင်မယားရဲ့ အုတ်ဂူကို သွားကန်တော့တယ်။ ပြီးတော့ မျက်ရည်ထွေထွေ ကျရင်း

'တပည့်တာဝန်မကျေသေးတာ ခွင့်လွှတ်ပါ၊ သစ္စာဖောက်ပွားကို လက်စားချေပြီး ရွှေသန်လျက်ကို ရအောင်ယူပေးပါ့မယ်'

လို့ တီးတိုးပြောဆိုနေမိတယ်။

ကြေးမုံဟာ ရန်ကုန်မြို့ကို ပြန်ရောက်ပြီး ဓာတ်ရထား ဘူတာရုံဟောင်းကို ဈေးလုပ်ထားတဲ့ စကော့ဈေးထဲမှာ လှည့်လည် ကြည့်ရှုရင်း ပန်းပု ပစ္စည်းတွေရောင်းတဲ့ ဘက်ကို ရောက်တော့ ပန်းပုဆိုင်ထဲက ထွက်လာတဲ့ လူတစ်ယောက်နဲ့ တိုက်မိသလို ဖြစ်လို့လှမ်း ကြည့်လိုက်တော့ ရွာမှာကျန်ရစ်ခဲ့တဲ့ သူငယ်ချင်း ဖိုးစိန်ဖြစ်နေတယ်။

ဖိုးစိန်ဟာ ရွာမှာရှိတုန်းက ကြေးမုံ စိတ်ဆင်းရဲတဲ့အခါတိုင်း စိတ်ဓာတ်ခွန်အားပေးတဲ့ သူဖြစ်တယ်။ကြေးမုံကို မြင်တော့ ဖိုးစိန်ဟာ တအံ့တသြနဲ့

'ဟင်..ကြေးမုံ ကြေးမုံ မဟုတ်လား။ပြန်တွေ့ရတာ ဝမ်းသာလိုက်တာ သူငယ်ချင်းရယ်'



www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုလိုက်တော့ ကြေးမုံက ဝမ်းသာအားရနဲ့

'ငါလဲဝမ်းသာပါတယ် ဖိုးစိန်ရယ်၊ ငါတို့ ဗီယာနာကဖီးတိုက်မှာ အေးအေးဆေးဆေး စကားပြောကြရအောင်'

လို့ဆိုပြီးဖိုးစိန်ကို ဗီယနာကဖီးတိုက်ကို ခေါ်သွားတယ်။ ကြေးမုံဟာ ဗီယာနာကဖေးတိုက်ကို ရောက်တော့ ဖိုးစိန်ကို သူမဘဝ နောက်ကြောင်းတွေ နတ်သံနှောပြီး ပြောပြတယ်။

ကြေးမုံစကားကို အစအဆုံး နားထောင်ပြီး ဖိုးစိန်က

'နှင့်ဘဝက ၁၀နှစ်လောက်အချိန်ကာလမှာ စုံလိုက်တာဟယ်၊ အံ့သြစရာပဲ၊ ငါ့ဘဝလဲ ဒီလိုပါပဲဟယ်၊ ရွာကို ဓားပြတိုက်တဲ့နေ့က အကြောက်လွန်ပြီး ငါထွက်ပြေးရင်း မြို့ကို ရောက်သွားတယ်၊ တစ်နှစ်လောက်နေလို့ရွာကို ပြန်လာတော့မှ ရွာမှာကျန်ခဲ့တဲ့ ငါ့မိဘတွေ ဓားပြသတ်လို့သေတာ သိခဲ့ရတယ်၊ နောက်တော့ ငါလဲ ပဲခူးရိုးမမှာ အမဲလိုက်ဖို့ ရွာကို ရောက်လာတဲ့ မုဆိုးကြီးတစ်ယောက်ကို လမ်းပြလုပ်ပေးခဲ့တယ်၊ လမ်းပြလုပ်ရင်း တစ်နေ့တော့ မုဆိုးကြီးဟာ မမျှော်လင့်ဘဲ ကျားနဲ့ဆုံတွေ့ပြီး သေနတ်ကလဲ ကျည်မထွက်ဘူး၊ ဒီအချိန်မှာ ငါက ကျားကိုဓားနဲ့ခုတ်ပြီး မုဆိုးကြီးကို သက်စွန့်ကြိုးပမ်း ကယ်တင်ပေးခဲ့တယ်၊ ဒီအချိန်ကစပြီး မုဆိုးကြီးဟာ သူ့ရဲ့အသက်သခင်ကျေးဇူးရှင်လို့ သဘောထားတဲ့အတွက် ငါ့ကို ရန်ကုန်မြို့ကို ခေါ်ပြီး ကယ်တင်စောင့်ရှောက်ထားတယ်'





လို့ဆိုလိုက်တော့ ကြေးမုံက ဝမ်းသာအားရနဲ့

'သူတစ်ပါးကို သက်စွန့်ကြိုးပမ်း ကူညီလို့ ရလိုက်တဲ့အကျိုးကျေးဇူးပေါ့ဟာ၊ ဒါနဲ့ နှင်ဘယ်မှာနေသလဲ'

လို့ဆိုလိုက်တော့ ဖိုးစိန်က

'ရေတာရှည်လမ်းမှာ နေတယ်လေ၊ ငါ့ကျေးဇူးရှင် နံ့မည်က ဦးပွါးတဲ့'

လို့ဆိုလိုက်တော့ ကြေးမုံရဲ့ရင်ထဲမှာ ဒိုင်းခနဲ ဖြစ်သွားတယ်။ မိမိရန်သူတော်ကြီးနဲ့ နံ့မည်တူနေပါလား။

ကြေးမုံက မျက်မှောင်ကြုတ်ပြီး

'သူ့နံ့မည်က တစ်မျိုးပဲနော်၊ အသက်ကြီးပြီလား'

လို့မေးမြန်းလိုက်တော့ ဖိုးစိန်ကခေါင်းခါပြီး

'မကြီးသေးပါဘူးဟာ၊ သူ့အသက်က ၄၀ ဝန်းကျင်လောက်ပဲရှိဦးမယ်သူ့တစ်ကိုယ်လုံး ဆေးမင်ကြောင်တွေ ထိုးထားတယ်။သူဟာ သိုင်းပညာကို တော်တော်ဝါသနာထုံတယ်၊ နေ့စဉ်နေ့တိုင်း လေ့ကျင့်နေတတ်တယ်'

လို့ဆိုလိုက်တော့ ကြေးမုံဟာ ရင်ထဲမှာ လှုပ်ခပ်သွားတယ်။ ဖိုးစိန် ရဲ့ကျေးဇူးရှင်ကိုပွား ဆိုသူဟာ မိမိရဲ့ရန်သူတော်ကိုပွားဖြစ်နေသလား မသိ....။



www.burmeseclassic.com

www.burmeseclassic.com



ကြေးမုံဟာ ဖိုးစိန်နဲ့ လမ်းခွဲပြီး နောက်တစ်နေ့မှာ ရေတာရှည်လမ်းက ဖိုးစိန်တို့အိမ်ကို သွားကြည့်တယ်။ ဒုတိယနေ့မှာ ကိုပွားရဲ့ အရိပ်အယောင်ကို မြင်ရလို့ ရူးစိုက်ကြည့်လိုက်တော့ သစ္စာဖောက်ကိုပွားဖြစ်နေတာ တွေ့ရတယ်။ ကိုပွားကိုမြင်တော့ ကြေးမုံရဲ့သွေးတွေပွက်ပွက်ဆူလာသယောင်ခံစားရတယ်။

ကြေးမုံဟာ နောက်ရက်တွေမှာ ကမ်းနားလမ်းက စထရင်းဟော်တယ်မှာ တည်းပြီး ကိုပွားရဲ့ခြံပတ်ဝန်းကျင်ကို မသိမသာ အကဲခတ်ကြည့်တယ်။ ဒီလိုကြည့်ရင်း တစ်နေ့မှာ ခြံထဲမှာ အမှိုက်လှဲနေတဲ့ ဖိုးစိန်ဟာ ကြေးမုံကိုမြင်တွေ့သွားပြီး

'ဟဲ့..ကြေးမုံ ကြေးမုံ'

လို့ အော်ခေါ်ပြီး ခြံပြင်ထွက်လာလို့ ကြေးမုံဟာ ခြံရှေ့ကမန်းကတန်း ထွက်ခဲ့ရတယ်။ ကြေးမုံဟာ ကိုပွားရဲ့ခြံကို နောက်တစ်ကြိမ် မသွားတော့ဘူးလို့ ဆုံးဖြတ်ပြီး ပဲခူးကို ပြန်ခဲ့တယ်။

မြနှင်းဆီစာပေ



နောက်တစ်ပတ်ကြာတော့ ကြေးမုံဟာရန်ကုန်မြို့စထရင်းဟော်တယ်မှာပြန်တည်းတယ်။ ကိုပွားကို အမြန်ဆုံးကလဲစားချေပြီးရင် ရွှေသန်လျက်ကို ဆရာကြီးလင်မယားရဲ့အုတ်ဂူမှာ မြှုပ်နှံ ရဦးမယ်။ နောက်တစ်နေ့မှာ ကြေးမုံဟာ ကိုပွားဆီကို စာတစ်စောင်ရေး သားလိုက်တယ်။

*သစ္စာဖောက်ကိုပွား*

*ရွှေသန်လျက်နဲ့ ရှင့်အသက်ကို ပြန်ယူဖို့ ကျွန်မလာပြီ၊ လပြည့်ည သန်းခေါင်ယံအချိန်မှာ ငမိုးရိပ်ချောင်းနံဘေးက မနုစာရီဇရပ်ကို လာခဲ့ပါ၊ ရှင်နဲ့ ကျွန်မ သူသေကိုယ်သေ တိုက်ခိုက်ပြီးရှင်သေရင် ရွှေသန်လျက်ကို ဆရာသခင်ရဲ့ အုတ်ဂူမှာပြန်ပြီး မြှုပ်နှံမယ်၊ ကျွန်မ သေရင်တော့ အရာအားလုံး ပြီးဆုံးသွားပြီပေါ့...*

*(ကြေးမုံ)*

ကိုပွားဟာ သတ္တိကောင်းသူ ဖြစ်တဲ့အတွက် ချိန်းဆိုရာနေရာကို အရောက်လာလိမ့်မယ် ထင်တယ်။

ကိုပွားနဲ့ မကြာမီရင်ဆိုင် တိုက်ခိုက်ရတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ညကို ရောက်တဲ့အခါ ကြေးမုံဟာ ငမိုးရိပ် ချောင်းနံဘေးက မနုစာရီဇရပ်ကိုထွက်ခဲ့တယ်။ကြေးမုံဟာ သန်းခေါင်မတိုင်မီ ရောက်နေတဲ့အတွက် စိတ်လှုပ်ရှားပြီး ရွှေသန်လျက် ဆေးပေါ့လိပ်တွေကို တစ်လိပ်ပြီး တစ်လိပ် ဖွါရှိုက်ပြီး ကိုပွားကို စောင့်နေလိုက်တယ်။

သန်းခေါင်ယံအချိန်နီးတော့ လပြည့်ဝန်းရဲ့ အလင်းရောင်နဲ့ ကိုပွားရောက်လာတာတွေ့ရတယ်။ကိုပွားဟာ မနုစာရီဇရပ် လက်ရမ်းမှာ ထိုင်နေတဲ့ ကြေးမုံကို ကြည့်ပြီး

'နှင်သတိကောင်းသားပဲ ကြေးမုံ၊ ဘာပဲဖြစ်ဖြစ်၊ ဒီနေ့ည နှင်သေရတော့မယ်'

လို့ဆိုလိုက်တော့ ကြေးမုံက မဲ့ပြုံးပြုံးလိုက်ပြီး

'ဘယ်သူသေမင်းနဲ့ တွေ့ရမယ်ဆိုတာ မကြာမီလက်တွေ့သိရမယ်၊ ရွှေသန်လျက်ပါလာရဲ့လား'





လို့မေးမြန်းလိုက်တော့ ကိုပွားက ခေါင်းညိတ်ပြီး

'ပါတယ်ကြေးမုံ၊ နှင်နဲ့ငါ တစ်နေ့ ဒီလိုတိုက်ရမယ်ဆိုတာ ငါကြိုသိပြီးသားပါ'

လို့ပြောတယ်။ ကြေးမုံက လရောင်နဲ့ ထင်ထင်ရှားရှား မြင်တွေ့ရတဲ့ ကိုပွားရဲ့ မျက်နှာကို ကြည့်ပြီး

'သစ္စာဖောက်လောက်ကောင်၊ ရှင့်ကြောင့်ဆရာနဲ့ဆရာ ကတော်သေခဲ့ရတယ်၊ ဆရာကတော်ကို ကာကွယ်တဲ့ ကိုဖိုးဖြူလဲ သေဆုံးခဲ့ရတယ်၊ ဒါကြောင့် ရှင့်ကိုလက်စားချေပြီးရင် ရွှေသန်လျက်ကို ဆရာရဲ့ဂူမှာ ပြန်ပြီး မြှုပ်နှံပေးမယ်'

လို့ကြုံးဝါးလိုက်တယ်။

ကိုပွါးက ကြေးမုံကို စိတ်ရှည်ဟန် မရှိတော့ဘဲ

'တိုက်ကြရအောင် ကြေးမုံ'

လို့ဆိုပြီး အိတ်ထဲက ရွှေသန်လျက်ကို ထုတ်လိုက်တယ်။ရွှေသံလျက်ဟာ လရောင်ကြောင့် အရောင်တဖိတ်ဖိတ်လက်နေတယ်။ ကြေးမုံကို ရွှေသန်လျက်ကို တစ်သက်နဲ့ တစ်ကိုယ် မမြင်ဘူးလို့ မျက်တောင်မခတ်တမ်း ကြည့်နေမိတယ်။

ရှေးဟောင်း ရွှေသန်လျက်က ကြေးမုံကို ညို့ယူနေတယ်လို့ထင်ရတယ်။ကြေးမုံဟာအဝတ်နဲ့ ပတ်ပြီး ယူလာတဲ့ ဓားရှည်ကို ထုတ်လိုက်တယ်။ ပြီးတော့ ကိုပွါးကို အပြင်းအထန်ဝင်တိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုပွားဟာ သိုင်းပညာကို နေ့စဉ်မပြတ် လေ့ကျင့်ထားပုံရတယ်။ ကိုပွားရဲ့ပြင်းထန်သော တိုက်ကွက်များကို ကြေးမုံဟာ သတိကြီးစွာ ထားပြီးပြန်လည် ခုခံရတယ်။ ကြေးမုံကိုယ်တိုင်လဲ ဆရာကြီးဆီက ပညာကုန် ရရှိထားတဲ့အတွက် ကိုပွားဟာ ကြေးမုံကို ခက်ခက်ခဲခဲ ရင် ဆိုင်ရတယ်။

ကြေးမုံဟာ ကိုပွားလက်ထဲက ရွှေသန်လျက်နဲ့ရင်ဆိုင်ရတိုင်း လက်တွေ တုန်ယင်သွားတာ သတိထားမိတယ်။ တိုက်ခိုက်ရင်း ရွှေ သံလျက်ကြီး ပျက်စီးသွားမှာ စိုးရိမ်နေမိတယ်။ သံလျက်ကို အကောင်း ပကတိ အတိုင်းဆရာသခင်ရဲ့အုတ်ဂူမှာ မြှုပ်နှံမယ်ဆိုတဲ့ စိတ်ကြောင့် ကြေးမုံရဲ့ ဓားချက်တွေ လေးလံသွားတယ်။

ကိုပွားဟာ ကြေးမုံ စိတ်ထွေပြားနေတုန်း အပြင်းအထန် တိုက် ခိုက်လိုက်တော့ ကြေးမုံနောက်ဆုတ်ရင်း ဇရပ်ရှေ့မြေပြင်မှာလဲ ကျ သွားတယ်။ကြေးမုံဟာ သတိကြီးစွာ ထားပြီး ကိုပွားရဲ့ရွှေသန်လျက်ကို ရှောက်တိမ်းပြီး ဓားရှည်နဲ့ ကိုပွားရဲ့ရင်ဝကိုထိုးသွင်းလိုက်တယ်။

ဓားရှည်ဟာ ကိုပွားရဲ့ ရင်ဝကို စိုက်ဝင်သွားပြီး ပြင်းထန်တဲ့ တိုက်ပွဲပြီးဆုံးသွားတယ်။ကြေးမုံဟာ သေအံဆဲဆဲ ဖြစ်နေတဲ့ ကိုပွားကို ရွံရှာစွာကြည့်ပြီး

'သစ္စာဖောက် လောက်ကောင်တွေရဲ့သွားရာလမ်းကတော့ ဒါပဲ၊ ရှင့်ကို ဆရာကြီးလင်မယားနဲ့ ကိုဖိုးဖြူအတွက် လက်စားချေလိုက်ပြီ၊





မကျေနပ်ရင် နောင်ဘဝမှာ ပြန်တိုက်ပေတော့'

လို့ကြုံးဝါးပြီး မနုစာရီဇရပ်ကပြန်ထွက်လာခဲ့တယ်။ရွှေသန်လျက် ကို သစ္စာဖောက်လက်မှ မိမိလက်သို့ ပြန်လည် ရယူနိုင်ခဲ့ပြီ။ ဆရာနဲ့ ဆရာကတော်ကြီးရဲ့ဝိညာဉ်က မိမိကို ကောင်းချီးပေးမယ်လို့ ယုံကြည် နေမိတယ်။ ဆရာသခင်ရဲ့ဂူမှာ ရွှေသန်လျက်ကို မြှုပ်နှံဖို့ တာဝန်ရှိ သေးလို့ နောက်တစ်နေ့မှာပင် နယ်စပ်ဒေသကို ခရီးထွက်ရန် ကြံစည် ခဲ့တယ်။

ကြေးမုံဟာ ရန်ကုန်မြို့စုထရင်းဟော်တယ်မှာ သုံးရက်တိတိ နေထိုင်ပြီး လူသတ်မှုနဲ့ပတ်သက်လို့ သတင်းစာတွေမှာ ရေးသားထား သမျှကို ဖတ်ရှုခဲ့တယ်။ သူရိယ၊သံတော်ဆင့်၊မြန်မာ့အလင်း သတင်းစာ များက မနုစာရီဇရပ်က လူသတ်မှုနဲ့ပတ်သက်ပြီး အင်းစိန်စီအိုင်ဒီက စုံထောက်တွေ အသည်းအသန် စုံစမ်းနေကြောင်း ဖော်ပြထားတယ်။

ကြေးမုံဟာ သတင်းစာတွေဖတ်ရှုရင်း ရွှေသန်လျက်ကို စစ်ဆေး ကြည့်တော့ ရွှေသန်လျက်ရဲ့အသွားတွေ ကျိုးပဲ့ပြီး လက်ကိုင်မှာ မြှုပ်နှံ ထားတဲ့ ပတ္တမြားကြီးသုံးပွင့်မှာလဲ ပြုတ်ထွက်လု ဖြစ်နေတာ တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကြေးမုံဟာ ရွှေသန်လျက်ကြီးကို ရန်ကုန်မြို့က ပန်းတိမ်ဆိုင်တွေမှာ ပြပြင်ရင် ပုလိပ်အဖွဲ့က ဖိုပ်စားမိမှာ စိုးလို့ ဆင်ဖြူကိုင်ရွာကို သွားရင်းမော်လမြိုင်မြို့မှာ ပြုပြင်ရန်ဆုံးဖြတ်လိုက်တယ်။

ကြေးမုံဟာ မော်လမြိုင်မြို့ကို ရောက်တော့ ရွှေပန်းတိမ် ဆရာကြီးတစ်ယောက်နဲ့ သွားတွေ့ကာ ရွှေသန်လျက်ကို ပြန်လည်ပြုပြင်ခဲ့တယ်။ ရွှေပန်းတိမ်ဆရာကြီးက ရွှေသန်လျက်ကို ကြည့်ပြီးအံ့သြဟန်နဲ့

'အလွန်ရှေးကျတဲ့ သံလျက်တော်ပဲ၊ ပတ္တမြားတွေရဲ့ အရည်အသွေးလဲ ကောင်းတယ်၊ ရွှေသန်လျက်ရဲ့ သမိုင်းကြောင်းကို ပြောပြပါလား'

လို့မေးမြန်းလိုက်တယ်။ကြေးမုံက ခေါင်းခါယမ်းပြီး

'ကျွန်မ ဆရာသခင်ရဲ့ဓားဖြစ်တဲ့အတွက် ခွင့်ပြုမိန့်မရဘဲ ပြောပြခွင့် မရှိပါဘူး'

လို့ငြင်းဆန်လိုက်တယ်။ဆရာကြီးဟာ ရွှေသန်လျက်ကို ဆယ်ရက်တိတိ အချိန်ယူပြီး ပြုပြင်ပေးခဲ့တယ်။ကြေးမုံဟာ ရွှေသန်လျက်ကြီး အကောင်းပကတိ အတိုင်း ပြန်ဖြစ်သွားတာ နှစ်ထောင်းအားရလွန်းလို့ ဆရာကြီးကို ကျသင့်တာထက် ပိုပြီး ကန်တော့လိုက်တယ်။ကြေးမုံဟာ ရွှေသန်လျက်ကို လုံခြုံအောင်ထုတ်ပိုးပြီး ဆင်ဖြူကိုင်ရွာကို ပြန်ထွက်ခဲ့တယ်။





ကြေးမုံဟာ နယ်စပ်ဒေသ ဆင်ဖြူကိုင်ရွာကို ရောက်တဲ့အခါ ကျေးရူးရှင် ဒေါ်ဒေါင်းညိုကို သွားရောက်နှုတ်ဆက်ပြီး ရွာပြင်မှာ ရှိတဲ့ ဆရာနဲ့ဆရာကတော်ရဲ့ အုတ်ဂူဆီကို ထွက်ခဲ့တယ်။

ကြေးမုံဟာ အုတ်ဂူကို ပြန်လည်မွမ်းမံ လိုက်ပြီး ဆရာကြီးတို့ မျိုးရိုးစဉ်ဆက်ထိမ်းသိမ်းခဲ့တဲ့ ရွှေသန်လျက်ကို အုတ်ဂူထဲမှာ ထည့်သွင်းမြှုပ်နှံလိုက်တယ်။ အားလုံးပြီးစီးတော့ ဆရာသခင်ရဲ့ အုတ်ဂူကို ရှိခိုးကန်တော့ပြီး

'တပည့်တာဝန်ကျေပါပြီ ဆရာကြီး၊သစ္စာဖောက် ကိုပွားကို လုပ်ကြံခဲ့ပါပြီ၊ရွှေသန်လျက်ကိုလဲ ရယူခဲ့ပါပြီ၊ ဆရာကြီးရောက်လေရာဘဝက ကျေနပ်နိုင်ပါစေ'



www.burmeseclassic.com

www.burmeseclassic.com



လို့တီးတိုးရေရွတ်လိုက်တယ်။ ဒီအချိန်မှာပဲ သူမအနောက်က သစ်ရွက်တွေကို နင်းခြေသံကြားလို့ လှည့်ကြည့်လိုက်တဲ့အခါ အလွန်ယောကျ်ားပီသပြီး ညိုချင်အားကောင်းတဲ့ ယောကျ်ားတစ်ယောက်ကို သက်သောင့်သက်သာ အနေအထားနဲ့ တွေ့လိုက်ရတယ်။

ကြေးမုံက မျက်မှောင်ကြုတ်ပြီး

'ရှင် ဘယ်သူလဲ'

လို့မေးမြန်းလိုက်တယ်။ အလွန်ယောကျ်ားပီသတဲ့ လူက စီးကရက်တစ်လိပ်ကို အလွန်ကြည့်ကောင်းအောင် ဖွါရှိုက်လိုက်ပြီး

'ကျုပ်နံမည် ဆားပုလင်းမင်းအောင် လို့ခေါ်ပါတယ်။ ငမိုးရိပ်ချောင်းနံဘေးက မနုစာရီဇရပ်မှာဖြစ်တဲ့ လူသတ်မှုအတွက် မကြေးမုံကို ဖမ်းဆီးလိုက်ပါပြီ'

လို့ဆိုလိုက်တော့ ကြေးမုံဟာ အလွန်အံ့သြ သွားပြီး

'ရှင် ဒီနေရာအထိ ကျွန်မနောက်ကို လိုက်လာနိုင်တာ ချီးကျူးပါရဲ့ ဒါကြောင့်လဲ စီအိုင်ဒီမှာ အတော်ဆုံးစုံထောက် ဆိုပြီး နံမည်သတင်းကြီးနေတာကိုး၊ ဒါပေမဲ့ရှင့်လက်ထဲမှာ အသာတကြည် အဖမ်းခံမဲ့ မိန်းမထဲမှာ ကျွန်မမပါဘူးရှင့်၊ရှင့်မှာ အရည်အချင်း ဘယ် လောက်ရှိသလဲ ဆိုတာ အကဲဖြတ်ရဦးမယ်'

လို့ဆိုလိုက်တယ်။ ဆားပုလင်းမင်းအောင်က ကြေးမုံရဲ့စကားကြောင့် မျက်နှာပျက်သွားပြီး





'ကျွန်တော် မိန်းမတစ်ယောက်နဲ့ မတိုက်ခိုက်ချင်ဘူးဗျာ၊ ဒါပေမဲ့ မကြေးမုံက ဆန္ဒရှိတော့လဲ တိုက်ကြတာပေါ့ဗျာ'

လို့တည်ကြည်တဲ့ အသံနဲ့ ပြောလိုက်တယ်။ကြေးမုံဟာ ဆားပုလင်းမင်းအောင်ကို စတင်တိုက်ခိုက်တယ်။ သူတို့နှစ်ယောက်ဟာ လက်နက်မဲ့ တိုက်ခိုက်ကြပေမဲ့ တိုက်ပွဲဟာ အလွန်ပြင်းထန်တယ်။ ကြေးမုံဟာ ဆားပုလင်းမင်းအောင်နဲ့ တိုက်ခိုက်ရင်း ယှဉ်ပြိုင်ဘက်ရဲ့ အဆင့်အတန်းကို အသိအမှတ်ပြုမိတယ်။ဆားပုလင်းမင်းအောင်ဟာ စုံထောက်တစ်ယောက် ဖြစ်ပေမဲ့ တိုက်ခိုက်ရေးပညာကို အလွန်အဆင့်အတန်းမြင့်တာတွေ့ရတယ်။

ကြေးမုံဟာ တိုက်ခိုက်ရင်း ဆားပုလင်းမင်းအောင်ကို ပိုမို လေးစားလာတယ်။ ဒီလိုတိုက်ခိုက်ရင်း ဆားပုလင်းမင်းအောင်ရဲ့ချုပ် ကိုင်ခြင်းကို ခံလိုက်ရပြီး ဆားပုလင်းမင်းအောင်က သူမရဲ့ လည်မျိုကို လက်ဝါးစောင်းနဲ့ ခုတ်ဖို့ချိန်ရွယ်ထားတယ်။

ကြေးမုံဟာ ဆားပုလင်းမင်းအောင်ရဲ့ပညာကို အသိအမှတ်ပြုပြီး ရှုံးနိမ့်ခြင်းကို ကျေကျေနပ်နပ် လက်ခံလိုက်တယ်။ကြေးမုံက ဆားပုလင်းမင်းအောင်ရဲ့ခန္ဓာကိုယ်ကို တွန်းဖယ်လိုက်ပြီး

'ဆားပုလင်းမင်းအောင်....ဆားပုလင်းမင်းအောင် နံမည်ကျော်လဲ ကျော်ထိုက်ပါပေတယ်။ရှင်ဟာ လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်ဝတဲ့လူပါ'



www.burmeseclassic.com

လို့ချီးမွမ်းလိုက်တယ်။ ပြီးတော့ ဆားပုလင်းမင်းအောင်က ကြေးမုံကို ထွက်မပြေးဖို့ ခွင့်တောင်းတဲ့အတွက် ကြေးမုံက ကတိပေးလိုက်တယ်။ ဆားပုလင်းမင်းအောင်က ကြေးမုံရဲ့ကတိစကားကြောင့် လက်ထိပ်မခတ်ဘဲ ခေါ်ဆောင်လာခဲ့တယ်။

ကြေးမုံနဲ့ ဆားပုလင်းမင်းအောင်ဟာ ရန်ကုန်မြို့ကို ပြန်လာတဲ့ လမ်းမှာတစ်ဦးနဲ့တစ်ဦး ငယ်ပေါင်းကြီးဖော်တွေလို ရင်းနှီးသွားကြတယ်။

ဆားပုလင်းမင်းအောင်ဟာ ရန်ကုန်မြို့ကို ရောက်တော့ ကြေးမုံအတွက် အစစ အဆင်ပြေအောင်စီစဉ်ပေးခဲ့တယ်။ကြေးမုံအမှု အတွက် လိုအပ်တဲ့ အကျိုးဆောင်ရှေ့နေကိုလဲ ရှာဖွေပေးခဲ့တယ်။

ကြေးမုံက သူ့မအတွက် ခေါ်ဆောင်လာတဲ့ ရှေ့နေကိုကြည့်ပြီး

'ကျွန်မ လုပ်ရဲရင် ခံရဲပါတယ်၊ ဒီလို ဖြစ်မယ်မှန်း သိရက်နဲ့ ကျွန်မသွားမဲ့လမ်းကို ကျွန်မရွေးခဲ့တာပါ'

လို့ပြောခဲ့တယ်။ကြေးမုံရဲ့အမှုကို သူရိယ၊ သံတော်ဆင့်သတင်းစာကြီးတွေက တခမ်းတနား ဖော်ပြကြတယ်။အင်းစိန်စီအိုင်ဒီက





စုံထောက်ကျော်ဆားပုလင်း မင်းအောင်ကိုလည်း စုံထောက်လုပ်ဖို့ ဘုရားသခင်က ပေးသနားလိုက်တဲ့ လူဆိုပြီး ချီးမွမ်းရေးသားကြတယ်။

ကြေးမုံ အမှုစစ်ဆေးနေစဉ် သတင်းစာတိုက်များက သတင်းထောက်တွေ လွှတ်ပြီး နေ့စဉ် သတင်းယူခဲ့တယ်။တရားခွင်ကို ကြေးမုံရဲ့ မိတ်ဆွေဟောင်းတွေလဲ ရောက်လာကြတယ်။

ငယ်စဉ်က သူငယ်ချင်းတွေ ဖြစ်တဲ့ ဖိုးစိန်၊မောင်အေး၊ အုန်းမြင့်၊ လှဆွေတို့လည်း လာရောက်ကြတယ်။ စီးပွါးရေးလုပ်ဖော် ကိုင်ဘက် မမစိန်နဲ့ သူမရဲ့ ဆရာကပွဲယကြီး ဦးဖြူသီးလဲ လာရောက်ခဲ့တယ်။

ကပွဲယကြီးဦးဖြူသီးက

'ရောက်အောင်မသွားတဲ့ လူဟာ ဝေးတဲ့လမ်းဟာ ဝေးနေမှာပဲ၊ လောကမှာ ရောက်အောင်သွားဖို့လိုတယ်ကွ၊ ဘာကြောင့်လဲ ဆိုတော့ ရောက်အောင်မသွားဘဲ နောက်ကြောင်းပြန်တဲ့လူတွေ အများကြီး လေ'

လို့ဆိုလိုက်တယ်။ကပွဲယကြီးဟာ သူ့ဘဝနှင့် နှိုင်းယှဉ်ပြီး ကြေးမုံကို ပြောပြခဲ့ပုံရတယ်။ကြေးမုံရဲ့အမှုဟာ ကိုယ်ပိုင် ခံဝန်ချက်ပေးထားပေမဲ့ကြေးမုံဟာ မိန်းမသားတစ်ယောက် ဖြစ်တဲ့အတွက် ထောက်ထားညှာတာသောအားဖြင့် ထောင်ဒဏ် (၁၀)နှစ်သာ အပြစ်ဒဏ်ချမှတ်ခဲ့တယ်။

www.burmeseclassic.com



အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွါးပြီး နောက် ၁၀ နှစ်ခန့် အကြာတွင် ကျွန်ုပ်နှင့် ဆားပုလင်းမင်းအောင်သည် ရွှေတိဂုံဘုရားသို့ သွားရောက် ဖူးမြော်ရင်း ရင်ပြင်တစ်နေရာ၌ ယောဂီဝတ် မိန်းမ တစ်ယောက်ကို မြင်ဖူးသည်ထင်သဖြင့် နှုတ်ဆက်လိုက်ရာ မကြေးမုံ ဖြစ်နေလေ၏။

မကြေးမုံက ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ဦးကို ကောင်းမွန်စွာ ပြန်လည် နှုတ်ဆက်ပြီး

'ရှင်တို့နဲ့ တွေ့တာ တိုက်ဆိုင်လိုက်တာ၊ ကျွန်မ မနက်ဖြန် သီလရှင် အပြီးအပိုင် ဝတ်ပြီး ဖင်းကျိုက်တောင်ကို သွားတော့မယ်၊ ရှင့်တို့ကို နှုတ်ဆက်ခဲ့ပါတယ်'





ဟုဆိုကာ ကျွန်ုပ်တို့ အနီးမှ တရွေ့ရွေ့ ထွက်ခွာသွားလေ၏။

ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ယောက်သည် တရွေ့ရွေ့ ဝေးကွာသွားသော မကြေးမုံ၏ နောက်ကျောကို ကြည့်ပြီး ရင့်ထဲမှာ အရာတစ်ခု ဖြစ်ပေါ်လာလေ၏။ ထိုအရာသည့် ကြည်နူးချမ်းမြေ့ခြင်း ဆိုသည့် အရာပင်ဖြစ်လေတော့သတည်း။


(မည်သည့်အရာကိုမျှ သိမ်းပိုက်မထားသော)

မင်းမြတ်သူရ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com